www.burmeseclassic.com




www.burmeseclassic.com



www.burmeseclassic.com

ထုတ်ဝေသူ ဦးအောင်မြင့်၊ မြန်မာ့ အောင်မြင်စာပေ၊
အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်
၂၀၁၃ ခုနှစ် (ဩဂုတ်လ)၊ အုပ်ရေ (၅၀၀)၊


11 AUG 2014

၈၉၅.၈၃
ဩဝေ
သုံးခါဆေးသုံးခါတွက်မည့်သူ / ဩဝေ၊ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃၊
၂၄၀ - စာ၊ ၁၂.၅ x ၁၈.၅ စင်တီ။
(၁) ဩဝေ



www.burmeseclassic.com

www.burmeseclassic.com



# စာရေးသူ၏အမှာစာ

ယခုတော့ ကျွန်တော် တာဝန်တစ်ခုပြီးသွားပြီ ဟုပင် ဆိုရပေမည်။

ကျွန်တော်၏ စာရေးသားခဲ့သော သက်တမ်း တစ်လျှောက်တွင် ထူးခြားဆန်းကြယ်သောနေရာများ နှင့် ထူးခြားဆန်းကြယ်သော ပုဂ္ဂိုလ်တို့အကြောင်းများ ပါဝင်ခဲ့ပါသည်၊ ထိုအထဲမှာတော့ အဘဘိုးမင်းခေါင် အကြောင်းကိုတော့ ပြည့်စုံစွာမရေးခဲ့ရသေးပေ။

ဆောင်းပါးများနှင့် အခြား လုံးချင်းစာအုပ်များ မှာတော့ အချို့တစ်ဝက်တော့ ဖော်ပြပေးနိုင်ခဲ့သည်။

ယခုမှပင် လုံးချင်းအဖြစ်ရေးသားနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

သို့သော်လည်း ပြည့်စုံပြီဟုတော့ မဆိုချင်ပါ။

ကျွန်တော်တို့ မမီလိုက်သော ပုဂ္ဂိုလ်ထူးတစ် ယောက်အကြောင်းကို ရေးသားရာမှာတော့ လိုအပ် ချက်အချို့ရှိကောင်းရှိပါလိမ့်ဦးမည်။

အကယ်၍ ချို့ယွင်းလွဲမှားမှုများပါရှိပါက ကျွန်တော့်ကို နားလည်ခွင့်လွှတ်ပေးစေလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ယခုရေးသားသောဝတ္ထုမှာ... ဖြစ်ရပ်မှန် အကြောင်းအရာများ ကို ဝတ္ထုသဖွယ်ရေးသားခြင်း ဖြစ်သဖြင့် အချို့နေရာများမှာ ဝတ္ထု သဘောအရ ဖြည့်စွက်ရေးသားခဲ့ရသည်များလည်း ရှိပါသည်။

ဤဝတ္ထုကိုရေးသားရာမှာတော့ (၁၉၉၄)ခုနှစ် ဝန်းကျင်က နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင်..... အောင်နိုင်လင်းအမည်ဖြင့် ကျွန်တော်ရေးသားခဲ့သည့် အခန်းဆက်ဆောင်းပါးများ၊ (၂၀၀၉)ခုနှစ်က ထုတ်ဝေခဲ့ပြီးသော "နဂါးရာဇ်လိုက်ဂူ" ဝတ္ထုနှင့် မကြာသေးမီက ထုတ်ဝေခဲ့ပြီးသော Ghost Story အမှတ်(၅)စာအုပ်မှ ဆောင်းပါးအချို့ကို ပြန်လည်အသုံးပြုထားပါကြောင်း ဝန်ခံအပ်ပါသည်။

ကျွန်တော့်စာဖတ်ပရိသတ်များ ကိုယ်စိတ် နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေ။

စာဖတ်သူများ မေတ္တာရိပ်အောက်မှ...

တြိစက္က

# ဒဿနလက်ဆောင်

ကိုယ်ကျင့်တရားကောင်းခြင်းကြောင့်
အရာအားလုံးတော့ မရနိုင်ပါချေ။
တစ်ခုတော့ မလွဲမသွေရပါလိမ့်မည်။
"စိတ်ချမ်းသာခြင်း" ပင်ဖြစ်သည်။

ပန်းပင်တစ်ပင်ကို ရေလောင်းပေးရုံနဲ့ မပွင့်ပါဘူး၊
သူ့အနားမှာဝန်းရံနေတဲ့
ပေါင်းမြက်တွေကိုဖယ်ရှားပေးရပါတယ်။
မိန်းကလေးဆိုတာ အလှပြင်တတ်ဖို့ထက်
ပတ်ဝန်းကျင်ကောင်းနဲ့ ဆက်ဆံတတ်ဖို့က
ပိုပြီး အရေးကြီးပါတယ်...။



လှေလှော်ကောင်းရင်
လှေကမြန်မြန်သွားလိမ့်မယ်
ပဲ့ကိုင်မကောင်းရင်တော့
လိုရာမရောက်ဘဲ
မြစ်ထဲမှာချာလည်လည်ဖြစ်နေပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

တံခါးတစ်ချပ်ဟာ
ဖွင့်၍ရသလို၊ ပိတ်လို့လည်းရပါတယ်။
အခွင့်အရေးအတွက် တံခါးဖွင့်ထားတဲ့အခါ
မကောင်းမှုတွေလည်း ပါလာတတ်ပါတယ်၊
ဘယ်အချိန်မှာ တံခါးပိတ်ရမယ်ဆိုတာ
သိနိုင်ဖို့အရေးကြီးပါတယ်၊

ချစ်သူတစ်ယောက်ရဲ့အပြုံးကို
လက်ထပ်ခြင်းဖြင့် စစ်ဆေးကြည့်လို့ရပါတယ်၊
ချစ်ခြင်းမေတ္တာကိုတော့
အချိန်ကာလနဲ့ပဲဆုံးဖြတ်ကြရပါတယ်၊

ချစ်ခြင်းမေတ္တာဆိုတာ
တန်ဖိုးရှိတဲ့ပြဒါးနဲ့တူပါတယ်၊
သူက လှပေမယ့်
အပူလွန်ကဲမှုကိုတော့
ခံနိုင်ရည်မရှိပါဘူး၊

ဒဿနလက်ဆောင်

အပင်ပေါ်က ပန်းတစ်ပွင့်ရဲ့တန်ဖိုးဟာ
အချိန်အတော်ကြာတဲ့အထိ
ခံနိုင်ရည်ရှိပါတယ်၊
အလှတရားကို ငွေနဲ့လဲယူရင်တော့
အချိန်မတန်ခင်မှာ ကြွေမွသွားလေ့ရှိပါတယ်။

နေရောင်ခြည်ကိုကြောက်တဲ့
ပန်းပွင့်တွေဟာ ကြာရှည်မခံကြပါဘူး။
ဆူးရှိတဲ့ပန်းတွေတိုင်းဟာ
နေရောင်ခြည်ရဲ့အပူဒဏ်ကို
ကြာရှည်စွာကြံ့ကြံ့ခံနိုင်ကြပါတယ်၊

သင့်ရဲ့အပြုံးကို သင်ကိုယ်တိုင်
မမြင်ရသော်လည်း
ထိုအပြုံးကြောင့် ထုံ့ပြန်လာသော
အပြုံးများစွာကိုတော့
တွေ့မြင်ရနိုင်ပါတယ်...၊

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

အပင်ပေါ်က ပန်းတစ်ပွင့်ရဲ့တန်ဖိုးဟာ
အချိန်အတော်ကြာတဲ့အထိ
ခံနိုင်ရည်ရှိပါတယ်။
အလှတရားကို ငွေနဲ့လဲယူရင်တော့
အချိန်မတန်ခင်မှာ
ကြွေမွသွားလေ့ရှိပါတယ်။

နေရောင်ခြည်ကိုကြောက်တဲ့
ပန်းပွင့်တွေဟာ ကြာရှည်မခံကြပါဘူး။
ဆူးရှိတဲ့ပန်းတွေတိုင်းဟာ
နေရောင်ခြည်ရဲ့အပူဒဏ်ကို
ကြာရှည်စွာကြံ့ကြံ့ခံနိုင်ကြပါတယ်။

သင့်ရဲ့အပြုံးကို သင်ကိုယ်တိုင်
မမြင်ရသော်လည်း
ထိုအပြုံးကြောင့် တုံ့ပြန်လာသော
အပြုံးများစွာကိုတော့
တွေ့မြင်ရနိုင်ပါတယ်...။

BURMESE CLASSIC .com

# ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း(၁) – ဝိဇ္ဇာမရနိဒါန်း
အခန်း(၂) – လိပ်စာမလိုသောဝိဇ္ဇာများ
အခန်း(၃) – တောင်ကလပ်ပေါ်မှာတွေ့ရသည့် ပုဂ္ဂိုလ်ထူး
အခန်း(၄) – အချစ်အတွက်ကြောင့်ကြေကွဲခဲ့ရသူ
အခန်း(၅) – ရွှေညောင်တာဝက စောင့်လင့်ကြပေရော့
အခန်း(၆) – ဦးမင်းခေါင် (သို့မဟုတ်) ဘိုးမင်းခေါင်
အခန်း(၇) – စင်မြင့်ရွာမှ သိဒ္ဓိရှိသောသူ
အခန်း(၈) – ခရှချောင်းမှပုဂ္ဂိုလ်ထူးများ
အခန်း(၉) – ပဟေဠိဆန်သော လူထူးလူဆန်း
အခန်း(၁၀) – သိဒ္ဓိတန်ခိုးဖြင့်အကျိုးများစေသူ
အခန်း(၁၁) – ရွှေလီမြစ်ကမ်းမှ အစွမ်းပြသူ
အခန်း(၁၂) – ဝိဇ္ဇာပေးသော ဂမုန်းနက်ပင်
အခန်း(၁၃) – ကျောက်ပန်းတောင်းဂိတ်မှဖြစ်ရပ်ဆန်း
အခန်း(၁၄) – ရွှေငွေသုံးပိဿာဖြင့်တင်တောင်းရသော သတို့သမီး
အခန်း(၁၅) – စေတနာကဲ့သို့အကျိုးပေးကြသူများ
အခန်း(၁၆) – မီးလောင်ပုံးမခံသော ရွှေညောင်ပင်
အခန်း(၁၇) – ရွှေညောင်ပင်မြားပစ်ဓားထစ်လို့စောင့်မည့်သူ


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

## ဗိဿကာဓရနိဒါန်း

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာသို့ ခင်မင်ရင်းနှီးသော မိတ်ဆွေကြီးတစ်ယောက် ရောက်လာလေသည်။

ထိုမိတ်ဆွေမှာ ကျွန်ုပ်နှင့် နှစ်ပေါင်းများစွာကတည်းက ခင်မင်ရင်းနှီးခဲ့ကြသော ဦးမင်းဟန်ဆိုသူပင်ဖြစ်လေသည်။

လွန်ခဲ့သော(၁၅)နှစ်ခန့်က ဂမ္ဘီရစာပေများကို ဦးစားပေး ဖော်ပြခဲ့သည့် မဂ္ဂဇင်းတစ်စောင်၌ အလုပ်လုပ်နေကြစဉ်က သူနှင့်ခင်မင်သိကျွမ်းခဲ့ခြင်းဖြစ်သည်။

☺ အောင်မြင်စာစဉ် ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က မဂ္ဂဇင်းများတွင် ထူးခြားဆန်းကြယ်သော အကြောင်းအရာများကို 'ဂမ္ဘီရ' စာပေအဖြစ် ခေါင်းစဉ်တပ်ကာ ရေးသားထုတ်ဝေခဲ့ရာ လူကြိုက်များခဲ့ကြသည်။

ရှေးဟောင်းနေရာများ၊ စေတီပုထိုးများမှ ထူးခြားသော အကြောင်းအရာများ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များအကြောင်း၊ အကျင့်စရဏနှင့်ပြည့်စုံသော ရဟန်းသံဃာများအကြောင်း၊ တိုင်းရင်းဆေးဆရာကြီးများအကြောင်းနှင့် ၎င်းတို့အသုံးပြု သောဆေးနည်းများ၊ ကုထုံးများကို ရှာဖွေရေးသားဖော်ပြပေး ခဲ့ရာ စာဖတ်ပရိသတ်များအတွက်ရော စာအုပ်ထုတ်ဝေသူများပါ အကျိုးရှိခဲ့လေသည်။

ထိုအချိန်က စာအုပ်တစ်အုပ်တန်ဖိုးမှာ (၅၀)ကျပ်ခန့် သာရှိပြီး အုပ်ရေ ခြောက်သောင်းကျော်၊ ခုနစ်သောင်းလောက် အထိ ရိုက်နှိပ်ထုတ်ဝေခဲ့ရသည်။

ထိုအချိန်က ကျွန်ုပ်သည် နယ်လှည့်အယ်ဒီတာတာဝန် ယူထားခဲ့ရာ မြန်မာပြည်အနှံ့အပြားသို့ ခရီးထွက်ခဲ့ရလေသည်။

မဂ္ဂဇင်းတိုက်မှ ကုန်ကျသောခရီးစရိတ်ပေးသဖြင့် စိတ် ရှိတိုင်းသွားခဲ့ရာ မရောက်ဖူးသောနေရာမရှိအောင် သွားလာခဲ့ သည်။

နေရာအနှံ့ရောက်ခဲ့သဖြင့် ထူးဆန်းသောအကြောင်း အရာမျိုးစုံတို့နှင့်လည်း ထိတွေ့ခဲ့ရသည်။

ထူးဆန်းသောပစ္စည်းများ၊ ထူးခြားသောပုဂ္ဂိုလ်များ၊ အံ့ဩဖွယ်ကောင်းသော ပညာရပ်များကိုလည်း တွေ့ရကြုံရလေ





သည်။

သိဒ္ဓိပေါက်နေပြီး ဝိဇ္ဇာအဆင့်ရောက်နေသူများနှင့် တွေ့ခဲ့ရသော်လည်း အတွေ့အကြုံ နုနယ်သေးသောကြောင့် ဝိဇ္ဇာကိုတွေ့သော်လည်း ဝိဇ္ဇာမှန်းမသိခဲ့ရသည်မျိုးလည်း ရှိပါ သည်။

နောက်ပိုင်း တဖြည်းဖြည်းပြန်စဉ်းစားကြည့်တော့မှ မိမိ အနေဖြင့် အတော်ကလေးညံ့မှန်း သိရလေသည်။

ကျွန်ုပ်သွားခဲ့သော ခရီးစဉ်များထဲတွင် ဝိဇ္ဇာပုဂ္ဂိုလ်တို့၏ ဘူမိနက်သန်နေရာမှန်များလည်း အပါအဝင်ဖြစ်သည်။

အဘဘိုးဘိုးအောင် ထွက်ရပ်ပေါက်ခဲ့သော ရွှေရောင် တော်ဘုရား၊ အဘအောင်မင်းခေါင်၏ ဇာတိဖြစ်သော စင်မြင့် ရွာ၊ ယက္ကန်းစင်တောင်ဆရာတော်ကြီး၏ ယက္ကန်းစင်တောင် အပါအဝင် နေရာအတော်များများသို့ ရောက်ခဲ့ဖူးသည်။

ပုဂ္ဂိုလ်ထူးများ၏ ဘူမိနက်သန်သောနေရာများသို့ ရောက်သောအခါ အံ့ဩဖွယ်ရာကောင်းသော အကြောင်းအရာ အမျိုးမျိုးတို့နှင့်လည်း တွေ့ရကြုံရသည်။

ယခုအခါ နယ်လှည့်အယ်ဒီတာအလုပ်မှ အနားယူခဲ့ သည်မှာ ဆယ်နှစ်ကျော်ခဲ့ပြီဖြစ်သော်လည်း ထိုအကြောင်းအရာ များကို အမှတ်ရနေဆဲပင်ဖြစ်သည်။

ယခုနောက်ပိုင်း လုံးချင်းဝတ္ထုများ ရေးသားထုတ်ဝေ သောအခါ အောင်မြင်မှုရခဲ့ခြင်းအကြောင်းအရာများထဲတွင် ထိုအတွေ့အကြုံများကို အခြေခံကာ ပြန်လည်ရေးသားခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပင် ဖြစ်ပါသည်။

ကျွန်ုပ်ရေးသားခဲ့သော အကြောင်းအရာများမှာ စိတ်ကူးဖြင့်ရေးသားမှုမရှိလှဘဲ ထိုအကြောင်းအချက်များကို အခြေခံကာ ရေးသားခဲ့ခြင်းက ပိုများပါသည်။

အများအားဖြင့်တော့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များနှင့် ထူးခြားသောပုဂ္ဂိုလ်များအကြောင်းကို ရေးသားရာတွင် များစွာဂရုပြုရပါသည်။

လက်လှမ်းမီသမျှ စာအုပ်စာတမ်းများကို လေ့လာဖတ်ရှုရုံမကဘဲ မိမိကိုယ်တိုင်ရောက်ခဲ့စဉ်က အကြောင်းအရာများကို ကြည့်ရှုပြီး ညှိနှိုင်းရေးသားရပါသည်။

ကျွန်ုပ်အနေနှင့် ဝိဇ္ဇာများအကြောင်း ရေးသောအခါ ဝိဇ္ဇာတို့နှင့်ပတ်သက်သော အကြောင်းအရာများကို ပြည့်စုံအောင် လေ့လာဖြစ်သဖြင့် စာရေးသားသောအခါ များစွာအထောက်အပံ့ရခဲ့လေသည်။

ယခုရောက်လာသော ဦးမင်းဟန်မှာ ကျွန်ုပ်နှင့် အသက်အရွယ်မတိမ်းမယိမ်းရှိပြီး မင်္ဂဇင်းတိုက်မှာအလုပ်လုပ်စဉ်က အတူတကွရှိခဲ့လေသည်။

ခရီးဝေးထွက်သော အခါများတွင်လည်း အတော်များများလိုက်ပါနိုင်သူ ဖြစ်သည်။

ထိုစဉ်က မင်္ဂဇင်းဖြန့်ချိပြီးလျှင် တစ်လတစ်ခေါက်တော့ ခရီးထွက်ဖြစ်ကြသည်။

မြန်မာပြည်နေရာအနှံ့အပြားမှာရှိသည့် ထူးခြားသော နေရာများ၊ ဘုရား၊ စေတီများ၊ ထူးခြားသောပုဂ္ဂိုလ်များရှိရာသို့ အရောက်သွားခဲ့ကြသည်။

ကိုယ့်ကားနှင့်ကိုယ်သွားခဲ့ကြခြင်းဖြစ်သဖြင့် သွားချင်သည့်နေရာရောက်သည်အထိ သွားနိုင်ခဲ့ကြခြင်းဖြစ်၏။ ထိုအချိန်က ဦးမင်းဟန်သည် ကျွန်ုပ်တို့နှင့်လက်တွဲဖော်တစ်ဦးဖြစ်ခဲ့ပေသည်။

ကျွန်ုပ်အနေဖြင့် မိုးတစိမ့်စိမ့်နှင့် အားလပ်နေသောအချိန်ဖြစ်ရာ ယခုကဲ့သို့ စကားပြောဖော်တစ်ယောက် ရောက်လာသောကြောင့် များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိလေသည်။

"အလို. . . ဦးမင်းဟန်ပါလား၊ ဘယ်ကနေဘယ်လိုရောက်လာတာလဲဗျ. . . လာဗျာ"

ဦးမင်းဟန်က ရေစိုနေသောထီးကို အပြင်မှာထောင်ထားခဲ့ပြီး အတွင်းသို့ဝင်လာသည်။

သူသည် အပေါ်အောက်အညိုရောင် အင်္ကျီလုံချည်တို့ကို ဝတ်ဆင်ထားပြီး လွယ်အိတ်ကြီးတစ်လုံး လွယ်ထားလေသည်။ ဧည့်ခန်းသို့ရောက်သောအခါ လွယ်အိတ်ကြီးကို အခြားထိုင်ခုံတစ်လုံးပေါ်မှာတင်ပြီး ဝင်ထိုင်လိုက်သည်။

ကျွန်ုပ်က လက်ဖက်ရည်တစ်ခွက်ထည့်ပြီး ပေးလိုက်သောအခါ သောက်နေသည်။

"မတွေ့ရတာတောင် အတော်ကြာပြီနော်"

"လူချင်းမတွေ့ကြရပေမယ့် ခင်ဗျားရေးတဲ့စာအုပ်တွေ







www.burmeseclassic.com

www.burmeseclassic.com



တော့ အမြဲဖတ်ရပါတယ်၊ ဟိုတုန်းကရေးခဲ့တဲ့ ဆောင်းပါးတွေ ဝတ္ထုတွေက အခုတော့ လုံးချင်းဝတ္ထုတွေ ဖြစ်လာတာပေ့ါနော်"

"မှန်ပါတယ်ဗျာ. . ဒီအတိုင်းပါပဲ"

"ဒါထက် ခင်ဗျားတလောကရေးခဲ့တဲ့ အဘဘိုးဘိုးအောင်အကြောင်း အခြေခံပြီးရေးထားတဲ့ စာအုပ်ကလေးကတော့ အတော်ကောင်းတယ်ဗျို့၊ ကျုပ်တို့လိုလူတွေအတွက်တော့ အကိုက်ပဲ"

"ဒါထက် ခင်ဗျားက အခုဘာတွေလုပ်နေလို့လဲ ပြောပါဦး"

"ကျုပ်လည်း အိမ်ကိစ္စတွေပြန်မကြည့်ရတော့ လွယ်အိတ်တစ်လုံးနဲ့ ဘုရားစုံ၊ နေရာစုံလှည့်ပြီး အဓိဋ္ဌာန်ဝင်နေတာပေ့ါဗျာ၊ အခုလည်း ငါးထပ်ကြီးဘုရားမှာ အဓိဋ္ဌာန်ဝင်ပြီးတော့ ခင်ဗျားကို အမှတ်ရတာနဲ့ လှည့်ဝင်လာခဲ့တာ"

"ကောင်းတာပေ့ါဗျာ၊ လုပ်နိုင်သမျှတော့ ကိုယ့်နောက်ပါတာပေ့ါ၊ ကျုပ်ကတော့ စိတ်ကသာရှိနေပေမယ့် အလုပ်တွေကမအားရတော့ မယ်မယ်ရရမလုပ်နိုင်သေးပါဘူးဗျာ"

"ဒီလိုလည်းဘယ်ဟုတ်ပါ့မလဲ၊ ခင်ဗျားကိုယ်တိုင် မလုပ်နိုင်သေးပေမယ့် သူများတွေလုပ်နိုင်ဖို့ စာနဲ့ရေးပြီးလမ်းညွှန်ပေးနေတာပဲ. . ၊ ဒါလည်း ကိုယ်တိုင်လုပ်သလိုပဲပေ့ါ. ."

"ဒါပေမယ့် ကိုယ်တိုင်လုပ်တာနဲ့တော့ ဘယ်တူပါ့မလဲ ဦးမင်းဟန်ရယ်. ."

"လုပ်နိုင်တော့ လုပ်ပေ့ါဗျာ. . ဒါပေမယ့် သေမင်းနဲ့က





အချိန်းအချက်မရှိလေတော့ သူမခေါ်ခင် လုပ်နိုင်တဲ့အချိန် လုပ်တာကတော့ အသေချာဆုံးပဲ. ."

"ဒါကတော့ မှန်ပါတယ်"

ဦးမင်းဟန်က သောက်လက်စလက်ဖက်ရည်ပန်းကန်ကို စားပွဲပေါ် ချထားလိုက်ပြီးမှပြောသည်။

"ကျုပ်လာတာ အခြားအကြောင်းမဟုတ်ဘူး စာရေးဆရာရဲ့. . ခင်ဗျားကိုမေးစရာရှိလို့ လာတာပါ. ."

"မေးပေ့ါဗျာ၊ သိတဲ့အကြောင်းအရာဆိုတော့လည်း ပြောပြပေးမှာပေ့ါ"

"တခြားတော့မဟုတ်ပါဘူး. . ခင်ဗျားက အရင်ကတည်းက နေရာအနှံ့သွားပြီး ဝိဇ္ဇာတွေနဲ့ပါ တွေ့ခဲ့ရသူဆိုတော့ ဒီအကြောင်းတွေသိမှာပေ့ါ"

"အင်း. . သိတန်သရွေ့တော့သိပါတယ်"

"ကျုပ်ကလည်း ဒီလမ်းစဉ်ကို စိတ်ဝင်စားနေတဲ့သူ ဆိုတော့ ဒီအကြောင်းတွေကို သိချင်နေလို့ပါ၊ လောကီဝိဇ္ဇာလမ်းမှာ ဘယ်နှမျိုးလောက်ရှိသလဲဗျ. ."

"ကျွန်တော်လေ့လာထားသလောက်ပြောရရင်တော့ ဝိဇ္ဇာတွေကတော့ အမျိုးအစားများကြီးရှိတယ်ဗျ၊ ဒီအထဲမှာမှ အနှစ်ချုပ်လိုက်ရင်တော့ (၅)မျိုးပဲရှိပါတယ်. ."

"ဘာတွေများလဲဗျ. ."

ထိုအခါကျွန်ုပ်က လေ့လာထားသော ဝိဇ္ဇာ(၅)မျိုး အကြောင်းကို သင့်တော်သလောက် ပြောပြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(က) အသိဝိဇ္ဇာ
(ခ) အတတ်ဝိဇ္ဇာ
(ဂ) အကျင့်ဝိဇ္ဇာ
(ဃ) လောကီဝိဇ္ဇာ
(င) လောကုတ္တရာဝိဇ္ဇာဟူ၍ ငါးပါးရှိပေသည်။

(က) အသိဝိဇ္ဇာဆိုသည်မှာ စာပေကျမ်းဂန်၊ ပိဋကတ်စာပေများကို နှံ့စပ်ကျွမ်းကျင်သောပုဂ္ဂိုလ်မျိုးကို အသိဝိဇ္ဇာဟု သတ်မှတ်ကြသည်။

ထိုမှတစ်ဆင့် ကျင့်ကြံပွားများအားထုတ်ကြ၍ အကြားအမြင်ရပြီး အသိဉာဏ်ပေါက်သော ပုဂ္ဂိုလ်များ၊ မနောမယသိဒ္ဓိပေါက်သောပုဂ္ဂိုလ်များ၊ အသိဉာဏ်(၅)ပါး၊ အသိဉာဏ်(၆)ပါး ပေါက်မြောက်ထိမြင်သော ပုဂ္ဂိုလ်မျိုးကို အသိဝိဇ္ဇာဟုသတ်မှတ်ကြသည်။

(ခ) အတတ်ပညာဝိဇ္ဇာဆိုသည်မှာ အတတ်ပညာတစ်ခုခုတို့ကို ကျွမ်းကျင်ပေါက်မြောက်သူတို့ကို 'အတတ်ဝိဇ္ဇာ' ဟု ခေါ်ဝေါ်သတ်မှတ်ကြသည်။

အတတ်ပညာကတော့ အမျိုးအစားများစွာရှိသည်။

ဆေးအတတ်၊ အင်းအတတ်၊ ဗေဒင်အတတ်၊ ပြဒါးသံအတတ်တို့ကို ပေါက်မြောက်သည်အထိ တတ်မြောက်သူကို အတတ်ဝိဇ္ဇာဟု သတ်မှတ်ကြသည်။

(ဂ) အကျင့်ဝိဇ္ဇာဆိုသည်မှာ ဒါနတရား၊ သီလတရားတို့ကို အခြေခံ၍ အဓိဋ္ဌာန်ကျင့်စဉ်များကို ပေါက်မြောက်အောင်





ကျင့်ကြံအားထုတ်သူကို အကျင့်ဝိဇ္ဇာဟုခေါ်ဆိုနိုင်သည်။

ဗုဒ္ဓဂုဏ်တော်ကိုးပါးအပါအဝင် ဂုဏ်တော်များကို ရည်မှန်းပြီး ကျင့်ကြံနေသူများ၊

ကသိုဏ်း(၁၀)ပါးထဲမှ တစ်ပါးပါးကို ကျင့်ကြံအားထုတ်ပြီး ပေါက်မြောက်အောင်ပြုလုပ်နိုင်ပါက အကျင့်ဝိဇ္ဇာဟု သတ်မှတ်နိုင်ပါသည်။

(ဃ) လောကဝိဇ္ဇာဆိုသည်မှာ လောကီအတတ်ပညာများဖြင့် သတ္တဝါများကို အန္တရာယ်ကိုဖယ်ခွာပေးနိုင်ခြင်း၊ ရောဂါဝေဒနာများ၊ မကောင်းမှုမှန်သမျှတို့ကို ဖယ်ရှားပေးနိုင်ပြီး ကျန်းမာချမ်းသာမှုရအောင် ကူညီစောင့်ရှောက်ပေးနိုင်သူတို့ကို 'လောကီဝိဇ္ဇာ' ဟုခေါ် ဆိုနိုင်ပေ၏။

ထိုပုဂ္ဂိုလ်များမှာ သိဒ္ဓိဆယ်ပါးထဲမှ တစ်ပါးပါးသော သိဒ္ဓိကို ရရှိမှသာလျှင် 'လောကီဝိဇ္ဇာ' ဟုခေါ်ဆိုထိုက်ပေသည်။

(င) လောကုတ္တရာဝိဇ္ဇာဆိုသည်မှာ သမထတရားကို ကျော်လွန်၍ (၃၁)ဘုံဝဋ်ဆင်းရဲမှလွတ်မြောက်အောင် ဝိပဿနာတရားတို့ကို ကျင့်ကြံအားထုတ်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရရှိသည်အထိ နိဗ္ဗာန်ကို မျက်မှောက်ပြုကာ ကျင့်ကြံအားထုတ်နေသူများကို လောကုတ္တရာဝိဇ္ဇာဟု ခေါ်ဆိုထိုက်ပေသည်။

"အဲဒီဝိဇ္ဇာငါးမျိုးကမှ အဆင့်အမျိုးမျိုးနဲ့ပွားလိုက်တဲ့အခါ အများကြီးထွက်လာပြီး ဝိဇ္ဇာပေါင်းရှစ်သောင်းလေးထောင် ဖြစ်သာတာပေါ့ဗျာ. . "

"ဒီငါးမျိုးအပြင် နောက်ထပ်ရှိသေးသလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါသေးတယ်. . အင်္ဂဝိဇ္ဇာမိုရ်၊ ဇော်ဂျီဝိဇ္ဇာမိုရ်၊ တပသီဝိဇ္ဇာမိုရ်၊ သေသဝိဇ္ဇာမိုရ်၊ ဂါထာဝိဇ္ဇာမိုရ် ဆိုပြီး ငါးမျိုးခွဲထားတာလည်း ရှိသေးတယ်"

"နောက်ထပ် ဘာတွေကျန်သေးသလဲဗျ. . "

"အဲဒီမှာ ဂန္ဓာရီဝိဇ္ဇာမိုရ်တွေလည်း ရှိသေးတယ်၊ အဲဒီဝိဇ္ဇာတွေမှာမှ ဆေးဝိဇ္ဇာ၊ အင်းစမဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာဆိုပြီး ဝိဇ္ဇာကြီးလေးပါးကိုလည်း ခွဲထားတာရှိသေးတယ်၊ ဝိဇ္ဇာလောကမှာ ထင်ရှားတဲ့ အဘဘိုးဘိုးအောင်ဆိုရင် အင်းစမအတတ်နဲ့ ထွက်ရပ်ပေါက်တာဆိုတော့ အင်းစမဝိဇ္ဇာလို့ ခေါ်ဆိုထိုက်တာပေါ့"

"ဒါဖြင့် အဘအောင်မင်းခေါင်ကရော ဘယ်လိုဝိဇ္ဇာမျိုးလို့ သတ်မှတ်ကြသလဲ"

"အဘဘိုးမင်းခေါင်ကိုတော့ အကျင့်စရဏနဲ့ပေါက်မြောက်ခဲ့တဲ့ပုဂ္ဂိုလ်မို့ အကျင့်ဝိဇ္ဇာလို့ ခေါ်ဆိုနိုင်ပါတယ်. . "

"ဒါထက် စကားမစပ်၊ ခင်ဗျား နယ်လှည့်အယ်ဒီတာဘဝတုန်းက အဘရဲ့မွေးရပ်ဇာတိ စင်မြင့်ရွာရောက်ခဲ့သေးတယ်မဟုတ်လား. . . "

"ရောက်ခဲ့ရုံဘယ်ကပါ့မလဲ. . အဲဒီစင်မြင့်ရွာမှာ အခုအချိန်ထိရှိနေကြသေးတဲ့ အဘရဲ့ဆွေမျိုးသားချင်းတွေအချို့နဲ့ တွေ့ခဲ့သေးတယ်၊ အဘရှိစဉ်က ကိုးကွယ်ခဲ့တဲ့ ဒက္ခိဏသာခါရုပ်ပွားတော်လည်း ဖူးခဲ့ရတယ်. . ၊ အဘပိုင်ဆိုင်တဲ့ထန်းတောလည်း ရောက်ခဲ့ရပါသေးတယ်. . "





"ဒါဖြင့် သူနဲ့ပတ်သက်ပြီး ထူးဆန်းတာတွေ အတော်များများ သိခဲ့ရမှာပေါ့နော်"

"အဲဒီနေရာအပြင် ပုပ္ပားတောင်ကလပ်ရောက်တော့ အဘနဲ့ပတ်သက်တဲ့အကြောင်းတွေကို အတော်များများထပ်ပြီး သိခဲ့ရသေးတယ်. . . "

"ဒီလိုဖြင့် ခင်ဗျားတွေ့ကြုံကြားသိခဲ့ရတဲ့ အကြောင်းတွေကို လုံးချင်းတစ်အုပ်လောက်တော့ ရေးသင့်တာပေါ့ဗျာ"

"မဂ္ဂဇင်းထဲမှာတော့ အတော်များများရေးခဲ့ပြီးပါပြီ၊ 'ရွှေညောင်ပင်မြားပစ်၊ ခားထစ်လို့စောင့်မယ်' ဆိုတဲ့ခေါင်းစဉ်နဲ့ ရေးခဲ့တဲ့ ဆောင်းပါးရှည်လည်းရှိပါတယ်. . "

"ဒါပေမယ့် ဝတ္ထုရေးတာနဲ့တော့ ဘယ်တူပါ့မလဲဗျာ၊ ဝတ္ထုရေးတာက ပိုပြီးပြည့်စုံမှာပေါ့၊ ခင်ဗျားအနေနဲ့ အဘဘိုးဘိုးအောင်အကြောင်း၊ ဟားမဲ့ဆရာတော်ကြီးရဲ့အကြောင်းတွေတောင် ဝတ္ထုအနေနဲ့ရေးခဲ့ပြီးမှတော့ အဘအောင်မင်းခေါင်အကြောင်းကိုလည်း ရေးမှ တာဝန်ကျေပွန်မှာပေါ့"

ဟု ပြောလေရာ ကျွန်ုပ်လည်း သင့်တော်သောအချိန်တွင် ရေးသားပါမည့်အကြောင်း ဝန်ခံလိုက်ရလေသည်။

ထို့နောက်မှာတော့. . . ဦးမင်းဟန်လည်း အခြားအကြောင်းများကိုပြောဆိုပြီး အပြင်ဘက်၌ မိုးစဲသွားသောအခါ ကျွန်ုပ်ကိုနှုတ်ဆက်ပြီး ပြန်သွားလေတော့သည်။

ကျွန်ုပ်လည်း ဦးမင်းဟန်တစ်ယောက် တကူးတကလာရောက်ပြောဆိုသွားခြင်းမှာ အကြောင်းမဲ့မဟုတ်တန်ရာဟု တွေး



www.burmeseclassic.com

www.burmeseclassic.com



တောမိသဖြင့် ထိုအကြောင်းကိုရေးသားရန် ပြင်ဆင်ရလေတော့သည်။

သို့ကြောင့် ယခုရေးသားသော (သုံးခါသေ သုံးခါထွက်တဲ့သူ) ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း ဖြစ်ပေါ်လာခဲ့ရပေတော့သည်။





# အခန်း(၂)

# လိပ်စာမလိုသော ဝိဉာဉ်များ

ပုပ္ပားတောင်သည် မြန်မာနိုင်ငံအတွင်းရှိ တောင်မြင့်ကြီးများစာရင်းတွင် မပါဝင်သော်လည်း ထင်ရှားသောတောင်၊ လူသိများသောတောင်များတွင် တစ်ခုအပါအဝင်ဖြစ်ပေသည်။

ထို့ပြင် သက်တမ်းအရင့်ဆုံး တောင်ကြီးများ၌လည်း ပါဝင်လေသည်။

ပုပ္ပားတောင်ဟူသော အမည်အပြင် အခြားအမည်တွဲသုံးမျိုးလည်း ရှိပေသေးသည်။ ၄င်းတို့မှာ. . .



www.burmeseclassic.com

www.burmeseclassic.com



(၁) ပုဗ္ဗတောင်

(၂) ပုပ္ပတောင်

(၃) ပါးပုတ်တောင် ဟူသော အမည်သုံးမျိုးဖြစ်သည်။

ပုဗ္ဗတောင်ဟူသောဝေါဟာရမှာ ယုန်လွှတ်ကျွန်းအရှေ့အရပ်၌ ရှိသဖြင့် ခေါ်ဆိုသောအမည်ဖြစ်သည်။

ရှေးဘုရင်တို့ထီးနန်းစိုက်ရာ ပုဂံပြည်၏ ပုဗ္ဗ(အရှေ့အရပ်)အရပ်၌ရှိသောကြောင့် ပုဗ္ဗတောင်ဟုခေါ်ဆိုခြင်းပင်ဖြစ်၏။

ပုပ္ပတောင်ဟူသောအဓိပ္ပါယ်မှာ ပုပ္ပားတောင်တွင် ပန်းမျိုးစုံပေါလှသောကြောင့် ခေါ်ဝေါ်ကြသည့် အမည်ဖြစ်လေသည်။

ပါးပုတ်တောင်ဟူသော ဝေါဟာရမှာ ပါးစပ်ရာဇဝင်တစ်ခုရှိခဲ့ပြီး ပါးပုတ်၊ ပုပ္ပါးဟူသော ဝေါဟာရဖြစ်လာခဲ့ပေသည်။

ပုပ္ပားတောင်သည် မြင်းခြံခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှာပါဝင်ပြီး ပုဂံမြို့ဟောင်းနှင့် မဝေးလှပေ။ အမြင့်ပေမှာ အမြင့်ဆုံးမှန်ပြတောင်အထိ (၄၉၈၀)ပေရှိသည်ဟု ဖော်ပြထားသည်။ အချင်းမှာ (၁၂၀)မိုင်ရှည်လျားလေသည်။

ပုပ္ပားတောင်မကြီးအကြောင်းကို ရေးသားလျှင် ၎င်းနှင့်ဆက်စပ်နေသော ထူးခြားသည့်နေရာများစွာတို့လည်း အများအပြား ရှိပေသည်။

တောင်များ၊ ကုန်းများ၊ အိုင်များ၊ ကန်များလည်း ရှိပေသေးသည်။ ထိုသို့ဝန်းရံနေသော နေရာများမှာလည်း ထူးထူးခြားခြား ကိုးနဝင်းကြေနေရာများ ဖြစ်နေတတ်သည်။





ပလ္လင်ကိုးဆင့်၊ တောင်ကိုးတောင်၊ ကုန်းကိုးကုန်း၊ အိုင်(ဒေသခံများက အိုင့်ဟုရေးသည်) ကိုးအိုင်၊ ကန်ကိုးကန်၊ အောင်မြေကိုးဌာနဟူ၍ အသီးသီးရှိကြလေသည်။

ထို့ပြင် ပုပ္ပားတောင်နှင့်ပတ်သက်ပြီး အောင်မြေကိုးဌာနအပြင် အံ့ဖွယ်ကိုးပါးလည်း ရှိပေသေးသည်။

ပုပ္ပားတောင်သို့သွားရောက်ကာ ဝိဇ္ဇာလမ်းစဉ်အတွက် အဓိဋ္ဌာန် ဝင်ကြသူတို့မှာ အောင်မြေကိုးဌာနသို့ ပြည့်အောင်ဝင်ကြရလေသည်။ ၎င်းအောင်မြေကိုးဌာနတို့မှာ. . .

(၁) သီလတောင်ဟုခေါ်သော ဘဇာယနတောင်

(၂) နွားပြာတောင်ဟုခေါ်သော လွမ်းတောင်

(၃) နဂါးရာဇ်တောင်ဟုခေါ်သော မျှော်တော်ယောင်တောင်

(၄) ကျောက်တင်းတိမ်

(၅) ရသေ့တောင်

(၆) သမဲကျင်း

(၇) မှန်ကင်းတောင်(အထက်တောင်)

(၈) ဇေယျသခ်ကုန်း

(၉) မှန်ကင်းအောက်တောင် စသည်တို့ဖြစ်ကြသည်။

ထို့ပြင် ပုပ္ပားတောင်မကြီးကို ဝန်းရံနေကြသောတောင်များတွင် ထင်ရှားသောတောင်များလည်း ရှိကြသည်။

ထိုအထဲတွင် လူသိများသော တောင်ကလပ်လည်းအစ်နေရာအပါအဝင်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ပုပ္ပားတောင်' ဟုပြောလိုက်သည်နှင့် တောင်မကြီးကိုပင် သတိမထားမိပဲ တောင်ကလပ်ကို ချက်ချင်းသတိထားမိကြသည်။

ပုပ္ပားတောင်သို့ အဓိဋ္ဌာန်ဝင်ရန်သွားမည်၊ ဘုရားဖူးသွားမည်ဆိုပါက တောင်မကြီးရှိရာထက် တောင်ကလပ်ရှိရာသို့သာ ဦးတည်သွားကြသည်ကများသည်။

တောင်ကလပ်ဟူသောအဓိပ္ပါယ်မှာ အစုအဝေးဖွဲ့သောနေရာတစ်ခုဟု ခေါ်ဆိုရပေသည်။

ခေတ်မီသောနေရာများမှာ ဂေါက်ကလပ်၊ နိုက်ကလပ်၊ ပျော်ပွဲစားကလပ်များ တည်ထောင်ဖွင့်လှစ်ကြသကဲ့သို့ တောင်ကလပ်ကတော့ အရက်သမား၊ အပျော်အပါးလိုက်စားသူများ လာလေ့မရှိဘဲ အဓိဋ္ဌာန်ဝင်သူများ၊ သူတော်ကောင်းများ စုဝေးဆုံတွေ့ရာတောင် ဖြစ်သဖြင့် တောင်ကလပ်ဟုခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ထူးထူးခြားခြား ကလပ်ပုံသဏ္ဌာန်နှင့် တူနေသောကြောင့်လည်း ထိုအမည်နှင့် များစွာလိုက်ဖက်လှပေသည်။

ထိုတောင်ကလပ်ပတ်လည်တွင် ဂူပေါက်ဆယ်လုံးရှိပြီး ထိုဂူပေါက်များတွင် ဝိဇ္ဇာမိုရ်များစုပေါင်းဆုံတွေ့ရာ ဖြစ်သောကြောင့် တောင်ကလပ်ဟုခေါ်ဆိုကြခြင်းလည်း ဖြစ်ပေသည်။

တောင်ကလပ်သည် ဆေးပင်များ ပေါသောနေရာဖြစ်ပြီး ပုဂံနေပြည်တော်ထွန်းကားစဉ်က ပန်းတော်ဆက် မောင်ဗျတ္တနှင့် ပုပ္ပားသူ မယ်ဝဏ္ဏတို့ ချစ်ကြိုးသွယ်ခဲ့ရာနေရာ ဖြစ်





သောကြောင့်လည်း လူသိများလေသည်။

အိမ်တွင်း မင်းမဟာဂီရိနတ်နှင့်ပတ်သက်သော သမိုင်းကြောင်းများကြောင့်လည်း လူသိများသည်။

ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီး ဘိုးမင်းခေါင်ကိုအကြောင်းပြု၍လည်း တောင်ကလပ်မှာ လူသိများလေသည်။

ကျွန်တော်ယခုရေးသားမည့် 'သုံးခါသေ သုံးခါထွက်မည့်သူ' ဝတ္ထုရှည်မှာ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီး ဘိုးမင်းခေါင်အကြောင်းကို အခြေတည်ပြီး ရေးသားမည်ဖြစ်ပါသောကြောင့် ရှေ့အခန်းများတွင် ဘိုးမင်းခေါင်နှင့်ပတ်သက်သည့် စိတ်ဝင်စားဖွယ်အကြောင်းအရာများကို ဆက်လက်ရေးသားမည်ဖြစ်ပါသည်။

အချိန်ကာလမှာ (၁၃၀၀)ပြည့်နှစ် (၁၉၃၈)ခုနှစ် အချိန်ကာလလောက်ကပင်ဖြစ်သည်။

ယခုအချိန်မှ ပြန်လည်ရေတွက်ပါက နှစ်ပေါင်း(၇၅)နှစ်ဝန်းကျင်အချိန်လောက် ကြာခဲ့ပြီဖြစ်သည်။

ထိုအချိန်လောက်က မြန်မာတစ်နိုင်ငံလုံးမှာ စစ်ဘေးစစ်ဒဏ်များကြောင့် မငြိမ်မသက်ဖြစ်နေသောအချိန်လည်း ဖြစ်သည်။

(၁၉၃၈)ခုနှစ် (၁၃၀၀)နှစ်ဝန်းကျင်တစ်ဝိုက်မှာ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် အပြင်းအထန်လှုပ်ရှားမှုများပြုနေသည့် အချိန်လည်းဖြစ်သည်။

(၁၉၃၈)ခု ဇန်နဝါရီလ(၈)ရက်နေ့တွင် (၁၃၀၀)ပြည့်



www.burmeseclassic.com

www.burmeseclassic.com



အနေ့ရှေတော်ပုံကြီးကိုဖြစ်ပေါ်စေသည့် ချောက်ရေနံမြေ အလုပ်သမားများ ဘီအိုစီကုမ္ပဏီကို သပိတ်မှောက်သော အဖြစ်အပျက်နှင့် စတင်ခဲ့လေသည်။

(၁၉၃၈)ခုနှစ် ဇူလိုင်လ (၈)ရက်နေ့တွင် သိမ်ကြီးဈေးဘက်တွင် ကုလားမြန်မာအဓိကရုဏ်းဖြစ်ပွားရာ မန္တလေးအထိပျံ့နှံ့လေသည်။

ထိုအချိန်က ဖြစ်ပွားခဲ့သော ကုလားမြန်မာ အဓိကရုဏ်းကြောင့် အိန္ဒိယလူမျိုး (၁၆၄)ဦးနှင့် မြန်မာ(၁၇)ဦး သေဆုံးခဲ့ကြောင်း မြန်မာပြည်ဘုရင်ခံ ဆာအာချီဘောဒေါက်ကလပ်ကော့ကရိန်း ထုတ်ပြန်ကြေညာပေးခဲ့သည်။

ထိုအချိန်က ကုလားမြန်မာအဓိကရုဏ်းကဲ့သို့ပင် ပြည်သူများကို စိတ်ဝင်စားစေသော အဖြစ်အပျက်များလည်း ဖြစ်ပျက်နေကြလေသည်။

အခြားမဟုတ်ပါချေ။ ချောက်ရေနံမြေမှ အစပျိုးခဲ့သော ရေနံမြေသပိတ်တပ်သား တစ်ထောင်ကျော်တို့သည် မိုင်(၄၀၀)ကျော်ရှည်လျားသော ရန်ကုန်မြို့ရောက်အောက် ခြေလျင်ခရီးဖြင့် ချီတက်ဆန္ဒပြကြခြင်း ဖြစ်လေသည်။

သပိတ်တပ်သားများ စခန်းချသောမြို့များ၊ ရွာများတွင် ဒေသခံများက စားနပ်ရိက္ခာများ ကူညီထောက်ပံ့ပေးကြလေသည်။

(၁၉၃၈)ဒီဇင်ဘာလ(၂၀)ရက်နေ့မှာတော့ ရန်ကုန်တက္ကသိုလ်အပါအဝင် ကျောင်းပေါင်းစုံ ကျောင်းသားထုများက





အတွင်းဝန်များရုံးများကိုဝိုင်းပြီး သပိတ်တားဆန္ဒပြကြပြန်လေသည်။

ဗြိတိသျှနယ်ချဲ့များ၏ သပိတ်တားမြင်းစီးပုလိပ်များက သပိတ်တားကျောင်းသားကျောင်းသူများအား အကြမ်းဖက်ကာ နှိမ်နင်းဖြိုခွဲခဲ့ကြလေသည်။

ထိုသို့အကြမ်းဖက်ကာဖြိုခွဲမှုကြောင့် ဂျပ်ဆင်ကျောင်းသား ကိုအောင်ကျော်သည် အတွင်းဝန်များရုံးကို ဝိုင်း၍သပိတ်တားဆန္ဒပြစဉ်က ရိုက်နှက်ခံရသည့် ဒဏ်ရာများကြောင့်. . . (၁၉၃၈)ခုနှစ်၊ ဒီဇင်ဘာလ(၂၂)ရက်၊ (၁၁း၂၅)နာရီတွင် ရန်ကုန်ဆေးရုံကြီးတွင် ကွယ်လွန်သွားခဲ့လေသည်။

ရေနံမြေမှချီတက်လာသော ရေနံမြေသပိတ်တပ်ကြီးနှင့် ပဲခူးစီရင်စုမှ သပိတ်တပ်သားများပူးပေါင်းကာ လူအင်အား (၂၄၀၀)ခန့်မှာ ရန်ကုန်မြို့သို့ရောက်ရှိလာပြီး ရွှေတိဂုံကုန်းတော်ပေါ်၌ စခန်းချနေကြလေသည်။

သို့ကြောင့် (၁၃၀၀)ပြည့် (၁၉၃၈)နှစ်အချိန်သည် ဗြိတိသျှနယ်ချဲ့များ အထူးပင်ခေါင်းခဲရသောနှစ်လည်း ဖြစ်ခဲ့လေသည်။

ထိုခေတ်အချိန်က တိုင်းပြည်မငြိမ်မသက် ဖြစ်နေသည်။ ထို့ကြောင့် မြို့ပြများမှာ နေထိုင်ကြသူတို့မှာလည်း မနေဝံ့ကြတော့ဘဲ တောနယ်များသို့ ရွှေ့ပြောင်းနေထိုင်ကြရလေသည်။

အဘယ်ကြောင့်ဆိုသော် အင်္ဂလိပ်တပ်များ အခြေမလှဖြစ်နေသောအချိန်တွင် မကြာမီ ဂျပန်တပ်များဝင်ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တော့မည်ဟု သတင်းကြားနေကြသောကြောင့် မနေဝံ့ကြသဖြင့် စစ်ဘေးစစ်ဒဏ်လွတ်သော နေရာဒေသများသို့ ရွှေ့ပြောင်းနေထိုင်ကြခြင်းပင် ဖြစ်သည်။

လွန်ခဲ့သော(၇၅)နှစ်ခန့် (၁၃၀၀ပြည့်နှစ်)က ပုပ္ပားတောင်ကြီးရှိသောနေရာမှာ သစ်တောကြီးများဖြင့် အေးချမ်းသောနေရာ ဖြစ်ခဲ့လေသည်။

ပုပ္ပားတောင်မကြီးပေါ်၌ မဆိုထားနှင့် တောင်ကလပ်ရှိသောနေရာတစ်ဝိုက်မှာပင် ကျွန်းတောကြီးများ၊ ဝါးတောကြီးများ၊ အခြားသစ်ပင်ကြီးများဖြင့် ပိတ်မှောင်ကာဆီးလျက် ရှိကြလေသည်။

ဘယ်နေရာကြည့်ကြည့် သစ်တောကြီးများဖြင့် ညို့မှိုင်းနေလေသည်။

သို့ကြောင့်လည်း တရားအားထုတ်သူများ၊ အဓိဋ္ဌာန်ဝင်လိုသောသူတို့ မကြာခဏရောက်လာလေ့ရှိသည်။

အချို့လည်း ဂူများအတွင်းမှာပင်နေထိုင်ပြီး မိမိတို့ပြုလုပ်လိုသော အဓိဋ္ဌာန်ကိစ္စများကို ပြုလုပ်ကြသည်။

ရိက္ခာအတွက်ကတော့ အချို့လည်း တောထဲမှာပင် သစ်သီးဝလံများကို ရှာဖွေစားသောက်ကြသည်။

အချို့လည်း တောင်မကြီးနှင့် တောင်ကလပ်ဝန်းကျင်တစ်ဝိုက်မှာရှိသော ရွာများသို့သွားပြီး ရိက္ခာရှာဖွေကြသည်။

အချို့က ရွှေငွေပေး၍ ဝယ်ယူကြသည်။

အချို့ကျတော့လည်း အလှူခံကြလေသည်။





ပုပ္ပားတောင်ကြီးနှင့် တောင်ကလပ်အပါအဝင် ထိုနေရာတစ်ဝိုက်တွင် အဓိဋ္ဌာန်ဝင်နေကြသော ပုဂ္ဂိုလ်များ၊ ထွက်ရပ်လမ်းအတွက်ကြိုးစားအားထုတ်နေကြသူများ အများအပြားရှိခဲ့ကြသည်။

အရှင်မေဓနိယရသေ့၊ အရှင်သာရဒရသေ့၊ ဦးသီလ၊ ဦးဝိနည္သ၊ ဘိုးမင်းခေါင် အစရှိသောပုဂ္ဂိုလ်တို့မှာ ပုပ္ပားတောင်တစ်ဝိုက်တွင်နေထိုင်ရင်း ထွက်ရပ်လမ်းအတွက် ကြိုးပမ်းအားထုတ်ခဲ့ကြသူများဖြစ်ပေသည်။

ထိုပုဂ္ဂိုလ်များအပြင် အမျိုးအမည်မထင်ရှားသော အခြားပုဂ္ဂိုလ် အမြောက်အမြားတို့လည်း ရှိကြပေသေးသည်။

ထိုပုဂ္ဂိုလ်တို့သည် ရိက္ခာအတွက်သော်လည်းကောင်း၊ အခြားပစ္စည်းများ လိုအပ်၍သော်လည်းကောင်း ရွာများသို့ ဆင်းလာလေ့ရှိကြသည်။

အချို့လည်း တောင်ကလပ်အောက်ခြေ၌ရှိသော ဈေးဆိုင်များရှိရာသို့ရောက်လာကြကာ ၎င်းတို့အလိုရှိသည့် ပစ္စည်းများကို အလှူခံကြလေသည်။

ထိုအချိန်က တောင်ကလပ်အောက်ခြေတစ်ဝိုက်တွင် နေထိုင်ကြသူများ ရှိကြလေသည်။

အချို့လည်း အခြားစီးပွားရေးလုပ်ကြသည်။

အချို့လည်း ထန်းတောများ၊ လယ်ယာများ၊ သီးနှံစိုက်ခင်းများ စိုက်ပျိုးကြသည်။

အချို့ကျတော့လည်း တောင်ကလပ်ရောက်လာသူများ



www.burmeseclassic.com

www.burmeseclassic.com



အတွက် အစားအသောက်များ ရောင်းချကြသည်။

အချို့ဆိုင်များမှာ ထမင်း၊ ဟင်း၊ မုန့်ပဲသွားရေစာများ အပြင် အမွှေးတိုင်၊ ဖယောင်းတိုင်၊ မီးခြစ်စသော အခြားအသုံး အဆောင်များကိုပါ တွဲဖက်ရောင်းချကြလေသည်။

အချို့လည်း ပန်းရောင်း၍အသက်မွေးကြသည်။ ပုပ္ပား တောင်တစ်ဝိုက်မှာ ပန်းမျိုးစုံပေါလှသဖြင့် ခြံဖြင့်စိုက်သောပန်း များအပြင် အခြားတောတောင်အတွင်းမှ ရှာဖွေရကြသော ပန်း များကိုပါ လာရောက်ရောင်းချကြလေသည်။

အချို့လည်း တောင်ကလပ်မှာ ဘေးမဲ့ပေးထားသည့် မျောက်များအတွက် အစာလာရောင်းပေးကြလေသည်။

ထိုအချိန်က တောင်ကလပ်တွင် မျောက်မျိုးစုံတို့အ ကောင်အရေအတွက် အတော်များများရှိသည်။

ပုပ္ပားတောင်ကလပ်သို့ လာရောက်ကြသူတို့မှာ အချို့ လည်း ထိုဆိုင်များမှာပင် တည်းခိုကြလေသည်။

ခေတ်ကာလ မကောင်းသောအချိန်ဖြစ်သဖြင့် တောင် ကလပ်သို့လာရောက်သူ မများသော်လည်း ထိုနေရာကို အမှီပြု ပြီး ဈေးရောင်းစားသောက်ကြသူတို့မှာ မချမ်းသာနိုင်ကြသော် လည်း စားသောက်ဖို့တော့ ရကြသည်။

ထိုအချိန်က တောင်တက်လမ်းအဆင်း နေရာတွင် ထမင်းဆိုင်ကြီးတစ်ဆိုင်ရှိသည်။

ဆိုင်အမည်မှာ 'စေတနာထမင်းဆိုင်' ဖြစ်ပြီး ထမင်း ဟင်းများအပြင် အခြားအသုံးအဆောင်ပစ္စည်းများပါ ရောင်းချ





သော ကုန်စုံဆိုင်ကြီးလည်းဖြစ်သည်။

တောင်တက်လမ်းနံဘေး မြေကွက်ကျယ်ကြီးတွင် ပျဉ် ထောင်အိမ်တစ်လုံးရှိသည်။

ထိုအိမ်ရှေ့မှာ ဝါးထရံကာ၊ သက်ငယ်ပျစ်မိုးထားသော အဆောင်ကြီးရှိသည်။

တစ်ဖက်တွင် ထမင်းဟင်းနှင့် အခြားကုန်ပစ္စည်းများ ရောင်းချပြီး တစ်ဖက်မှာတော့ သစ်သားဖြင့်ပြုလုပ်ထားသော ကွပ်ပျစ်များ၊ ထန်းလက်ဖြင့်ပြုလုပ်ထားသော ကုလားထိုင်နှင့် စားပွဲများ ချပေးထားသည်။

ထိုနေရာမှာ တောင်ကလပ်သို့လာရောက်သော ဧည့် သည်များအတွက် တည်းခိုရန်စီစဉ်ပေးထားခြင်းဖြစ်၏။

စေတနာထမင်းဆိုင်ပိုင်ရှင်မှာ ဦးစံပေါ် ဆိုသူဖြစ်ပြီး ၎င်း တွင် မိသားစုလေးယောက်ရှိသည်။

ဦးစံပေါ်က အသက်ငါးဆယ်ကျော်ခန့်ရှိပြီး ဇနီးဖြစ်သူ ဒေါ်လှမေက ငါးဆယ်ခန့်သာရှိသည်။

၎င်းတို့မှာ သားသမီးသုံးယောက်ရှိပြီး သုံးယောက်စလုံး အရွယ်ရောက်ပြီးကြသူများ ဖြစ်သည်။

သားအကြီးဆုံးထွန်းခက အသက်(၃၀)အရွယ်ခန့်ရှိပြီး သမီးအလတ်မြနှင်းဖြူက (၂၃)နှစ်ခန့်ရှိနေပြီး၊ သားအငယ် မောင်လှပင်လျှင် အသက်(၂၀)ကျော်အရွယ် ရောက်နေပေပြီ။

သူတို့မိသားစုမှာ သားအကြီးထွန်းခတစ်ယောက်သာ အိမ်ထောင်ကျပြီး ကျန်နှစ်ယောက်တို့မှာ အပျိုလူပျိုများဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထွန်းခက ဦးစံပေါ်ပိုင်သော ထန်းတောများကိုဦးစီးလုပ်ကိုင်ပြီး ကျန်နှစ်ယောက်ကတော့ မိဘများနှင့်ပင်အတူတူနေကာ ဈေးဆိုင်အလုပ်ကို ဝိုင်းဝန်းလုပ်ကိုင်ကြလေသည်။

ထွန်းခကလည်း ထန်းတောများကို လုပ်ကိုင်နေသည် ဆိုသော်လည်း စီးပွားတူပင်ဖြစ်သောကြောင့် ထန်းတော၌ အလုပ်မရှိပါက ဈေးဆိုင်သို့လာရောက်နေထိုင်လေသည်။

မိဘများက စီးပွားရေးချောင်လည်ကြသူများ ဖြစ်သောကြောင့် သားသမီးများကလည်း အိမ်ထောင်ကျသော်လည်း အိုးမခွဲ အိမ်မခွဲဘဲ မိဘများနှင့်သာ အတူတူပေါင်းနေကြသည်။

ထွန်းခမှာ ထန်းတောမှာ လုပ်ကိုင်နေရသူဖြစ်သောကြောင့် အသောက်အစားရှိပြီး စိတ်ကြမ်းလူကြမ်းသမားတစ်ဦးဖြစ်သည်။

တစ်နေ့သ၌ နံနက်ပိုင်းအချိန်တွင် ၎င်းတို့ဆိုင်အတွင်းသို့ ဒေါက်ခြာဆောင်းထားသော ရသေ့တစ်ပါး ရောက်လာလေသည်။ ထိုနေရာတွင် ရသေ့များကို မကြာခဏတွေ့နေရပေရာ အထူးအဆန်း မဟုတ်ကြတော့ပေ။

ဆိုင်ထဲသို့ရသေ့ဝင်လာတာမြင်တော့ မယ်မြက ထွက်သွားပြီး စားစရာအချို့ လောင်းသည်။

မယ်မြမှာ ထွန်းခမိန်းမဖြစ်သည်။

"ကျုပ် တခြားပစ္စည်းလေးတွေ လိုချင်လို့လာခဲ့တာပါ"

ထိုအခါ မယ်မြက သူ့သဘောနှင့်သူ မပေးဝံ့တော့သ





ဖြင့် ထွန်းခကိုလှမ်းခေါ်သဖြင့် ဆေးလိပ်သောက်နေရာမှ ထလာပြီး မေးသည်။

"ဘာဖြစ်လို့လဲ. . "

"ရသေ့ကြီးက တခြားပစ္စည်းတွေ လိုချင်တယ်လို့ပြောနေတယ်. . "

"ပိုက်ဆံနဲ့ရောင်းတဲ့ပစ္စည်းတွေကို လိုချင်ရင်တော့ ပိုက်ဆံနဲ့ ဝယ်မှရမှာပေါ့. . "

ထွန်းခက မယ်မြကိုပြောသလိုနှင့် ရသေ့ကြီးကြားအောင် တမင်ပြောလိုက်သည်။

"မင်းတို့ပစ္စည်းတွေကို ငါကလည်းအလကားမယူပါဘူး၊ တဲ. . ကဲ. . ဖယောင်းတိုင်ထုပ်၊ အမွှေးတိုင်၊ မီးခြစ်နဲ့ပြောင်းဖူးခေါ့ တစ်ပြည်လောက်သာပေးပါ. . "

ထွန်းခလည်း ရသေ့ကြီးကိုတစ်ချက်ကြည့်လိုက်ပြီး သူလိုချင်သောပစ္စည်းများကို ချပေးလိုက်သည်။

"ဘယ်လောက်ကျသလဲ"

"အားလုံး နှစ်ကျပ်တစ်မတ်ကျတယ်"

ရသေ့ကြီးက သူ့ခါးထဲမှအိတ်တစ်လုံးထုတ်ပြီး ထိုအထဲမှ ငွေပြားတစ်ပြားကို ချပေးလိုက်သည်။

"ဒီငွေပြား ဘယ်လောက်တန်တယ်ဆိုတာ မင်းသိရဲ့လား၊ ငါယူတဲ့ပစ္စည်းတွေတန်ဖိုးအတွက် ဒီငွေပြားကို ပေးထားခဲ့မယ် ကျေနပ်ရဲ့လား"

ထွန်းခက ငွေသားကို အပြားပြုလုပ်ထားသောအရာကို



www.burmeseclassic.com

www.burmeseclassic.com



တအံ့တသြကြည့်ပြီး အယောင်ယောင်အမှားမှားနှင့် ခေါင်းညိတ်ပြလိုက်သည်။

ရသေ့ကြီးက ပစ္စည်းများကို လွယ်အိတ်ထဲသို့ထည့်ရင်း ပြောလိုက်သေးသည်။

"ဒီငွေပြားကိုမလိုချင်ရင် ရွှေဂူချောင်က ဘုန်းကြီးကို သွားပေးလိုက်ပေါ့ကွာ၊ သူက မင်းလိုချင်တဲ့ တန်ဖိုးမရှိတဲ့ပိုက်ဆံတွေ ပေးပါလိမ့်မယ်. . "

ဟုပြောပြီး ဆိုင်အတွင်းမှ ပြန်ထွက်သွားလေတော့သည်။

ထိုအချိန်က ရွှေဂူချောင်တောရတွင် သီတင်းသုံးနေသော ဘုန်းကြီးမှာ ဦးကောသလ္လဖြစ်ပေသည်။

ဦးကောသလ္လမှာ ပရိယတ္တိ၊ ပဋိပတ္တိများအပြင် ထွက်ရပ်ပေါက်လမ်းစဉ်များကို လေ့လာလိုက်စားလေရာ အတော်အတန်ခရီးပေါက်နေသည့် အခြေအနေသို့ရောက်နေသော ပုဂ္ဂိုလ်ဖြစ်သည်။

ထိုအကြောင်းကိုတော့ ဒကာ၊ ဒကာမများက မရိပ်မိကြပေ။

ထွန်းခသည် စိတ်ထဲမှာ မတင်မကျဖြစ်နေသောကြောင့် ရသေ့ကြီးပေးထားခဲ့သည့် ငွေပြားလေးကိုယူကာ ရွှေဂူချောင်သို့ သွားလေသည်။

ကျောင်းသို့ရောက်သောအခါ ဘုန်းကြီးကို ထိုငွေပြားကလေးထုတ်ပြလိုက်သည်။





ဘုန်းကြီးက အသေအချာကြည့်ပြီးမေးသည်။

"ဒီငွေပြားက မင်းကိုဘယ်သူပေးသွားတာလဲ"

"ရသေ့ကြီးတစ်ပါး ဈေးဆိုင်မှာဈေးလာဝယ်ရင်းနဲ့ ပေးသွားတာပါဘုရား"

"ဈေးဖိုးအတွက်ပေးသွားတာလား"

"မှန်ပါ့ဘုရား"

"ဈေးဖိုးက ဘယ်လောက်ကျသလဲ"

"နှစ်ကျပ်တစ်မတ်ပါဘုရား"

ထိုအခါ ဘုန်းကြီးက ကပ္ပိယတစ်ယောက်ကို ခေါ်ပြောလေသည်။

"သူ့ကို ဈေးဖိုးငါးကျပ်ပေးလိုက်ပါ"

ဒါပဲပြောပြီး အခန်းထဲသို့ ပြန်ဝင်သွားလေသည်။

ကပ္ပိယကြီးက ထွန်းခကို ငွေငါးကျပ်ပေးလေရာ များစွာကျေနပ်ဝမ်းသာသွားလေသည်။

"ဈေးဖိုးက နှစ်ကျပ်တစ်မတ်ပဲကျတယ်၊ ဘုန်းကြီးက ငါ့ကို ငါးကျပ်တောင်ပေးလိုက်တယ်၊ ဟန်ကျတာပဲ. . နေရင်းထိုင်ရင်း နဲ့ သုံးကျပ်မတ်တင်း(နှစ်ကျပ်ခုနစ်ဆယ့်ငါးပြား)တောင် မြတ်နေပါလား၊ ဟီး. . ဟီး. . ဟန်ကျပဲ၊ ငါ့အတွက် ထန်းရည်ဖိုးတော့ရပြီ"

ဟု တစ်ကိုယ်တည်းရေရွတ်ကာ ကျောင်းဝင်းအတွင်းမှ ပြန်ထွက်သွားလေသည်။

သူထွက်သွားသည်ကို ကျက်သရေခန်းပြတင်းပေါက်



www.burmeseclassic.com

www.burmeseclassic.com



အနီးမှာရပ်နေသည့် ဦးကောသလ္လက လှမ်းကြည့်နေသည်။

သူ့လက်ထဲမှာ စောစောကငွေပြားကလေးကို ကိုင်ထားရင်းနှင့် ရေရွတ်လိုက်လေသည်။

"အင်း. . . လောကမှာ ကြောက်စရာအကောင်းဆုံးအရာတွေထဲမှာ မသိခြင်းလည်း တစ်ပါးအပါအဝင်ပါပဲလား၊ ဝိဇ္ဇာနဲ့တွေ့လို့ ဝိဇ္ဇာမှန်းမသိကြ၊ သိဒ္ဓိရှိတဲ့ပစ္စည်းရလို့မှ သိဒ္ဓိရှိတဲ့ပစ္စည်းမှန်း မသိကြပါလား၊ ဒါဟာ သာမန်တော့ဟုတ်မယ်မထင်ဘူး၊

ထွက်ရပ်ပေါက်လမ်းသွားတော့မယ့် ရသေ့တစ်ပါးပါးက ငါ့အတွက် အထောက်အပံ့ရအောင် ဒီသိဒ္ဓိရှိပြီးနေတဲ့ ငွေပြားကို သွယ်ဝိုက်တဲ့နည်းနဲ့ ပို့ပေးလိုက်တာပဲဖြစ်မယ်၊ အင်း. . ဝိဇ္ဇာတွေဟာ သူတို့ပို့ချင်တဲ့လိပ်စာအတိုင်း ရောက်အောင်ပို့ပေးနိုင်ကြပါလား. . "

ဟု ရေရွတ်လိုက်လေတော့သည်။

ဝိဇ္ဇာဆိုသည်မှာ လိပ်စာမလိုသော ပုဂ္ဂိုလ်ထူးများပင်ဖြစ်ကြလေသည်။





# အခန်း(၃)

# တောင်ကလပ်ပေါ်မှာ တွေ့ရသောပုဂ္ဂိုလ်ထူး

ထိုအချိန်ကာလက ပုပ္ပားတောင်ကလပ်တောင်ခြေတစ်ဝိုက်မှာသော်လည်းကောင်း၊ ထိုအနီးအနားတစ်ဝိုက်ရှိရွာများမှာသော်လည်းကောင်း၊ စေတနာထမင်းဆိုင်အကြောင်းကို မသိသူမရှိကြပေ။

ဆိုင်ပိုင်ရှင်ဦးစံပေါ်မှာ ထန်းတောများ၊ လယ်ယာမြေများ ပိုင်ဆိုင်ထားသည့်အပြင် ထမင်းဆိုင်နှင့် ကုန်မျိုးစုံရောင်းချသည့် ဆိုင်ကြီးတစ်ဆိုင်ကိုပါ ပိုင်ဆိုင်ထားသောကြောင့် ထိုတစ်



www.burmeseclassic.com

www.burmeseclassic.com



နယ်လုံးမှာ မသိသူမရှိသလောက် ဖြစ်နေလေသည်။

ထို့ပြင် ငွေကြေးချမ်းသာကြွယ်ဝသူ ဖြစ်သောကြောင့်လည်း သာရေးနာရေး၊ လှူရေးတန်းရေးကိစ္စများတွင် ရှေ့တန်းမှ ပါဝင်လေရာ ထိုနေရာတစ်ဝိုက်ကို စီမံအုပ်ချုပ်သော သူကြီးသာမကဘဲ ကျောက်ပန်းတောင်း၊ မြင်းခြံ၊ ညောင်ဦးစသောမြို့များမှ အရာရှိ အရာခံများကပါ သိကြလေသည်။

စေတနာထမင်းဆိုင် လူသိများရခြင်းအကြောင်းရင်းမှာ မြနှင်းဖြူကြောင့်ဆိုလျှင် မမှားပါချေ။ မြနှင်းဖြူမှာ ဦးစံပေါ်၏ သမီးဖြစ်ပြီး အသက်နှစ်ဆယ်ကျော်အရွယ်ခန့်ရှိကာ လှပချောမောသူ တစ်ဦးဖြစ်ပေသည်။

မျက်လုံးမျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်နှင့်မျက်နှာအမူအရာ ပြေပြစ်ရုံမကဘဲ ကိုယ်လုံးကိုယ်ထည် လှပသူလည်း ဖြစ်သည်။

နက်မှောင်ရှည်လျားသော ဆံပင်ရှည်များက ခါးလောက်အထိရောက်နေပြီး အမြဲတစေ တစ်ပတ်လျှိုထုံးထားလေသည်။

ထိုဆံထုံးမှာလည်း စကားဝါပန်းကဲ့သို့ ပန်းတစ်ပွင့်ကိုလည်း အမြဲပန်ထားတတ်လေသည်။

ထမင်းဆိုင်ဖွင့်သည့် အချိန်၌သော်လည်းကောင်း၊ ဈေးဆိုင်ရောင်းချခြင်း ကိစ္စများကိုသော်လည်းကောင်း မြနှင်းဖြူကပင် ဒိုင်ခံဆိုင်ထိုင်ပေးလေသည်။

အစ်ကိုဖြစ်သူနှင့် မောင်ဖြစ်သူတို့ကတော့ လယ်ယာအလုပ် ထန်းတောအလုပ်များ သွားရောက်လုပ်ကိုင်နေကြရသဖြင့် ဆိုင်မှာ အနေနည်းကြသည်။

ရှိလျှင်လည်း ဆိုင်ထိုင်ရသည့်အလုပ်ကို မည်သူမှ စိတ်မဝင်စားကြပေ။

သို့ကြောင့် ဆိုင်ရောင်းသောအလုပ်နှင့် ထမင်းဟင်းရောင်းချသောအလုပ်ကို မြနှင်းဖြူကပင် ဒိုင်ခံလုပ်ရလေသည်။

တောင်ကလပ်တစ်ဝိုက်မှာ ယခင်အချိန်က အမြဲတစေနေထိုင်ကြသူများမရှိလှဘဲ တစ်ခါတစ်ရံမှသာ သွားလာကြလေသည်။ ရပ်ဝေးမှ ဘုရားဖူးလာသူများကတော့ တစ်နေ့လျှင် တစ်ဖွဲ့နှစ်ဖွဲ့ဆိုသလို ရောက်လာကြသည်။ ရာသီဥတုသာယာသော အချိန်များဆိုပါက ပိုပြီးအလာများလေသည်။

မြနှင်းဖြူတို့ထမင်းဆိုင်မှာ ထိုဧည့်သည်များကို အားထားပြီး ရောင်းချရသောကြောင့် ကြိတ်ကြိတ်တိုး၊ လက်မလည်အောင် ရောင်းချရသည်မျိုးတော့ မရှိပေ။

တစ်ခါတစ်ရံ အလှူအတန်းနှင့် ပွဲလမ်းသဘင်များ ရှိလျှင်တော့ နေ့တိုင်းထက်ပိုရောင်းရသည်။

ထိုဆိုင်သို့ ဈေးဝယ်ရန်အတွက်သော်လည်းကောင်း ထမင်းစားရန်အတွက်သာမဟုတ်ဘဲ အခြားအကြောင်းမရှိ အကြောင်းရှာပြီး လာသူအချို့လည်း ရှိပေသည်။

၎င်းတို့မှာ မြနှင်းဖြူကို ပိုးပန်းရန်အတွက် လာကြခြင်းဖြစ်သည်။ ထိုအထဲတွင် ကျော်ဇံနှင့် ဘထင်တို့နှစ်ယောက်လည်း အပါအဝင်ဖြစ်ပေသည်။





www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇံက အသက်(၂၅)နှစ်အရွယ်ခန့်ရှိပြီး ပုပွားလွင်ရွာသား ဖြစ်သည်။ ၎င်း၏ဖခင် ဦးဘိုးမှင်မှာ ရွာသူကြီးဖြစ်ပြီး ထိုနယ်တစ်ဝိုက်ကို အုပ်ချုပ်ရသူဖြစ်သည်။

ဦးဘိုးမှင်မှာ ဩဇာအာဏာရှိသူတစ်ယောက် ဖြစ်ရုံသာမကဘဲ လယ်ယာမြေအတော်များများပိုင်ဆိုင်ပြီး စီးပွားရေးချောင်လည်သူလည်းဖြစ်သည်။

ကျော်ဇံမှာ မိဘအရှိန်အဝါဖြင့် ရှုပ်ပွေသူတစ်ဦးဖြစ်လေသည်။ ရုပ်ရည်က ကြမ်းတမ်းသော်လည်း မိဘအရှိန်အဝါကို အသုံးချပြီး ထင်တိုင်းကြဲနေသူဖြစ်သည်။

နောက်တစ်ဦးက ဘထင်ဖြစ်သည်။ ဘထင်မှာ အသက်(၃၀)ဝန်းကျင်အရွယ်ခန့် ရှိပြီး ညောင်ပင်သာရွာမှာနေသည်။

သူကလည်း ခေသူမဟုတ်ပေ။ မိဘဘိုးဘွားများထံမှ အမွေရထားသော ထန်းတောများရှိပြီး ငွေကြေးချောင်လည်သူဖြစ်သည်။

မြနှင်းဖြူအစ်ကိုထွန်းခနှင့် သူငယ်ချင်းများဖြစ်သလို ထန်းရည်သောက်ဖက်၊ တေဖော်တေဖက်များဖြစ်ကြသည်။

သူကလည်း အိမ်ထောင်ကျဖူးသော်လည်း နောက်ပိုင်းမှာ လင်မယားချင်းကွာရှင်းပြတ်စဲပြီး ယခုတော့ လူလွတ်တစ်ဦးဖြစ်နေလေသည်။

ကျော်ဇံနှင့်ဘထင်တို့နှစ်ယောက်စလုံးက ကိုယ့်နည်းကိုယ့်ဟန်ဖြင့် မြနှင်းဖြူကို ပိုးပန်းနေကြသူများဖြစ်ကြလေသည်။

ကျော်ဇံက ဖခင်အရှိန်အဝါကို အသုံးချပြီး ပိုးပန်းသလို





ဘထင်ကလည်း ထွန်းခကို အပေါင်းအသင်းပြုလုပ်ထားပြီး မြနှင်းဖြူနှင့် ရင်းနှီးမှုရအောင် ကြိုးစားနေသူဖြစ်သည်။

မြနှင်းဖြူကတော့ မည်သူကိုမှအလေးမထားဘဲ ပုံမှန်အတိုင်းသာ ဆက်ဆံလေသည်။

မြနှင်းဖြူ၏မိဘများကတော့ မြနှင်းဖြူလည်းအရွယ်ရောက်နေပြီဖြစ်သောကြောင့် သူမ စိတ်ကြိုက်ရွေးချယ်ခွင့် ပေးထားလေသည်။

ကျော်ဇံနှင့်ဖြစ်စေ၊ ဘထင်နှင့်ဖြစ်စေ အဆင်ပြေသွားလျှင် ငြင်းပယ်စရာမရှိကြပေ။

မြနှင်းဖြူကို စိတ်ဝင်စားနေသူများထဲမှာ အခြားတစ်ယောက် လည်းရှိပေသေးသည်။ နီမောင်ပင်ဖြစ်သည်။

နီမောင်က ထိုနေရာတစ်ဝိုက်မှမဟုတ်ဘဲ ကြောင်လျှာတောရွာဘက်မှဖြစ်သည်။

ကြောင်လျှာတောရွာမှာ ရေနံချောင်းနှင့်ကျောက်ပန်းတောင်းသွားသော ကားလမ်းနံဘေးမှာရှိသော ရွာကြီးတစ်ရွာဖြစ်လေသည်။

ကားလမ်းနံဘေးမှာရှိပြီး ရေနံချောင်း၊ ကျောက်ပန်းတောင်းမြို့များနှင့်မဝေးလှဘဲ အလယ်နေရာလောက်တွင် ရှိသဖြင့် များစွာစည်ကားတိုးတက်သော ရွာတစ်ရွာလည်းဖြစ်သည်။

(၁၉၉၄-၉၅)ခုနှစ်လောက်တွင် ထိုရွာမှ ခုနစ်နှစ်သားဘိုးတော်လေး ရဲကျော်မင်း ပေါ်လာသောကြောင့် လူအသိအထွက် ပိုများပြီး ပိုမိုစည်ကားခဲ့လေသည်။)



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က အသက်(၂၅)နှစ်အရွယ်ခန့်ရှိပြီး ထိုရွာသား တစ်ဦး ဖြစ်သည်။ မိဘများက တောင်ယာအလုပ်ဖြင့် အတန်အသင့် ချောင်လည်ကြသူများဖြစ်သော်လည်း နီမောင်ကတော့ တောင်ယာအလုပ်ကို မလုပ်လိုပေ။

တောင်ယာအလုပ်များကို အခြားအလုပ်သမားများနှင့်ထားပြီး သူက ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ မြင်းခြံ၊ ညောင်ဦး၊ မကွေးမြို့အထိ စုန်ချည်ဆန်ချည်သွားလာကာ ကုန်ရောင်းကုန်ဝယ် အလုပ်များကိုသာ လုပ်လေသည်။ ထိုသို့ လှည့်လည်သွားလာရင်းနှင့် ပုပ္ပားသို့လည်း မကြာခဏရောက်လေ့ရှိသည်။

တောင်ကလပ်သို့ရောက်တိုင်းလည်း စေတနာ ထမင်းဆိုင်သို့ ဝင်ရောက်တည်းခိုလေသည်။

သူသည် ငယ်စဉ်ကတည်းက ဘာသာရေးကို စိတ်ဝင်စားသူ ဖြစ်သည်။

ယုံကြည်ကိုးကွယ်သူလည်းဖြစ်သည်။

တစ်နေ့သ၌ ခရီးသွားလာရင်း ပုပ္ပားတောင်ကလပ်ပေါ်သို့ ရောက်သောအခါ အဘိုးအိုတစ်ဦးနှင့် တွေ့ရလေသည်။ ထိုအဘိုးအိုက သူ့ကိုတွေ့သောအခါ ဤသို့ပြောလေသည်။

"တစ်နေ့ကျရင် တောင်ကလပ်ကို ပုဂ္ဂိုလ်ထူးတစ်ဦး ရောက်လာလိမ့်မယ်၊ မင်း သူနဲ့တွေ့အောင်ကြိုးစားပါ၊ သူနဲ့တွေ့တဲ့အခါ မင်းအတွက် အကျိုးကျေးဇူးတွေ အများကြီးရလိမ့်မယ်"

ဟု ပြောသွားလေသည်။





ထိုအဘိုးကြီးနှင့်တွေ့ခဲ့သည်မှာ သုံးနှစ်ခန့်ကြာခဲ့ပြီဖြစ်သည်။ သို့သော်လည်း နီမောင့်စိတ်ထဲ၌ ထိုစကားကိုမမေ့ပေ။ ပုပ္ပားတောင်ဘက်သို့ရောက်တိုင်းလည်း ထိုစကားသံကို သတိရပြီး ပြန်လည်ကြားယောင်နေလေသည်။

ထို့ကြောင့် တစ်လတစ်ခေါက်တော့ ပုပ္ပားတောင်ကလပ်ဘက်သို့ ရောက်အောင်သွားလေ့ရှိသည်။

သူတို့ရွာမှလာလျှင်လည်း ကျောက်ပန်းတောင်းကျော်သောအခါ ရောက်နိုင်သည်မို့ တစ်လတစ်ခေါက် သို့မဟုတ် နှစ်လတစ်ခေါက်တော့ ရောက်အောင်သွားသည်။

ထိုသို့ရောက်လျှင် တောင်ကလပ်ထိပ်ပေါ် ရောက်အောင်တက်ပြီး အမိဋ္ဌာန်ဝင်သည်။

ပြီးလျှင်. . စေတနာထမင်းဆိုင်သို့ဝင်ပြီး အစားအသောက်များစားသည်။

တစ်ခါတစ်ရံလည်း အချိန်ရလျှင် တစ်ညတန်သည် နှစ်ညတန်သည် ထိုဆိုင်မှာပင်တည်းခိုလေသည်။

ထိုသို့အဝင်အထွက်ရှိရာမှာ မြနှင်းဖြူနှင့် ခင်မင်သိကျွမ်းခဲ့ရလေသည်။

ရေစက်ရှိခဲ့၍လား မပြောတတ်ပေ။ မြနှင်းဖြူကိုတွေ့စမှာပင် နီမောင်က သူမအပေါ်မှာ စိတ်ဝင်စားသလို မြနှင်းဖြူကလည်း သူ့ကိုသတိထားမိဟန်ရှိလေသည်။

တွေ့မြင်သည်နှင့် အပြုံးဖြင့်နှုတ်ဆက်လေ့ရှိသည်။ အတွေ့အမြင်များသောအခါ နာမည်ကိုပင် သိနေကြပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အော်. . ကိုနီမောင်ပါလား၊ ဒီတစ်ခေါက်မပေါ်လာတာတောင် အတော်ကြာပါပေါ့လား. . ."

"ဟုတ်တယ်ဗျာ. . ကျွန်တော်လည်း အလုပ်တွေများနေလို့ စိတ်ကသာရောက်ပေမယ့် လူကမရောက်နိုင်ဘူးဖြစ်နေတယ်"

"အလုပ်များတဲ့သူဆိုတာ ဒီလိုပေါ့လေ၊ ဒါထက်အရောင်းအဝယ်ကိစ္စတွေရော ကောင်းရဲ့လား"

"ပုံမှန်လောက်တော့ရှိပါတယ်၊ ခေတ်ကာလအခြေအနေက မကောင်းတော့ တစ်နေရာနဲ့တစ်နေရာ သွားရေးလာရေးက သိပ်မကောင်းလှပါဘူး"

"ဒီလိုပေါ့ရှင်. . စီးပွားရေးလုပ်တာလည်းလုပ်ပေါ့၊ သွားတဲ့လာတဲ့အခါမှလည်း သတိဝီရိယလေးထားပြီး သွားလာပေါ့"

"အခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်ဗျာ. . "

မြနှင်းဖြူက တစ်ချက်ပြုံးလိုက်လေသည်။

"ဒါထက် ဒီတစ်ခေါက်ရော အေးအေးဆေးဆေးပဲလား"

"တစ်ညအိပ်၊ နှစ်ညအိပ်လောက်တော့ နေမယ်လို့ စိတ်ကူးထားပါတယ်၊ တောင်ကလပ်ထိပ်ပေါ်တက်ပြီး အဓိဋ္ဌာန်ဝင်ဖို့လည်း ရှိနေသေးတယ်၊ ဒီတော့ ကျွန်တော့်ပစ္စည်းလေးတွေ ဒီမှာပဲ အပ်ထားပါရစေ"

"ရပါတယ်ရှင်. . ဒါထက် ဒီမှာပဲတည်း၊ ဒီမှာပဲ ထမင်းစားမှာ မဟုတ်လား. ."





နီမောင်က ခေါင်းညိတ်ပြလိုက်လေသည်။

"ဟုတ်ပါတယ်. . ."

ထိုအခါ မြနှင်းဖြူက ကျေနပ်သောအမူအရာဖြင့် နီမောင်အတွက် ထမင်းဟင်းများ ပြင်ဆင်ပေးလေသည်။

ထိုအချိန်မှာပင် အခြားဈေးဝယ်သူ၊ ထမင်းစားသူများ ဆက်ရောက်လာသောကြောင့် စကားမဆက်ဖြစ်ကြတော့ပေ။ ထမင်းစားသောက်ပြီးနောက် နီမောင်က ထမင်းဖိုးကျသင့်ငွေ ရှင်းပေးပြီး တောင်ကလပ်ပေါ်သို့ တက်သွားလေတော့သည်။

(၁၃၀၀)ပြည့်နှစ်ဝန်းကျင်အချိန်လောက်က တောင်ကလပ်ထိပ်ရောက်အောင် တက်ကြရသည်မှာ ရှေးယခင်ကလောက် မခက်ခဲတော့သော်လည်း ယခုအချိန်အခါလောက်တော့ မလွယ်ကူလှပေ။

ရှေးအခါကတော့ တောင်ကလပ်ထိပ်ပေါ်သို့ရောက်အောင် တက်ကြမည်ဆိုလျှင် တောင်ထိပ်ပေါ်မှအောက်သို့ ခုနစ်ချက်တစ်ကြိမ် ရေသောက်ဆင်းလာမည့် နွယ်ငန်းပင်ကြီးများကို တွယ်ကပ်ဆွဲငင်ပြီး လိုက်ကြရသည်။

နွယ်ငန်းပင်ကြီးများမှာ ရေသောက်ဆင်းလာသောအခါတွင် အပေါ်မှမြွေတစ်ကောင်လို တအိအိလျှောဆင်းလာပြီး ပြန်တက်သောအခါမှာလည်း ထိုကဲ့သို့ပင် တအိအိနှင့် ပြန်တက်သွားကြလေသည်။

တောင်ထိပ်လိုက်လိုသူများက ၎င်းတို့ရေသောက်ပြီးသော အချိန်ကိုစောင့်ပြီး ဖက်တွယ်၍လိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆင်းတော့လည်း ထိုနည်းအတိုင်းပင် ၎င်းနွယ်ရှင်များ အောက်သို့ဆင်းသောအချိန်ကို စောင့်ပြီးဆင်းကြရလေသည်။

အကယ်၍နွယ်ငန်းပင်ကြီးများ ဆင်းသောအချိန် မဟုတ်ပါက ချွန်းချိတ်ပြီး တက်ကြရသည်။ ချွန်းချိတ်တက်ရသော အလုပ်မှာ နွယ်ငန်းပင်ကြီးများနှင့် တက်ရဆင်းရသည်လောက် အန္တရာယ် မကင်းလှပေ။

မိမိကိုယ်အလေးချိန် ခံနိုင်လောက်သော သစ်သားချိတ်၊ သို့မဟုတ် ဝါးချိတ်တို့ကိုအသုံးပြုပြီး သစ်ကိုင်းတွင်ဖြစ်စေ ကျောက်စွန်းများကိုဖြစ်စေ ချိတ်ထားပြီး ထိုချိတ်ကိုအားပြုကာ ဆွဲတက်ကြရခြင်းဖြစ်သည်။

အသုံးပြုသော ချိတ်မခိုင်လျှင်ဖြစ်စေ၊ လှမ်းချိတ်ထားသော သစ်ကိုင်းနှင့် ကျောက်စွန်းများမခိုင်လျှင်ဖြစ်စေ ပြုတ်ကျနိုင်လေသည်။ နောက်ပိုင်းရောက်လာတော့ အချို့တက်ရခက်သော နေရာများ၊ မတ်စောက်သောနေရာများတွင် ဝါးလှေကား သစ်သားလှေကား၊ နွယ်ကြိုးလှေကားများ တပ်ဆင်အသုံးပြုကာ အပေါ်သို့ အတက်အဆင်းပြုကြသည်။

နောက်ပိုင်းရောက်တော့မှ အတက်အဆင်းလွယ်ကူစေရန် သံလှေကားများ တပ်ဆင်ကြခြင်းဖြစ်ပေသည်။

ယခုအခါမှာတော့ တောင်ကလပ်ထိပ်ပေါ်မှာ စေတီများ၊ အာရုံခံတန်ဆောင်းများ ရှိနေပြီဖြစ်သော်လည်း ယခင်ကတော့ မရှိပေ။





ရှေးအခါက တောင်ကလပ်ထိပ်ပေါ်တွင် အမြဲနေထိုင်သူများ မရှိပေ။ ထို့ပြင် ဂမုန်းပင်နှင့် ဆေးပင်တို့ များစွာပေါများလှပေရာ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့ လာရောက်ဆေးကြိတ်သွားသောနေရာများ ရှိလေသည်။

အချို့နေရာများတွင် အင်းအိုင်စမများ၊ ဆေးကျောက်ဖျဉ်များ၊ ဆေးကြိတ်သောကျောက်တုံးများ၊ အချို့ ဆေးကျောက်ဖျဉ်များပေါ်မှာ ကြိတ်ပြီးကျန်ခဲ့သည့် ဆေးကြွင်းဆေးကျန်၊ ဆေးတပ်များ တွေ့ရတတ်သည်။ အချို့ ထိုက်သူများ ရကြလေသည်။

အချို့လည်း တောင်ကလပ်ထိပ်ပေါ်၌ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများ၊ သူတော်စင်များ၊ ထွက်ရပ်ပေါက်ရဟန်းများနှင့် အမှတ်မထင် တွေ့ဆုံရတတ်သည်။

တချို့လည်း ဝိဇ္ဇာနှင့်တွေ့ရသော်မှ ဝိဇ္ဇာမှန်းမသိကြသဖြင့် အခွင့်အရေးဆုံးရှုံးခဲ့ကြရကြောင်းကို အခြားရေးသားပြီးခဲ့သည့် စာအုပ်အချို့တွင် ဖော်ပြပေးခဲ့ပြီးဖြစ်၏။

နီမောင်သည် လွယ်အိတ်တစ်လုံးကိုလွယ်ပြီး တောင်ကလပ်ထိပ်ပေါ် တက်ခဲ့လေသည်။

သူတက်သောအချိန်က သံလှေကားများ မတပ်ဆင်ရသေးဘဲ ဝါးလှေကား၊ နွယ်ကြိုးလှေကားများသာရှိသဖြင့် ထိုလှေကားများမှ အပေါ်ရောက်အောင်တက်သွားရာ ညနေပိုင်းအချိန်ရောက်မှ တောင်ထိပ်ပေါ်ရောက်သွားလေသည်။

တောင်ကလပ်ထိပ်ပေါ်ရောက်သောအခါ ပါလာသောရေဘူးကိုသောက်ပြီး အတန်ကြာအောင် အမောဖြေနေရသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူ့လွယ်အိတ်ထဲမှာ စောင်ကြမ်းတစ်ထည်၊ ဖယောင်းတိုင်ထုပ်၊ မီးခြစ်၊ မုန့်ခြောက်အချို့နှင့် ရေဘူးတို့ပါလာလေသည်။

အမောပြေသောအခါမှ တောင်ကလပ်ထိပ်ပေါ်သို့ လိုက်လံကြည့်ရှုလေသည်။

ထိုတောင်ထိပ်ပေါ်မှ လှမ်းကြည့်တော့မှ ပုပ္ပားတောင်မကြီးမှ မြင်ကွင်းများကို ရှင်းလင်းစွာလှမ်းမြင်ရသည်။

ထိုသို့ကြည့်နေရင်းမှ သိဒ္ဓိပေါက်သောပုဂ္ဂိုလ်တို့သည် ပုပ္ပားတောင်မကြီးနှင့် တောင်ကလပ်ထိပ်ပေါ်သို့ အချိန်မရွေး ကူးချည်သန်းချည်ပြုလုပ်ကြပုံများကို မျက်စိထဲမှာမြင်ယောင်နေမိသည်။

ပုပ္ပားတောင်မကြီးမှာရှိသော ဂမုန်းပင်၊ ဆေးပင်များကို ဆောင်ယူလာပြီး တောင်ကလပ်ထိပ်ရောက်တော့မှ ဆေးကျောက်ပျဉ်ပေါ်မှာ ဆေးကြိတ်ကြလေသည်။

ထိုနေရာမှာကျန်ခဲ့သော ဆေးကြွင်းဆေးကျန်များ ရကြေ လျှင်ပင် များစွာအကျိုးများလေသည်။

အမောပြေသောအခါ တောင်ကလပ်ထိပ်ပေါ်သို့ လိုက်ကြည့်ရာ တစ်နေရာရောက်တော့ တောင်ကလပ်ထိပ်ပေါ်ရှိ စေတီရှေ့တွင် ငြိမ်သက်စွာအဓိဋ္ဌာန်ဝင်နေသော အဘိုးကြီး တစ်ယောက်ကို တွေ့ရလေသည်။

ဖျင်ကြမ်းတိုက်ပုံအဟောင်းနှင့် ပုဆိုးအကွက်တစ်ထည်ကို ဝတ်ထားပြီး ကြီးမားသောပုတီးကို တချောက်ချောက်မြည်





အောင် စိပ်နေသည်။

ဦးခေါင်းပေါ်မှာလည်း ကက်ဦးထုပ်ဟောင်းတစ်လုံးကို ဆောင်းထားလေသည်။

နီမောင်မှာ သူ့အတွက်အဖော်တစ်ယောက် ရှိနေသောကြောင့် အားရှိသွားလေသည်။

သို့ကြောင့် စေတီတော်၏ အခြားတစ်နေရာသို့သွားပြီး အမွှေးတိုင်၊ ဖယောင်းတိုင်များကို မီးထွန်းပူဇော်လေသည်။ ပြီးမှ ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်းများကို အချိန်အတော်ကြာအောင် ပြုလုပ်လေသည်။

နီမောင်သည် ဘုရားရှိခိုး၊ အဓိဋ္ဌာန်ဝင်ပြီးတိုင်း သူ့ဘဝတစ်လျှောက်လုံးမှာ အလုံခြုံဆုံးဟုယူဆသော အရာတစ်ခုကို သစ္စာပြုလေ့ရှိသည်။

"ဘုရားတပည့်တော်သည် လူမှန်းသိတတ်စ၊ မကောင်းမှုကို သိသောအချိန်မှစ၍ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်ပါ၏ ဘုရား၊

ဘုရားတပည့်တော်သည် လူမှန်းသိတတ်စ မကောင်းမှုကို သိသောအချိန်မှစ၍ အရက်သေစာသောက်စားခြင်းကို ရှောင်ကြဉ်ခဲ့ပါသည်ဘုရား၊

ဘုရားတပည့်တော်သည် လူမှန်းသိတတ်စ၊ မကောင်းမှုကို သိသောအချိန်မှစ၍ ကာမေသုမိစ္ဆာစာရကံကို မချိုးဖောက်မိအောင် စောင့်ထိန်းခဲ့ပါသည်ဘုရား၊

ဤသစ္စာမှန်ကန်ပါက ဘုရားတပည့်တော် တွေ့လို



www.burmeseclassic.com

www.burmeseclassic.com



သော ပုဂ္ဂိုလ်ထူးနှင့် ကြုံကြိုက်ခွင့်ရပါစေဘုရား"

ထို့နောက် မေတ္တာပို့ခြင်း၊ အမျှအတန်းများ ဝေပြီးသော အခါ ညဦးပိုင်းအချိန်သို့ ရောက်နေချေပြီ. .။

ဘုရားဝတ်ပြုပြီး နေရာမှထလိုက်သောအခါ သူနှင့်မနီးမဝေးမှာထိုင်နေသော အဘိုးကြီးကိုတွေ့ရလေသည်။

"ဘာတွေများဒီလောက်ကြာအောင် ဆုတောင်းနေတာလဲကွ. ."

နီမောင်က ရယ်လိုက်ပြီး သူဆုတောင်းသော အကြောင်းအရာများကို ပြောပြလိုက်သည်။

"ဒါပဲလား. . . ချမ်းသာဖို့ ဆုမတောင်းဘူးလား"

"လူမချမ်းသာချင်နေပါစေအဘရယ်. .၊ စိတ်ချမ်းသာရင် တော်ပါပြီ. ."

"ဒီလိုသဘောထားနိုင်ရင်တော့ အကောင်းဆုံးပေါ့ကွာ ကိုယ်လုပ်ရမယ့်အလုပ်တွေကို မှန်မှန်လုပ်နေရင် တစ်နေ့မှာတော့ မင်းလိုချင်တာလည်း ရစေမပေါ့၊ တွေ့ချင်တဲ့သူလည်း တွေ့ရစေမပေါ့. ."

ဟု ပြောပြီး အခြားနေရာဘက်သို့ ထသွားလေတော့သည်။ နီမောင်လည်း ထိုစကားတစ်ခွန်းကြားလိုက်ရသည်နှင့်ပင် စိတ်ထဲမှာ အားရှိလာသကဲ့သို့ ခံစားလိုက်ရလေသည်။





# အခန်း(၄)

# အချစ်အတွက်ကြောင့် ကြေကွဲခဲ့ရသူ

နောက်တစ်နေ့နံနက်ပိုင်းအချိန်တွင် တောင်ကလပ်ပေါ်မှာ လိုက်လံရှာဖွေကြည့်သော်လည်း ထိုအဘိုးကြီးကို မတွေ့ရတော့ပေ။

သူ့အရင် ပြန်ဆင်းသွားပြီဟု ထင်မိသဖြင့် သူလည်းပြန်ဆင်းလာလေသည်။

ထမင်းဆိုင်သို့ပြန်ရောက်သောအခါ မြနှင်းဖြူက သူတစ်ယောက်နှင့် စကားပြောနေရာမှထလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကလည်း အကဲခတ်သလိုဖြင့် နောက်မှထလိုက်လာလေသည်။

ထိုသူမှာ မြနှင်းဖြူကိုပိုးပန်းနေသည့် ကျော်ဇံပင်ဖြစ်လေသည်။

"ကိုနီမောင်. . ပြန်ဆင်းလာပြီလား"

"ဟုတ်ကဲ့. . "

"ထမင်းစားတော့မလား"

"မစားသေးပါဘူး၊ ခဏနားပြီးမှပဲ စားတော့မယ်"

"ဒါထက် ဘယ်တော့ပြန်ဆင်းမှာလဲ"

"ဒီတစ်ညတော့ ဒီမှာတည်းပြီး မနက်စောစောမှပဲ ပြန်ဆင်းတော့မယ်. . "

ထိုစကားကြောင့် မြနှင်းဖြူမျက်နှာပေါ်မှာ ကျေနပ်မှုကလေးများဖြစ်ပေါ်သွားလေသည်။

"မြလေး. . သူကဘယ်သူလဲ"

ကျော်ဇံက ဝင်မေးလိုက်သည်။

မြနှင်းဖြူနှင့် နီမောင်တို့ တရင်းတနှီးဖြစ်နေကြသည်ကို မြင်သောအခါ ကျော်ဇံမှာ မကျေမနပ်ဖြစ်နေဟန်ရှိသည်။

"သူ့နာမည်က ကိုနီမောင်လို့ခေါ်ပါတယ်၊ ကြောင်လျှာတောရွာဘက်ကလာတာ"

"နင်နဲ့ဘယ်တုန်းက သိနေတာလဲ"

"သူက အရောင်းအဝယ်လုပ်နေတဲ့ ကုန်သည်တစ်ယောက်ပဲ၊ ဒီပုပ္ပားဘက်ကိုလည်း မကြာခဏရောက်တယ်၊





ရောက်တိုင်း ဒီဆိုင်မှာဝင်တည်းနေကြပဲ. . "

ထိုအချိန်မှ နီမောင်က သူအပ်ထားခဲ့သော အထုပ်ကို တောင်းယူပြီး ကွပ်ပျစ်ရှိရာသို့ ထွက်သွားလေသည်။

"အခုအချိန်က ခေတ်ကာလကောင်းတာမဟုတ်ဘူး၊ ရပ်ဝေးကလာတဲ့လူတွေကို ဘာဖြစ်လို့ တရင်းတနှီးဆက်ဆံနေရတာလဲ၊ အင်္ဂလိပ်သူလျှိုမှန်းမသိ၊ ဂျပန်ဘက်က သူလျှိုမှန်းမသိနဲ့ တော်ကြာ နင်တို့ပါ ဒုက္ခရောက်နေလိမ့်မယ်၊ အခုခေတ်ကာလက ဘယ်သူမှ စိတ်ချယုံကြည်ရတာမဟုတ်ဘူး"

"နင်ကလည်း လူတစ်ဖက်သားကို အထင်အမြင်သေးလိုက်တာ. . "

"အထင်သေးလို့ပြောတာ မဟုတ်ဘူး. . နင့်အတွက် စိုးရိမ်လို့ သတိပေးနေရတာ. . "

"အောင်မယ်. . နင်နဲ့ငါနဲ့က ဘာများပတ်သက်နေလို့ ခဆီမဆိုင် ငါ့အတွက်စိုးရိမ်နေရတာလဲ"

"ဒီလိုတော့မပြောပါနဲ့ မြလေးရာ၊ နင်နဲ့ငါနဲ့က တစ်ရပ်ထဲအတူနေခဲ့ကြပြီး တစ်ယောက်အကြောင်းတစ်ယောက် သိနေကြသူတွေပဲ၊ နောက်ပြီး. . . ငါ နင့်အပေါ်မှာ ဘယ်လောက်သံယောဇဉ် ရှိနေတယ်ဆိုတာလည်း နင်သိပါတယ်. . "

"ဒါကတော့ နင့်သဘောပဲပေါ့၊ ငါဘက်ကတော့ နင့်အပေါ်မှာ မိတ်ဆွေတစ်ယောက်လိုပဲ သဘောထားနိုင်မယ်၊ ဟိုမှာ ဈေးဝယ်မယ့်သူတွေရောက်လာလို့ ငါဈေးရောင်းလိုက်ဦးမယ်"

ဟုပြောကာ မြနှင်းဖြူက နေရာမှထသွားလေရာ ကျော်



www.burmeseclassic.com

www.burmeseclassic.com



ဇံမှာ မကျေမနပ်ဖြင့် ထွက်သွားလေသည်။

ညနေပိုင်းရောက်တော့ ညအိပ်ညနေ တည်းခိုကြမည့် ဘုရားဖူးတစ်ဖွဲ့ ထပ်ရောက်လာသောကြောင့် တဲအတွင်းမှာ စည်စည်ကားကား ရှိနေလေသည်။

ည၃ချီပိုင်းအချိန်ရောက်တော့ တိုက်နယ်သူကြီး ဦးဘိုးမှင်နှင့် ရင်းတပည့်များရောက်လာပြီး ဧည့်သည်များကို လာရောက်စစ်ဆေးလေသည်။

အခြားသူများကို ဝတ်ကျေတမ်းကျေသာ မေးပြီး နီမောင်ကိုတော့ ခေါ်ပြီး မေးမြန်းစစ်ဆေးလေသည်။

"မင်းနာမည်ဘယ်သူလဲ"

"နီမောင်လို့ခေါ်ပါတယ်"

"ဘယ်မှာနေတာလဲ"

"ကြောင်လျှာတောရွာမှာနေပါတယ်"

"ဒီကိုဘာလာလုပ်တာလဲ"

"တောင်ကလပ်ပေါ်တက်ပြီး အမိဋ္ဌာန်ဝင်ဖို့လာတာပါ"

"မင်းပြောတိုင်းတော့ မယုံနိုင်ဘူး၊ အခုခေတ်ကာလမှာ ဘယ်သူ့ကိုမှ ယုံကြည်စိတ်ချလို့မဖြစ်ဘူး၊ ဒီတော့ မင်းငါနဲ့ လိုက်ခဲ့ရမယ်၊ ဟိုရောက်လို့စစ်ဆေးကြည့်လို့ အပြစ်မရှိတော့ မင်းသွားချင်ရာသွားပေါ့. ."

ဟု ပြောသောအခါ မနီးမဝေးမှာရှိသော မြနှင်းဖြူမှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။ သို့သော် သူမအနေနဲ့ ဘာမှဝင်မပြောသာပေ။





နီမောင်ကလည်း ထွေထွေထူးထူးဘာမှ ပြောမနေတော့ဘဲ ရင်းပစ္စည်းများကို သိမ်းဆည်းနေသည်။

ထိုအခိုက်မှာပင် ဆိုင်အတွင်းမှာ တည်းနေကြသော ဧည့်သည်များထဲမှ အသက်ငါးဆယ်ကျော်အရွယ်ခန့် လူကြီးတစ်ယောက် ကထလာပြီး မေးသည်။

"သူ့ကိုဘာကြောင့်ခေါ်သွားမှာလဲ"

"မသင်္ကာလို့ စစ်ဆေးကြည့်မလို့ ခေါ်သွားမှာပါ"

"ခင်ဗျားက ဘယ်သူလဲ"

"ကျုပ်နာမည်က ဦးဘိုးမှင်လို့ခေါ်တယ်၊ တိုက်နယ်သူကြီးပဲ၊ ဒီနေရာတစ်ဝိုက်မှာ ကျုပ်ကိုမသိတဲ့သူမရှိဘူး. ."

ဟု လေသံခပ်မာမာဖြင့် ပြောလိုက်သည်။

ထိုသို့ပြောလိုက်လျှင် ဧည့်သည်ကြီး၏အမူအရာပြောင်းသွားပြီး ကြောက်လန့်သွားမည်ဟုထင်သော်လည်း ထိုသို့မဖြစ်ဘဲ ခပ်အေးအေးသာရှိနေသည်။

"ခင်ဗျားဘယ်သူလဲ. . ဘာကြောင့်ဝင်မေးတာလဲ"

"ဒီသူငယ်မှာ ဘာမှအပြစ်မရှိဘူးဆိုတာ ကျုပ်အကဲခတ်ကြည့်ရုံနဲ့သိပါတယ်၊ ဒီလိုမသင်္ကာတိုင်းသာ လူတွေကိုလိုက်ဖမ်းနေရင် အပြစ်ရှိတဲ့သူတွေက ကြည့်ပြီးရယ်နေမှာပေါ့၊ ကျုပ်နာမည် ဦးမင်းဒင်လို့ခေါ်တယ်၊ ကျုပ်လည်း အစိုးရအရာရှိတစ်ယောက်ပါပဲ၊ မကွေးတိုင်းရုံးမှာ ရုံးထိုင်တယ်. ."

ထိုစကားကြားသောအခါ ဦးဘိုးမှင်မှာ မျက်စိမျက်နှာပျက်သွားရုံမကဘဲ ပျာပျာသလဲ ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရာဇဝတ်ဝန်ထောက် ဦးမင်းဒင်များလား"

"ဟုတ်ပါတယ်. . ဧည့်သည်တွေကိုပို့ရင်းနဲ့ အကြောင်းကိစ္စတစ်ခု စုံစမ်းဖို့ရှိတာနဲ့ ရုပ်ဖျက်ပြီးလာခဲ့တာပါ"

"ကျွန်တော်မျိုးမသိလို့ မောက်မောက်မာမာ ပြောမိဆိုမိတာ ခွင့်လွှတ်ပေးပါ ဝန်ထောက်မင်း၊ ရောက်တဲ့အခိုက် ဒီနေရာမှာ မတည်းပါနဲ့၊ ကျွန်တော်မျိုးအိမ်ကိုကြွပါ၊ ရောက်တုန်းရောက်ခိုက် ဧည့်ခံပြုစုပါရစေ. ."

"နေပါရစေဗျာ. . ကျုပ်က ကိုယ့်အစီအစဉ်နဲ့ လာတာဆိုတော့ မတည်းတော့ပါဘူး. ."

ဟု ပြောလိုက်တော့မှ ဦးဘိုးမှင်လည်း ထပ်မပြောတော့ဘဲ ဆိုင်ရှင်ဦးစံပေါ်တို့လင်မယားကို တစ်စုံတစ်ခုသွားပြောပြီး နီမောင်ကိုမခေါ်တော့ဘဲ ပြန်သွားကြလေသည်။

ဦးဘိုးမှင်နောက်မှ ပါလာသောကျော်ဖဲကတော့ မကျေနပ်သောမျက်နှာဖြင့် ပြန်ပါသွားလေသည်။

ထိုအခါမှ နီမောင်က အထုပ်များကိုပြန်ချပြီး ဦးမင်းဒင်ဆိုသောလူကြီးကို ကျေးဇူးတင်ကြောင်း ပြောရလေသည်။

"မလိုပါဘူး. . ငါ့တူရယ်၊ ငါတို့က မြန်မာလူမျိုးအချင်းချင်းတွေပဲ၊ အခုလို အမြင်မတော်တာတွေ့ရင် ဝင်ပြီးအကူအညီပေးရမှာပေါ့. ."

ဟု ပြောလေသည်။

ထိုအခြေအနေကိုမြင်တော့မှ မြနှင်းဖြူလည်း စိတ်သက်သာရာ ရသွားလေသည်။





နောက်တစ်နေ့နံနက်ပိုင်း အချိန်မှာတော့ နီမောင် ပြန်သွားလေသည်။

သို့သော်လည်း တစ်လတစ်ခေါက်၊ နှစ်လတစ်ခေါက်တော့ ပုပ္ပားတောင်ကလပ်သို့ ရောက်လာလေ့ရှိသည်။

ထိုသို့ရောက်လာတိုင်းလည်း စေတနာထမင်းဆိုင်မှာပင် ဝင်ရောက်တည်းခိုလေသည်။

လအတန်ကြာသောအခါ နီမောင်နှင့် မြနှင်းဖြူတို့မှာ ပွင့်ပွင့်လင်းလင်း မရှိကြသေးစေကာမူ တစ်ယောက်ရင်ထဲမှာရှိနေသောသဘောကို တစ်ယောက်က ရိပ်မိသောအခြေအနေသို့ ရောက်ခဲ့ကြသည်။

ထိုအခြေအနေကို မိဘများက အကဲခတ်မိသော်လည်း ထွေထွေထူးထူး ပြောဆိုကန့်ကွက်ကြခြင်းတော့ မရှိကြပေ။ သို့သော်လည်း အနှောင့်အယှက်တစ်ခုကတော့ ရှိနေသည်။

အခြားသူတော့ မဟုတ်ပေ. . ။

အစ်ကိုဖြစ်သူ ထွန်းခပင်ဖြစ်သည်။

ထွန်းခက အိမ်ထောင်ကျပြီးသည့်တိုင် စီးပွားမခွဲဘဲ မိဘများနှင့်အတူ ပူးပေါင်းနေသူဖြစ်သည်။

၎င်းက ဦးစံပေါ်ပိုင်ဆိုင်သော ထန်းတောများကို လုပ်ကိုင်နေပြီး ထန်းတောမှာအလုပ်မရှိသည့်အခါ ထမင်းဆိုင်မှာဝိုင်းကူရင်း စားသောက်နေလေသည်။ သူ့တွင် မိန်းမနှင့် သားတစ်ယောက်ရှိရာ ၎င်းတို့ကိုပါ ခေါ်လာလေသည်။

ထွန်းခက ဆိုင်မှာဝိုင်းလုပ်နေရင်းနှင့် နီမောင်နှင့်မြနှင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြူတို့အခြေအနေကို ရိပ်မိသဖြင့် မိဘများကိုအသိပေးသည်။

"အမေ. . အမေ့သမီးက ဟို ကြောင်လျှာတောဘက်ကလာတဲ့ကောင်လေးကို သဘောကျနေပုံရတယ်၊ အမေတို့ သိကြရဲ့လား. . "

"ငါလည်း ငယ်ရာကကြီးလာတာပဲ၊ သိတန်သလောက်တော့သိပါတယ်၊ သူလည်း အချိန်တန်အရွယ်ရောက်နေပြီဆိုတော့ သူ့သဘောကျ ရွေးချယ်ခွင့်ရှိတာပဲ. . "

ဒေါ်လှမေက အေးအေးဆေးဆေးပင် ပြန်ပြောလေသည်။

"အို. . ဒီလိုလည်း သူ့သဘောနဲ့သူ လွှတ်ထားလို့ ဘယ်ဖြစ်မလဲ အမေရ၊ သူသဘောကျနေတဲ့ကောင်လေးက ကိုယ့်ရပ်ကိုယ့်ရွာက ခါတ်သိတဲ့သူလည်းမဟုတ်ဘူး၊ သူ့အကြောင်းလည်း ကိုယ်မသိ၊ ကိုယ့်အကြောင်းလည်း သူမသိနဲ့ ဖြစ်မယ်မထင်ပါဘူးဗျာ"

"မဖြစ်ဘူးထင်တော့ မင်းက ဘယ်လိုစိတ်ကူးရှိလို့လဲ"

"ကျွန်တော့်သဘောကတော့ ကိုယ်နဲ့ခါတ်သိတဲ့သူနဲ့ပဲ ပေးစားလိုက်ချင်တယ်. . "

"မင်းက ဘယ်သူ့ကိုများမြင်ထားလို့လဲ"

"ကျွန်တော်နဲ့ထန်းတောချင်းကပ်လျက်က ဘိုးထင်နဲ့ဆိုရင် သင့်တော်မယ်လို့ထင်တာပဲ"

"ဟဲ့. . ဘိုးထင်က အသက်(၃၀)ကျော်လောက်ရှိနေပြီ နောက်ပြီး သူက အိမ်ထောင်ကျပြီးသားလူဆိုတော့ မင်းနှမက





သဘောကျမှာမဟုတ်ဘူး"

"ဘိုးထင်က ကျွန်တော်နဲ့ရွယ်တူပါပဲ၊ ဒီလောက်အသက်မကြီးသေးပါဘူး၊ အိမ်ထောင်ကျပြီးပေမယ့် သူတို့က ကင်းရှင်းနေကြပါပြီ၊ သူက ထန်းတောပိုင်လည်းရှိတယ်၊ ကိုယ်နဲ့လည်း ခင်မင်နေတဲ့သူဆိုတော့ အဆင်ပြေမယ်ထင်တာပဲ"

"မင်းက အဆင်ပြေပေမယ့် ကာယကံရှင်သဘောက ရှိသေးတာကိုး၊ ငါ့အထင်တော့ လက်ခံမယ်မထင်ပါဘူး. . "

ထွန်းခက စိတ်ပျက်လက်ပျက်အမူအရာဖြင့် ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိဖွာနေသည်။

အတန်ကြာတော့မှ. .

"ဘိုးထင်ကိုသဘောမကျရင်လည်း သူ့ကိုသဘောကျနေတဲ့ သူကြီးသား ကျော်ဖံနဲ့သာ မြန်မြန်ပေးစားလိုက်တာကောင်းမယ်"

ဟု ပြောသည်။

"ဒါထက်နေပါဦး၊ သူ့ဘာသာနေတဲ့မိန်းကလေးကို ဘာကြောင့် ဒီလောက်ယောက်ျားပေးစားချင်နေရတာလဲ ပြောပါဦး"

"အမေတို့မသိပါဘူး. . တော်ကြာ အမေ့သမီး တခြားကလာတဲ့လူနောက် ပါသွားတော့မယ်၊ အဲ့ဒီလိုသာဆိုရင်တော့ ကျွန်တော်က မတွေ့တွေ့အောင်လိုက်ရှာပြီး နှစ်ယောက်စလုံးကို သတ်ပစ်မှာ. . "

ဟု ပြောပြီး ထသွားလေသည်။

ထိုအခြေအနေမျိုးပေါ်လာသောအခါ မိခင်ဖြစ်သူ ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



လှမေလည်း အေးအေးမနေသာတော့ဘဲ ဦးစံပေါ်နှင့်တိုင်ပင်ပြီး သမီးဖြစ်သူကို အကျိုးအကြောင်းခေါ်ပြောရလေသည်။

"ငါ့သမီးလည်း အချိန်တန်အရွယ်ရောက်ပြီဆိုတော့ အမေတို့ကတော့ သင့်တော်တဲ့သူနဲ့ အိမ်ထောင်ချပေးချင်တာပဲ. ."

"အမေတို့က ဘယ်သူနဲ့ရည်ရွယ်ထားလို့လဲ"

"နင့်အစ်ကိုရဲ့သူငယ်ချင်း ဘိုးထင်နဲ့ဆိုရင် အဆင်ပြေမယ် ထင်တာပဲ"

"မယူချင်ပါဘူး အမေရယ်၊ ကျွန်မရုပ်ရည်နဲ့ တစ်ခုလပ်တစ်ယောက်တော့ မယူပါရစေနဲ့"

"ဒီလိုဆိုရင် မောင်ကျော်ဇံလေးနဲ့ဆိုရင်ကော အဆင်ပြေနိုင်မလား. ."

"မဖြစ်နိုင်ပါဘူး အမေရယ်၊ မိဘလုပ်စာထိုင်စားပြီး ဘာအလုပ်မှ လက်ကြောတင်းအောင်မလုပ်ချင်တဲ့သူမျိုးလည်း မယူချင်ပါဘူး. ."

"ငါတို့ကတော့ သင့်တော်မယ်ထင်တာတွေ ပြောပြတာပဲ၊ ဒါမှ သဘောမကျဘူးဆိုရင်တော့ ညည်းသဘောကျတဲ့သူ ရှိနေလို့လား. ."

ဟု ပွင့်ပွင့်လင်းလင်းမေးလိုက်လေသည်။

"အခုအချိန်ထိတော့ ကျွန်မမှာ ချစ်သူမရှိသေးပါဘူး"

"ဟိုကောင်လေးနဲ့ အခြေအနေကရော ဘယ်လိုလဲ"

"ဘယ်ကောင်လေးလဲ. . အမေရဲ့"





"ကျောင်းလှျာတောကလာတဲ့ နီမောင်ကိုပြောတာ"

"သူနဲ့က ရိုးရိုးသားသားခင်တာပါ အမေရဲ့"

"ဒီလိုဆိုရင်လည်းပြီးတာပဲ၊ ငါတို့ကတော့ သင့်တော်တဲ့သူတွေ့ရင် အိမ်ထောင်ချပေးချင်ပြီ. ."

ဟု ဖွင့်ပြောလေသည်။

မိခင်ဖြစ်သူက ဖွင့်မေးလာသောအချိန်မှာ အမှန်အတိုင်း ပင်ပြောလိုက်ရသော်လည်း သူတို့နှစ်ယောက်၏ အတွင်းသဘောကိုတော့ သိနေကြပြီးဖြစ်လေသည်။

နောက်ပိုင်းလများမှာလည်း နီမောင်က တစ်လတစ်ခေါက်၊ နှစ်လတစ်ခေါက် ရောက်လာလေ့ရှိသည်။ ရောက်လာတိုင်းလည်း မြနှင်းဖြူတို့ထမင်းဆိုင်မှာပင် တည်းလေသည်။

ပြီးလျှင် တောင်ကလပ်ပေါ်တက်ပြီး အဓိဋ္ဌာန်ဝင်ခြင်း၊ တောင်ခြေတစ်ဝိုက်သို့လှည့်လာ တစ်စုံတစ်ယောက်အား လိုက်လံရှာဖွေတတ်လေသည်။

"ကိုနီမောင် ဒီရောက်တိုင်း တစ်ယောက်ယောက်ကို ရှာနေသလိုပဲ. . ဘယ်သူ့ကိုတွေ့ချင်လို့လဲ"

"အခုထိတော့ မရောက်လာသေးပါဘူး"

"ဘယ်သူလဲဟင်"

"ကျွန်တော်လည်း တစ်ခါမှမမြင်ဖူးသေးတော့ ဘယ်သူမှန်း မသိရသေးဘူး"

ထိုစကားကြောင့် အံ့သြသွားမိလေသည်။

နောက်အခေါက် ရောက်လာသောအခါ နီမောင်က



www.burmeseclassic.com

www.burmeseclassic.com



သူ့သဘောထားကို ဖွင့်ပြောလာသည်။

"ကျွန်တော် အမှန်အတိုင်းဖွင့်ပြောရရင် မြနှင်းဖြူအပေါ်မှာ စိတ်ဝင်စားနေပါတယ်၊ မေတ္တာလည်း ရှိနေပါတယ်၊ ကျွန်တော့် မေတ္တာကိုလက်ခံပေးပါ. ."

ထိုသို့ပြောလာသောအခါ မြနှင်းဖြူအနေကလည်း နီမောင်အပေါ်မှာ မေတ္တာသက်ဝင်နေသောကြောင့် ထွေထွေထူးထူး ငြင်းဆန်ခြင်းမပြုတော့ပေ။

"ကျွန်မ. . ကိုနီမောင်ရဲ့မေတ္တာကို လက်ခံပေးနိုင်ပါတယ်၊ သင့်တော်တဲ့အချိန်မှာ မိဘတွေဆီမှာ လာရောက်တောင်းရမ်းယူပါ"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာများ၊ ဒီလိုဆိုရင် ကျွန်တော့်မိဘတွေကို အသိပေးပြီး စေ့စပ်ကြောင်းလမ်းဖို့ စီစဉ်ပါ့မယ်. ."

ဟု ပြောဆိုကာ ပြန်သွားလေတော့သည်။

ထိုအခါ မြနှင်းဖြူက မိဘများကို အသိပေးလေရာ ထွေထွေထူးထူးတော့ မပြောကြပေ။

အစ်ကိုဖြစ်သူထွန်းခကသာ မကျေမနပ်ဖြစ်နေသည်။

သို့သော်မိဘများကိုယ်တိုင်က သဘောတူကြသဖြင့် သူလည်း ဘာမှမပြောသာတော့ပေ။

အံ့တကြိတ်ကြိတ်နှင့်သာ အခြေအနေကြည့်ရလေသည်။ ထိုသတင်းကို ဘထင်ကြားသောအခါ အပြစ်တင်သောစကားဆိုသည်။





"မြနှင်းဖြူက တခြားကလူတစ်ယောက်နဲ့ ယူကြတော့မယ်ဆို၊ မင်းပြောတော့. . တစ်မျိုးပါလား၊ မင်းပြောရင်အားလုံးပြီးတယ်ဆို"

"သူမှ မကြိုက်တာ၊ ငါကဘယ်တတ်နိုင်ပါ့မလဲ ဘထင်ရာ"

"ဒါဖြင့် ငါ့ဆီကယူထားတဲ့ငွေတွေကို ပြန်ဆပ်ဖို့သာပြင်ဆတော့၊ ငါက သူနဲ့အဆင်ပြေရင်သာ မင်းအပေါ်မှာရှိနေတဲ့ အကြွေးတွေကိုလျှော်ပေးမှာ၊ မဟုတ်ရင်တော့ အားလုံးပြန်တောင်းရမှာပဲ"

ထိုကဲ့သို့အကျပ်ကိုင်သောအခါ ထွန်းခမှာ အကျပ်ရိုက်သွားလေတော့သည်။

နှမဖြစ်သူနှင့်အဆင်ပြေအောင် အကူအညီပေးမည်ဟု ပြောပြီး ဘထင်ထံမှ ယူသုံးထားသောငွေက မနည်းတော့ပေ။ ဆိုင်းမှာဖဲရှုံးတိုင်း ဘထင်ထံမှငွေချေးယူရပေရာ အတော်ကိုများနေပေပြီ။

မြနှင်းဖြူ ရှိနေသရွေ့တော့ ဘထင်က အကြွေးမတောင်းပေ။ အကယ်၍အဆင်ပြေသွားလျှင် ထိုအကြွေးများကို လျှော်ပေးမည်ဟုပင် ပြောထားသည်။

ယခု မြနှင်းဖြူက သူနှစ်သက်သောသူကို ယူတော့မည်သတင်းထွက်လာသောအခါ ဘထင်က ကြွေးပြန်တောင်းနေချေပြီ။

ယူထားသောအကြွေးက မနည်းတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ ဆပ်စရာငွေတစ်ပြားမှမရှိပေ။

ဒီတစ်ကြိမ်တော့ ထွန်းခတစ်ယောက် အတော်ကလေး အခက်တွေ့ခဲ့ရပြီ ဖြစ်တော့သည်။

"ငါ့သဘောနဲ့ပြီးတာမှမဟုတ်တာ၊ အဖေအမေတို့သဘောကလည်း ရှိသေးတယ်လေကွာ၊ ငါ့နှမက မင်းကိုမယူလည်း မင်းကို ပေးစရာရှိတဲ့အကြွေးတွေကိုတော့ ငါက ပြန်ဆပ်မှာပါ"

"မဆပ်လို့လည်းမရဘူးလေ. . မဆပ်ရင် ငါက သူကြီးတိုင်ပြီးတောင်းမှာပေါ့. . "

ဟု ကြိမ်းမောင်းပြောဆိုလေသည်။

နောက်တစ်ပတ်ခန့်ကြာသောအခါ နီမောင်က သူ့မိဘများနှင့် မိတ်ဆွေသင်္ဂဟအချို့ကိုခေါ်လာပြီး စေ့စပ်ကြောင်းလမ်းကြလေသည်။

ဦးစံပေါ်နှင့်ဒေါ်လှမေတို့ကလည်း ကောင်းမွန်စွာဧည့်ခံကြလေသည်။

သူတို့အပြင် ပတ်ဝန်းကျင်မှလူကြီးအချို့ကိုပါ အသိသက်သေအဖြစ် ခေါ်ထားလေသည်။

နှစ်ဦးနှစ်ဘက် စေ့စပ်ကြောင်းလမ်းခြင်းကိစ္စ ပြောဆိုကြရာ အဆင်ပြေသော်လည်း သတို့သမီးဘက်မှ တင်တောင်းမည့်ခန်းဝင် ပစ္စည်းစာရင်းကို မေးလာလေသည်။

ထိုသို့မေးလာသောအခါ နီမောင်မိဘများမှာ မည်သို့ပြန်ပြောရမှန်း မသိကြတော့ပေ။

နီမောင်ဖခင် ဦးဘရှိန်ကတော့ပြောသည်။





"ကျွန်တော်တို့မှာ ဒီသားတစ်ယောက်ပဲရှိပါတယ်၊ တခြား အမွေခွဲပေးစရာလည်းမရှိပါဘူး၊ ကျွန်တော်တို့ပိုင်ဆိုင်တဲ့ လယ်တွေနဲ့အိမ်ခြံတွေဟာ သူ့အတွက်ပါပဲ"

"ဒါတွေကလည်းဒါပေါ့လေ၊ လောလောဆယ် မိန်းကလေးအတွက် ငွေသားကဘယ်လောက်၊ လက်ဝတ်လက်စားကဘာတွေပေးပြီး တင်တောင်းမယ်ဆိုတာတော့ပြောပါ. . "

ထိုသို့ပြောသောအခါ နီမောင်မိဘများမှာ မျက်စိမျက်နှာ ပျက်သွားကြသည်။

နီမောင်မှာလည်း မမျှော်လင့်သောအခြေအနေကြောင့် စိတ်ပူနေရလေသည်။

နီမောင်မိခင် ဒေါ်တျင်မေက. . .

"ဒီလိုဆိုမှတော့ ကျွန်မတို့ဘက်က ငွေသားငါးထောင်နဲ့ ရွှေလက်ဝတ်ရတနာ သုံးဆယ်သား မိန်းကလေးအတွက် တင်တောင်းပေးပါ့မယ်ရှင်"

ဟု ပြောလေသည်။

ထိုအခါ မနီးမဝေးမှာရှိနေသော ထွန်းခကဝင်ပြောသည်။

"ဒါတော့မဖြစ်နိုင်ပါဘူး၊ ကျုပ်ညီမကိုရမယ်ဆိုရင် ငွေထောင်ချီပြီး ဒီထက်မက တင်တောင်းမယ့်သူတွေ အများကြီးရှိပါတယ်၊ အဖေအမေတို့က အားနာလို့မပြောပေမယ့် ကျုပ်ကတော့ အစ်ကိုကြီးတစ်ယောက်အနေနဲ့ ပွင့်ပွင့်လင်းလင်းပြောရမှာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ညီမအတွက် ငွေတစ်သောင်းနဲ့ လက်ဝတ်ရတနာ ငါးဆယ်သား တင်တောင်းပေးမှ လက်ခံနိုင်ပါမယ်. . ”

ထိုစကားကြားသောအခါ အားလုံးမျက်လုံးပြူးသွားကြလေသည်။

ထွန်းခက မမျှော်လင့်ဘဲ ဝင်ပြောလိုက်သဖြင့် ဦးစံပေါ်တို့လည်း ဘာပြောရမှန်းမသိအောင်ဖြစ်သွားတော့သည်။

“အေးဗျာ. . စိတ်မကောင်းပါဘူး၊ မိန်းကလေးဘက်က တောင်းဆိုသလောက် ကျွန်တော်တို့ဘက်က မတတ်နိုင်ကြပါဘူး၊ ဒါကြောင့် စေ့စပ်ကြောင်းလမ်းခြင်းကို ပြန်ရုတ်သိမ်းပါတယ်”

ဟု ပြောဆိုပြီး ပြန်သွားကြတော့သည်။

မြနှင်းဖြူ ခမျာမှာတော့ မမျှော်လင့်သော အခြေအနေကြောင့် စေ့စပ်ပွဲပျက်သွားရသောကြောင့် အရှက်ရသည့်အပြင် စိတ်ထိခိုက်မှုလည်း များစွာဖြစ်သွားလေတော့သည်။

ထိုအခြေအနေကပင် သူမဘဝကို ပြောင်းလဲသွားစေတော့သည်။





# အခန်း(၅)

# ရွှေညောင်တောဝက စောင့်လင့်ကြပေရော

ထိုကဲ့သို့ စေ့စပ်ပွဲပျက်သွားခဲ့ပြီးနောက်တွင် နီမောင်တစ်ယောက် စေတနာထမင်းဆိုင်သို့ မလာတော့ပေ။ ထိုဆိုင်သို့ရောက်ဖြစ်တော့သော်လည်း တောင်ကလပ်ကိုလာရမည့်အချိန်ရောက်လျှင် လာသည်။

ယခင်ကလို စေတနာထမင်းဆိုင်မှာ မတည်းတော့ဘဲ ဆရာတော် ဦးကောသလ္လကျောင်းမှာ ခွင့်တောင်းပြီး တည်းခိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကျောင်းမှာ ကပ္ပိယလုပ်နေသော ဦးဖန်ကောင်းက သူ့ကိုမြင်လျှင်မြင်ချင်း ခင်မင်သဖြင့် သူ့အခန်းမှာပင် တည်းခွင့်ပေးလေသည်။

နီမောင်မှာ သူ့ကိုစွန့်သူ ပုပ္ပားသို့ရောက်လာသော အခါတွင် မြနှင်းဖြူကို သတိရနေမိသည်။

သူ့စိတ်ထဲတွင် မြနှင်းဖြူအပေါ်မှာ နားမလည်နိုင်အောင် ဖြစ်နေမိသည်။

မိဘများကိုခေါ်လာခိုင်းပြီးမှ တမင်အရှက်ခွဲသလို ဖြစ်နေလေသည်။

သူ့အတွက်အရှက်ရခဲ့ကြသော မိဘများအတွက် စိတ်မကောင်းဖြစ်နေမိသည်။

"အစကတည်းက ကိုယ့်မေတ္တာကို လက်မခံချင်လို့ ငြင်းချင်လည်းရပါလျက်နဲ့ မိဘတွေခေါ်လာခိုင်းပြီးတော့မှ ဒီလိုလုပ်ရက်တယ်. . ၊ ကိုယ်ဘယ်လိုနားလည်ရမလဲ. . မြနှင်းဖြူရယ်"

ဟု ရေရွတ်နေမိသည်။

သို့သော်လည်း သူလုပ်ရမည့်အလုပ်များကိုတော့ အပျက်မခံပေ။ တောင်ကလပ်ရောက်သည်နှင့် တောင်ထိပ်ပေါ် ရောက်အောင်သွားပြီး အဓိဋ္ဌာန်ဝင်သည်။

တောင်အောက်ပြန်ရောက်လျှင်လည်း လွန်ခဲ့သောသုံးနှစ်ခန့်က တောင်ကလပ်တွင် အမှတ်မထင်တွေ့ခဲ့ရသော အဘိုးကြီးတစ် ယောက်ပြောသွားသည့်အတိုင်း လူထူးလူဆန်းတစ်ယောက်ကို တွေ့ရလေနိုးဖြင့် လိုက်လံရှာဖွေကြည့်သည်။





ထိုအဘိုးကြီးက သူနှင့်တွေ့စဉ်က. . .

"တစ်နေ့ကျရင် တောင်ကလပ်ကို လူထူးလူဆန်းတစ် ယောက်ရောက်လာလိမ့်မယ်၊ မင်း သူနဲ့တွေ့အောင်သာ စောင့်ပေတော့. . . သူနဲ့တွေ့ရင် မင်းအတွက်အကျိုးကျေးဇူးတွေ အများကြီးရလိမ့်မယ်. . "

ဟု ပြောသွားဖူးလေသည်။

ထိုကဲ့သို့ပြောသွားသည်မှာ သုံးနှစ်ကျော်ခဲ့ပြီဖြစ်သော် လည်း နီမောင်ကတော့ မမေ့ပေ။

ထို့အတွက်ကြောင့်လည်း ပုပ္ပားတောင်ကလပ်သို့ မှန်မှန်ရောက်နေခြင်းဖြစ်၏။

တစ်နေ့တော့ ဦးဖန်ကောင်းကမေးသည်။

"မင်းဒီရောက်တိုင်း တစ်ယောက်ယောက်ကို လိုက်ရှာနေတယ်မဟုတ်လား၊ ဘယ်သူ့ကိုရှာနေတာလဲ"

နီမောင်က သူရှာနေသောသူအကြောင်းကို ပြောပြလိုက်သည်။

"ဒီလိုဆိုရင်လည်း စောင့်လက်စနဲ့ဆက်သာစောင့်ပေ့၊ မင်းအတွက် အကျိုးမယုတ်ပါဘူး၊ သူနဲ့မတွေ့ရရင်တောင်မှ ဒီမှာ အဓိဋ္ဌာန်ဝင်ဖြစ်နေတော့ ကိုယ့်အတွက်အကျိုးရှိတာပေါ့. . "

ဟု အားပေးလေသည်။

နောက်တစ်ခေါက်ရောက်သောအခါ ဆရာတော်ဦး ဆာသလ္လကို ဖူးတွေ့ခွင့်ရသည်။

ယခင်အခေါက်များက ဆရာတော်က သူ့အလုပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သူမို့ တွေ့ခွင့်မရပေ။

ဆရာတော်ဦးကောသလ္လမှာ ထွက်ရပ်ပေါက်လမ်းစဉ်ကို ကြိုးစားဆောင်ရွက်နေသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး အတော်အသင့် ခရီးပေါက်နေပြီဖြစ်၏။

ဆရာတော်နှင့်တွေ့သောအခါ ဆရာတော်က မေးသည်။

"မင်းဒီကို အကြောင်းနှစ်မျိုးနဲ့ လာနေတာမဟုတ်လား"

"မှန်ပါတယ်ဘုရား"

"ကိုယ်လုပ်ရမယ့် အမိဋ္ဌာန်ဝင်တဲ့အလုပ်ကိုတော့ မှန်မှန်သာလုပ်ပေါ့၊ မင်းတွေ့ချင်တဲ့ပုဂ္ဂိုလ်လည်း မကြာခင်ရောက်လာတော့မယ်၊ မင်းတို့ ရွှေညောင်တာဝက စောင့်လင့်ကြပေတော့"

ဟု မိန့်ကြားလေသည်။

ဆရာတော်မိန့်ကြားသည့်အထဲတွင် 'ရွှေညောင်တာဝ' ဟူသောစကားအဓိပ္ပါယ်ကိုတော့ သူ နားမလည်ပါချေ။

သို့သော်လည်း ထိုစကားကိုကြားရသောအခါ စိတ်ထဲမှာ အားရှိသလို ခံစားရလေသည်။

တစ်နေ့သ၌ တောင်ကလပ်ပေါ်၌ အမိဋ္ဌာန်ဝင်ပြီးနောက် ပြန်ဆင်းလာရာ ကျောင်းသို့ရောက်သောအခါ ဦးဝန်ကောင်းက သူ့ကို စာတစ်စောင်ထုတ်ပေးသည်။

"ဘယ်သူ့စာလဲ. . ကပ္ပိယကြီး"

"ကောင်မလေးတစ်ယောက်က မင်းကိုပေးဖို့ဆိုပြီး လာ





ပေးသွားတာပဲ"

နီမောင်က စာရွက်ခေါက်ကလေးကို ဖြန့်ကာဖတ်ကြည့်လိုက်သည်။

"ထိုမောင်..

ဒီတနေ့ည လူခြေတိတ်ချိန်မှာ ကျွန်မတို့အိမ်အနောက် ကညောင်ဝင်ကြီးအောက်ကိုလာခဲ့ပါ...

မြလေး.."

ဟူသောစာများကို တွေ့ရလေသည်။

ထိုစာကိုရသောအခါ စိတ်ထဲမှာဝမ်းသာသလို လှုပ်ရှားမှုလည်းဖြစ်နေမိသည်။

"သူ့မိဘဆွေမျိုးတွေကြောင့်သာ ငါတို့နှစ်ယောက် မနီးစပ်ကြရပေမယ့် မြလေးက ငါ့အပေါ်မှာတော့ အခုအချိန်ထိ သံယောဇဉ်ရှိနေသေးဟန်ပဲ. ."

ထိုသို့လည်း တွေးလိုက်မိသည်။

ထိုနေ့ည၌အချိန်ရောက်သောအခါ သူမ ချိန်းသည့်အတိုင်း အိမ်အနောက်ဘက်မှာရှိသော ညောင်ပင်ကြီးအောက်သို့ သွားရာ. . အသင့်စောင့်နေသော မြနှင်းဖြူကိုတွေ့ရလေသည်။

သူမက ပဝါတစ်ထည်ကို ဦးခေါင်းပေါ်မှာတင်ထားလေသည်။

"မြလေး. . မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ကိုမောင်. ."

"ကိုယ့်ကို စာရေးမှာတာ ဘယ်လိုအကြောင်းများ အရေးကြီးလို့လဲ"

နီမောင်က သူမနှင့်မနီးမဝေးနေရာရောက်သည်အထိ တိုးသွားပြီး မေးလိုက်သည်။

"ကိုမောင်ကို တောင်းပန်ချင်လို့ပါ၊ ဟိုတလောကဖြစ်တဲ့ ကိစ္စတွေဟာ ကျွန်မသဘောပါလို့ ဖြစ်ရတာမဟုတ်ပါဘူး၊ အစ်ကိုကဝင်ပြီးနှောင့်ယှက်လို့ ပျက်ခဲ့ရတာပါ၊ ပြီးတော့မှ အဖေနဲ့ အမေတို့လည်း စိတ်မကောင်းဖြစ်နေကြရတယ်"

ဟု ငိုသံပါသောအသံဖြင့်ပြောလေသည်။

ထိုစကားကြားတော့ နီမောင်လည်း စိတ်မကောင်းဖြစ်သွားမိလေသည်။

"ကိုယ်သဘောပေါက်ပါတယ်. . မြလေးတို့ မိသားစုအပေါ်မှာ ဘယ်လိုမှသဘောမထားပါဘူး. . ခွင့်လွှတ်ပါတယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ် ကိုမောင်၊ ဒါထက် ကျွန်မ မေးစရာတစ်ခုရှိတယ်. ."

"မေးလေ. ."

"အရင်ကလို ကျွန်မအပေါ်မှာ မေတ္တာရှိသေးရဲ့လားဟင်"

"ကိုယ်. . မြလေးအပေါ်မှာထားတဲ့မေတ္တာက အပြောင်းအလဲများတဲ့ မေတ္တာမျိုးမဟုတ်ပါဘူး၊ အခုလိုဖြစ်ကြရတာလည်း မြလေးမှာအပြစ်မရှိပါဘူး၊





မြလေးကို အရင်ကချစ်သလို ခုလည်းချစ်နေဆဲပါပဲ၊ တကယ်လို့ ကိုယ်တို့နှစ်ယောက် မဆုံကြရရင်တောင် မြလေးအပေါ်မှာထားတဲ့ ကိုယ့်မေတ္တာက ပျက်ပြယ်မှာမဟုတ်ပါဘူး. ."

ထိုသို့ပြောလိုက်သောအခါ မြနှင်းဖြူထံမှ ရှိုက်သံထွက်လာလေသည်။

ထို့ကြောင့် နီမောင်က အနားတိုးသွားပြီး သူမ ပခုံးကိုဖက်၍ နှစ်သိမ့်မှုပေးရလေသည်။

"ဒီလောက်လည်း ဝမ်းနည်းမနေပါနဲ့ကွယ်၊ ကိုယ်တို့နှစ်ယောက် ဖူးစာဖက်မှန်ရင်တော့ ဆုံစည်းခွင့်ရကြမှာပါ. ."

"ကိုမောင်. . ကျွန်မကိုတစ်ကယ်ချစ်ရင် အခုတစ်ခါတည်း ခေါ်သွားပေးပါလားဟင်"

ဟု ငိုသံဖြင့်ပြောသည်။

"ကိုယ်မြလေးရဲ့အချစ်ကို ယုံကြည်ပါတယ်၊ ဒီလိုလုပ်ရင် မြလေးမိဘတွေ အရှက်ရကြမှာပေါ့၊ နောက်ပြီး ကိုယ်ကလည်း ဒီနေရာကို မဖြစ်မနေလာရမယ့်ကိစ္စက ရှိနေသေးတော့ ဒီလိုလုပ်လို့ မဖြစ်သေးပါဘူး. ."

"ကျွန်မ ကိုမောင်နဲ့ဝေးရမှာ သိပ်ပြီးစိုးရိမ်တာပဲ"

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့ကွယ်၊ ကိုယ်တို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိနေသရွေ့ မဝေးနိုင်ပါဘူး၊ တကယ်လို့ မြလေးမှာ မတိုးသာမရှောင်သာ အခက်အခဲနဲ့တွေ့ရင်တော့ ကိုယ် မြလေးကိုခေါ်သွားပေးပါ့မယ်လို့ ကတိပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ ကိုမောင်ရယ်"

ဟု ပြောပြီး နီမောင်ရင်ခွင်ထဲသို့ မှီဝင်လာရာ နီမောင်ကလည်း ချစ်သူကိုယ်ကလေးကို အလိုက်သင့်ထွေးဖက်ထားလိုက်လေသည်။

ထိုအခိုက်အတန့်လေးမှာတော့ သူတို့နှစ်ယောက်အတွက် သောကများမေ့ပျောက်နေကြပြီး ချမ်းမြေ့လျက်ရှိနေကြပေသည်။

နောက်ထပ် လအနည်းငယ်ကြာသောအခါ ရွှေဂူချောင်တောရ၌ သီတင်းသုံးနေသော ဆရာတော်ဦးကောသလ္လမှာ ထွက်ရပ်လမ်းသို့ ကြွမြန်းသွားလေတော့သည်။

၎င်းမထွက်မီအချိန်တွင် တပည့်များ၊ ဒကာ၊ ဒကာမများကို ခေါ်ပြောသွားလေသည်။

"မကြာခင်မှာ ဒီပုပ္ပားတောင်ကလပ်ကို လူထူးလူဆန်းတစ်ယောက်ရောက်လာလိမ့်မယ်၊ မင်းတို့တစ်တွေ ရွှေညောင်တာဝက စောင့်လင့်ကြပေတော့. . "

ထိုကဲ့သို့မှာကြားခဲ့ပြီးမှ ထွက်ရပ်စခန်းသို့ ကြွမြန်းသွားလေတော့သည်။

တောင်ကလပ်ပတ်ဝန်းကျင်မှာ နေထိုင်ကြသူများမှာလည်း ဆရာတော်မှာကြားသွားသည်မှာ အကြောင်းမဲ့မဟုတ်မှန်းတော့ သိကြလေသည်။

သို့ကြောင့် ထူးထူးဆန်းဆန်းရောက်လာမည်ဆိုသော ထိုပုဂ္ဂိုလ်ကို စောင့်မျှော်နေကြလေသည်။





ထိုအထဲတွင် နီမောင်လည်းတစ်ယောက် အပါအဝင်ဖြစ်လေသည်။

တစ်ခါက တောင်ကလပ်ထိပ်ပေါ်မှာ အဘိုးကြီးတစ်ယောက်နှင့်တွေ့ရသောအချိန်က အဘိုးကြီးက ထိုစကားကိုပြောသွားခဲ့သည်။

ဆရာတော်ဦးကောသလ္လနှင့် တွေ့ရစဉ်မှာလည်း ထိုစကားကို ကြားရပြန်လေသည်။

ယခုတော့ ထိုစကားကို သူတစ်ယောက်တည်းသာမဟုတ်ဘဲ တောင်ကလပ်တစ်ဝိုက်တွင် ရှိနေကြသူများအားလုံးပါ စိတ်ဝင်စားနေကြတော့သည်။

နီမောင်ခမျာမှာလည်း စီးပွားရေးအလုပ်များကို လုပ်ရသည်ပင် စိတ်ကမဖြောင့်ချင်တော့ပေ။

သူမရှိခိုက် ထိုပုဂ္ဂိုလ်ရောက်လာပါက မတွေ့လိုက်၊ မမြင်လိုက်ရမည်ကို စိုးရိမ်နေမိသည်။

သို့ကြောင့် အလုပ်ကိစ္စများပြီးသည်နှင့် တောင်ကလပ်သို့ အရောက်လာရလေသည်။

မလာ၍လည်းမဖြစ်ပေ. . ။

မြနှင်းဖြူနှင့်လည်း မကြာခဏ ချိန်းတွေ့နေရသောကြောင့် သူ့အတွက်အရေးကြီးသော အလုပ်တာဝန်ကြီးနှစ်မျိုးကို တစ်ပြိုင်တည်းထမ်းဆောင်နေရသကဲ့သို့ ဖြစ်နေတော့သည်။

တစ်နေ့တော့ ကပ္ပိယကြီးဦးဖန်ကောင်းကပြောသည်။

"ဆရာတော်ပြောသွားတဲ့ လူထူးလူဆန်းဆိုတာ မကြာ

www.burmeseclassic.com



ခင် ရောက်လာတော့မယ်ကွ. . ”

“ကပ္ပိယကြီးက ဘယ်လိုသိနေတာလဲ”

“ဆရာတော်ပြောပြလို့ သိတာပေါ့”

“ဒါဖြင့် ရောက်လာတော့မယ့်ပုဂ္ဂိုလ်က ဘယ်လိုလူမျိုးလဲဟင်. . ”

“လူထူးလူဆန်းလို့တော့ပြောတာပဲ”

“ဘယ်လိုထူးဆန်းတာလဲ”

“သာမန်လူတွေနဲ့မတူလို့ဖြစ်မှာပေါ့”

ဦးဗန်ကောင်းက ဖိုဆွဲနေရင်းမှ စိတ်ရှည်လက်ရှည် ပြောပြနေရာ နီမောင်က အနားမှာထိုင်မေးနေခြင်း ဖြစ်ပေသည်။

နီမောင်မှာ ရွှေဂူချောင်တောရသို့ မကြာခဏရောက်လာလေ့ရှိပြီး လာတိုင်းလည်း ဦးဗန်ကောင်းအတွက် စားသောက်စရာများ၊ တဘက်၊ အကျီ၊ ပုဆိုးစသည်တို့ ယူလာပြီး ပေးသောကြောင့် တူသားနှောင်မယ်ပမာ ခင်မင်နေလေသည်။

“ဒါထက် သူ့နာမည်ကိုရော သိရပြီလား၊ ဘယ်သူတဲ့လဲ”

“ဘိုးမင်းခေါင်တဲ့”

“ဘိုးမင်းခေါင်. . ဟုတ်လား”

ဦးဗန်ကောင်းက ဖိုဆွဲနေရင်းမှ ခေါင်းညိတ်ပြသဖြင့် နီမောင်လည်း နောက်ထပ်ဆက်မမေးတော့ပေ။

သူ့စိတ်ထဲမှာတော့ တစ်ကြိမ်တစ်ခါမှမမြင်ဖူး၊ မတွေ့ဖူး





သေးသော ဘိုးမင်းခေါင်ဆိုသောပုဂ္ဂိုလ်မှာ ဘယ်လိုပုံပန်းသဏ္ဍာန် ရှိလေမည်လဲဟု စိတ်ထဲမှပုံဖော်ပြီး တွေးတောနေမိလေသည်။

“ဒါထက် မင်းက သူနဲ့တွေ့ရအောင်.လာစောင့်နေတယ်ဆိုတော့ သူနဲ့တွေ့ရင်ကော ဘယ်လိုလုပ်မယ် စိတ်ကူးထားသလဲ”

“စိတ်ထဲမှာ လုပ်ချင်တာတွေကတော့ အများကြီးပဲ၊ ဒါပေမယ့် မိဘတွေလည်းရှိသေးတော့ သင့်တော်သလောက်တော့ လုပ်မယ်လို့ စိတ်ကူးထားပါတယ်”

နီမောင်က စကားကို မယုတ်မလွန်အဖြေပေးလိုက်သည်။

“မိဘတွေအပြင် ကောင်မလေးအတွက်လည်း ပါသေးတယ်မဟုတ်လား. . ”

“ဟုတ်ပါတယ်. . ”

“မင်းက အသက်အရွယ်ငယ်သေးတော့ လောကီကိစ္စတွေကတော့ ရှိနေဦးမှာ ဓမ္မတာပါပဲ၊ ဒါပေမယ့် ဘယ်လိုအခြေအနေမျိုးမှာပဲရောက်နေနေ ရတနာသုံးပါးကိုမမေ့ဘဲ တစ်ဖက်က ကိုယ်လုပ်ချင်တာတွေကို တတ်နိုင်သမျှလုပ်ရင်လည်း အကျိုးတွေ့ရနိုင်ပါတယ်. . ”

“မှန်ပါတယ်အဘ. . ကျွန်တော် တတ်နိုင်သမျှကြိုးစားဆောင်ရွက်ပါ့မယ်. . . ”

ဟု ကတိပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဇန်ကောင်းက ခေါင်းညိတ်ပြပြီး ဖိုထိုးသောကိစ္စများကို ဆက်လုပ်နေရာ နီမောင်လည်း အလိုက်သိစွာဖြင့် ထိုနေရာမှ ထလာခဲ့လေသည်။





# အခန်း(၆)

## ဦးမင်းခေါင် သို့မဟုတ် ဘိုးမင်းခေါင်

တစ်နေ့သ၌ ညောင်ဦးဘက်မှလာသော ဂျစ်ကားတစ်[illegible] ပုပ္ပားတောင်ကလပ်သို့ ရောက်လာလေတော့သည်။

ယခင်ကလည်း ပုဂံညောင်ဦးဘက်မှ ဘုရားဖူးပြီးပြန်[illegible]ကြသော ဧည့်သည်များသည် အပြန်တွင်ပုပ္ပားသို့ဝင်ကာ [illegible]စ်ထောက် နားလေ့ရှိကြသည်။

ယခုလည်း ထိုကဲ့သို့ပင် ဘုရားဖူးကားဖြစ်မည်ဟု ထင်



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။

ငင်းတို့စီးလာသောဂျစ်ကားမှာ A.1 (အေဝမ်း) ဟု ရေးထားလေသည်။

အဓိပ္ပါယ်ကတော့ အက္ခရာမှာရော ဂဏာန်းမှာပါ နံပါတ်တစ်ဖြစ်သည်ဟူသော အဓိပ္ပါယ်မျိုးဖြစ်သည်။

ထိုကားပေါ်မှာ လူကိုးယောက်ပါလာသည်။

ဦးဆောင်လာသောပုဂ္ဂိုလ်မှာ အရပ်အမောင်း ထောင်ထောင်မောင်းမောင်းရှိပြီး ကိုယ်လုံးကိုယ်ထည်ကလည်း အရပ်အမောင်းနှင့် လိုက်လျောစွာတုတ်ခိုင်လေ၏။

အသားအရောင်က အဖြူလည်းမဟုတ်၊ အညိုလည်းမဟုတ်သော အသားအရေမျိုးဖြစ်ပြီး အသားလတ်သော အမျိုးအစားမျိုးဖြစ်သည်။

ထိုပုဂ္ဂိုလ်၏ထူးခြားချက်မှာ ခြေတံလက်တံ၊ ခြေဆံလက်ဆံတို့မှာ အခြားသာမန်လူများနှင့်မတူဘဲ ကြီးမားတုတ်ခိုင်နေခြင်းဖြစ်သည်။

ငင်းနောက်တွင် လူခြောက်ယောက်နှင့် ရဟန်းနှစ်ပါးတို့ပါလာကြရာ သူနှင့်ပါဆိုလျှင် (၉)ယောက်ပင်ဖြစ်သည်။

ငင်းတို့စီးသာသောဂျစ်ကားမှာ သစ်လွင်တောက်ပခြင်းမရှိဘဲ ဟောင်းနွမ်းစုတ်ပြတ်လျက်ရှိသည်။

ထိုကားမျိုး၌ တပ်ဆင်ထားသော အင်ဂျင်မှာလည်း သာမန်အဆင့်မျှပင်ရှိရာ တောင်ကလပ်ပေါ်ရောက်သည်အထိ တောင်တက်လမ်းအချို့ကို တက်လာရမည်ဖြစ်ရာ မည်သို့မည်





တက်လာကြသလဲတော့ မပြောတတ်ပေ။

ငင်းတို့စီးလာသောဂျစ်ကားသည် တောင်ကလပ်သို့ရောက်သောအခါ ဦးနီဆိုသူ၏နေအိမ်သို့ ဝင်ရောက်သွားကြလေသည်။

ဦးနီမှာ ဆရာတော်ဦးကောသလ္လ၏ တပည့်ရင်းချာဖြစ်လေသည်။

ဦးနီကလည်း ရပ်ဝေးကရောက်လာသော ဘုရားဖူးများထင်သဖြင့် နေရာထိုင်ခင်းများပေးပြီး ကွမ်းဆေးလက်ဖက်များဖြင့် ဧည့်ခံလေသည်။

"ဘယ်အရပ်ကလာကြတာပါလဲ"

"ကျုပ်တို့က ဘုရားဖူးဧည့်သည်တွေပါ၊ ပုပ္ပားတောင်မှာ အဓိဋ္ဌာန်ဝင်ဖို့ရောက်လာကြတာပါ"

"ဟုတ်ကဲ့ ကောင်းပါတယ်၊ ဒါထက် မိတ်ဆွေကြီး နာမည်ကရော ဘယ်လိုခေါ်ပါသလဲ"

"ဦးမင်းခေါင်လို့ ခေါ်ပါတယ်. . တခြားသူတွေကတော့ ဘိုးမင်းခေါင်လို့ ခေါ်ကြပါတယ်"

ဦးနီတို့တစ်တွေလည်း ဆရာတော်ဦးကောသလ္လ ထွက်[illegible]မြန်းခင်က မှာထားခဲ့သည့် စကားရှိသောကြောင့် ယခုရောက်လာသောပုဂ္ဂိုလ်မှာ ဆရာတော်ပြောသည့်ပုဂ္ဂိုလ်များ ဖြစ်လေမည်လားဟု တစေ့တစောင်း အကဲခတ်ကြည့်ရှုကြလေသည်။

ဦးနီစိတ်ထဲမှာတော့ ယခုရောက်လာသောပုဂ္ဂိုလ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်မှာကြားထားခဲ့သော ပုဂ္ဂိုလ်ဖြစ်တန်ရာသည်ဟု ထင်မြင်ယူဆကာ ဧည့်သည်များကို လိုလေသေးမရှိအောင် ဆောင်ရွက်ပေးလေသည်။

ဘိုးမင်းခေါင်ဦးဆောင်သောအဖွဲ့ တောင်ကလပ်သို့ ရောက်လာကြသည်ဆိုသော သတင်းမှာလည်း တောင်ခြေတစ်ဝိုက်တွင် တောမီးလောင်သကဲ့သို့ ပျံ့နှံ့သွားလေသည်။

ထိုအချိန်က ရွှေဂူချောင်တောရ၌ ဆရာတော်ဦးကောသလ္လ မရှိတော့သည့်နောက်ပိုင်းတွင် တပည့်ရဟန်းတစ်ပါးက ကျောင်းထိုင်နေလေသည်။

ထိုဘုန်းကြီးက ကပ္ပိယဦးဖန်ကောင်းကို ခေါ်ပြောလေသည်။

"တောင်ကလပ်က ဦးနီတို့အိမ်မှာ ဂျစ်ကားနဲ့ ဧည့်သည်တစ်သိုက်ရောက်နေတယ်လို့ သတင်းကြားရတယ်၊ ငါတို့ဆရာတော် မှာထားခဲ့တဲ့ပုဂ္ဂိုလ် ဟုတ်မဟုတ် သွားပြီးအကဲခတ်ကြည့်ကြချေ"

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုအချိန်က နီမောင်လည်း တောင်ကလပ်တွင် ရောက်နေသောအချိန်ဖြစ်သည်။ ထိုသတင်းကြားသဖြင့် နီမောင်လည်း ဝမ်းသာသွားလေသည်။

ဦးဖန်ကောင်းကတော့ အိပ်မက်ထဲမှာ ဆရာတော်ဦးကောသလ္လ ပြောပြသွားသောကြောင့် ယခုရောက်လာသော ဘိုးမင်းခေါင်ဆိုသောပုဂ္ဂိုလ်မှာ ဆရာတော်မှာသွားသော ပုဂ္ဂိုလ်ဖြစ်ရမည်ဟု စိတ်ထဲမှ အလိုလိုသိနေတော့သည်။





"နီမောင် . . မင်းစောင့်မျှော်နေတဲ့ပုဂ္ဂိုလ်တော့ ရောက်လာပြီ၊ ငါတို့သွားကြည့်ကြရအောင် . ."

ဟု ပြောပြီး နှစ်ယောက်သား တောင်ခြေမှာရှိသော ဦးနီတို့အိမ်ဘက်သို့ ထွက်လာကြသည်။

ထိုအိမ်သို့ရောက်သောအခါ ဧည့်သည်များကို တွေ့ရလေသည်။ ဧည့်သည်များထဲမှာ ဘုန်းကြီးနှစ်ပါးအပြင် အရပ်အမောင်းမြင့်မားသော လူကြီးတစ်ယောက်ကို တွေ့ရလေသည်။

ထိုလူကြီးကိုမြင်သောအခါ ပထမတော့ ဇဝေဇဝါဖြစ်သွားသည်။ နောက်တော့ . . အံ့သြသွားလေသည်။

အခြားမဟုတ်ပေ . .၊

ဘုရားဖူးအဖွဲ့ကို ဦးဆောင်လာသောပုဂ္ဂိုလ်မှာ တစ်ခါက တောင်ကလပ်ထိပ်ပေါ်တွင်တွေ့ခဲ့ရသော အဘိုးကြီးနှင့် များစွာတူလှသောကြောင့်ဖြစ်လေသည်။

"တူလိုက်တာ၊ တောင်ကလပ်ပေါ်မှာတွေ့ခဲ့တဲ့ အဘိုးကြီးများ ဖြစ်နေသလား"

ဟုလည်း တွေးလိုက်မိသည်။

သူ့ကိုမြင်တော့ ဘိုးမင်းခေါင်ဆိုသောလူကြီးက ရေနွေးကြမ်းသောက်နေရာမှ လှမ်းခေါ်သဖြင့် အနားသို့သွားလေသည်။

"မင်း . . ငါ့ကို လာစောင့်နေတာမဟုတ်လား"

ဟု မေးသဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

"ဟုတ် . . ဟုတ်ပါတယ် အဘ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့နာမည်က ဘိုးမင်းခေါင်လို့ခေါ်တယ်၊ တောင်ကလပ်က ရွှေညောင်ပင်ကြီးရှိတဲ့နေရာမှ အမိဌာန်ဝင်မလို့ လာကြတာ. ."

"ကျွန်တော့်ကိုလည်း အဘနဲ့အတူ နေခွင့်ပေးပါ"

"ဒါကတော့ မင်းသဘောပေါ့၊ ငါက တစ်နေရာတည်းမှာ အမြဲနေချင်မှနေတာ. ."

"လိုက်ခွင့်ရှိရင်. . ကျွန်တော် လိုက်ပါရစေ"

"ဒါကတော့ မင်းသဘောပေါ့၊ ငါနဲ့လိုက်ရင် အန္တရာယ်တွေနဲ့တွေ့ချင်လည်း တွေ့ရလိမ့်မယ်. ."

"အဘနဲ့အတူလိုက်ခွင့်ရရင် ဘယ်လိုအန္တရာယ်မျိုးဖြစ်ဖြစ် ရင်ဆိုင်ဝံ့ပါတယ်. ."

ဟု ပြန်ပြောရာ ဘိုးမင်းခေါင်လည်း ဘာမှထပ်မပြောတော့ဘဲ လက်ဖက်ရည်ကြမ်းကိုသောက်နေလေသည်။ ထိုအချိန်မှာပင် သူကြီးဦးဘိုးမှင်နှင့် ၎င်း၏တပည့်များ ရောက်လာလေသည်။

"ဒီမှာအမိဌာန်ဝင်ဖို့ရောက်လာတဲ့ အဖွဲ့ဆိုတာ ခင်ဗျားတို့ တစ်တွေလား"

"ဟုတ်တယ်"

"ခင်ဗျားနာမည်ဘယ်သူလဲ"

"ဘိုးမင်းခေါင်"

"ခင်ဗျားဘယ်နယ်သားလဲ"

"စင်မြင့်ရွာ၊ ကျုပ်တို့လူမျိုးတွေက စင်မြင့်မှာပဲနေတယ်"





"အခုအချိန်က တိုင်းရေးပြည်ရာအခြေအနေတွေက သိပ်မကောင်းဘူး၊ အခုလို လူစုလူဝေးနဲ့ သွားလာနေတာကို အစိုးရမင်းများက သဘောကျမှာမဟုတ်ဘူး"

"သူတို့သဘောကျဖို့မလိုဘူး ကိုယ့်ဘာသာသဘောကျဖို့ပဲ အရေးကြီးတယ်. ."

"ခင်ဗျားစကားပြောတာ တစ်မျိုးပါလား"

"မှန်တဲ့စကားပြောတာပဲ"

"ကျုပ်က. . ဒီနေရာကို တာဝန်ယူအုပ်ချုပ်နေတဲ့ တိုက်နယ်သူကြီးပဲ၊ မသက်ာရင် ကျောက်ပန်းတောင်းဂါတ်ကို အကြောင်းကြားလို့ရတယ်၊ ကျုပ်အိမ်မှာ ထိတ်တုံးခတ်ပြီး ဖမ်းထားလို့ရတယ်"

"ဒါကတော့ ကိုယ့်အလုပ်ကိုယ်လုပ်ကြတာပဲ"

ဟုပြောဆိုကာ တင်ပလ္လင်ခွေထိုင်ပြီး လက်ဖက်ရည်ကြမ်း သောက်နေရာ ဦးဘိုးမှင်လည်း မကျေမနပ်ဖြင့် ပြန်သွားလေတော့သည်။

နီမောင်စိတ်ထဲမှာတော့ သူကြီးဦးဘိုးမှင်မှာ တစ်နေ့ကျလျှင် လာရောက်ဒုက္ခပေးမည်ဟု ထင်နေမိသည်။

ဦးနီတို့ကတော့ ထိုအဘိုးကြီးမှာ ဆရာတော်ဦးကောသလ္လမှာကြားထားခဲ့သောသူမှာ ထိုပုဂ္ဂိုလ်ပင်ဖြစ်ရမည်ဟု စိတ်ထဲမှထင်ကြကာ ဝမ်းသာနေကြလေသည်။

သူတို့ထင်မည်ဆိုလျှင်လည်း ထင်စရာပေ။

ဘိုးမင်းခေါင်ဆိုသော ထိုလူကြီးမှာ ဝတ်ပုံစားပုံမှစပြီး



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်စားသောက်ပုံများမှာ အခြားသူများနှင့်မတူသည်ကတော့ အမှန်ပင်ဖြစ်၏။

တိုက်ပုံအင်္ကျီနှင့် ပုဆိုးကွက်တုံးကို ဖြစ်သလို ဝတ်ဆင်ထားသည်။ တိုက်ပုံတစ်ထည်တည်းဝတ်ထားပြီး ကြယ်စေ့မတပ်ထားသောကြောင့် ရင်ဘတ်က ဟနေသည်။

ပုဆိုးဝတ်ပြန်တော့လည်း တင်းတင်းရင်းရင်း သေသေသပ်သပ်မရှိလှဘဲ ခါးမှာ လျော့တိလျော့ရဲသာ ဝတ်ထားလေသည်။

သို့သော် သူသည် လက်ဖက်ရည်ကြမ်းတော့ ကြိုက်နှစ်သက်ဟန်ရှိသည်။

တောလေ့ထုံးစံအတိုင်း ဦးနီတို့မိသားစုက ကွမ်းဆေး လက်ဖက်တို့ဖြင့် ဧည့်ခံပေးရာ လက်ဖက်ရည်ကြမ်းကိုသာ တစ်ပန်းကန်ပြီးတစ်ပန်းကန် ထိုင်သောက်နေသည်။

ထိုသို့လက်ဖက်ရည်သောက်ရင်းနှင့် တစ်နေရာသို့ ကြည့်ချင်ကြည့်နေ၊ သို့မဟုတ် တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေပြီး အခြားသူများနှင့်တော့ စကားသိပ်မပြောပေ။

မေးမှ တစ်ခွန်းစ၊ နှစ်ခွန်းစ ပြန်ပြောတတ်သည်။ သူပြောပြန်လျှင်လည်း ထူးထူးဆန်းဆန်းဖြစ်နေတတ်ပြီး စကားအဓိပ္ပါယ်ကို စဉ်းစားမှ အဖြေရကြသည်။

တစ်ခါတစ်ရံလည်း တစ်ယောက်တည်း တစ်စုံတစ်ခုကို ရေရွတ်နေတတ်လေသည်။

ညနေပိုင်းရောက်တော့ ဦးနီတို့မိသားစုများက ဧည့်





သည်များအတွက် အစားအသောက်များ ပြင်ဆင်ကျွေးသောအခါမှာတော့ ထူးထူးခြားခြားစကားပြောသည်။

"ခင်ဗျားတို့က ကျွေးလှည့်ကြုံတော့လည်း စားရမှာပဲ၊ ကျုပ်တို့က ကျွေးရမယ့်အလှည့် ပြန်ကြုံရင်တော့လည်း ခင်ဗျားတို့ စားရမှာပေါ့ဗျာ. ."

ထိုစကားကြားသောအခါ ဦးနီမှာ ဝမ်းသာသွားလေသည်။

"ကျွန်တော်တို့က ဒီလိုသဘောမထားပါဘူးအဘရယ်၊ ကြုံကြိုက်တုန်း ကုသိုလ်ယူတယ်လို့ပဲ အောက်မေ့ပါတယ်. ."

ဘိုးမင်းခေါင်မှာ လက်ဖက်ရည်ကြမ်းကိုသာ သောက်ပြီး အခြားအစားအသောက်များကိုတော့ သိပ်မစားပေ။

"ဒါထက် အဘတို့ ဒီမှာအစိုင်ဥ္စာန်ဝင်ကြမှာဆိုတော့ ဘယ်နေရာမှာဝင်ကြမှာလဲ"

"တောင်ကလပ်အောက်မှာ ညောင်ပင်ကြီးတစ်ပင်ရှိတယ် မဟုတ်လား၊ ရွှေညောင်ပင်လို့ ခေါ်ကြတယ်လေ"

"ရှိပါတယ်. . ရှိပါတယ်. ."

"အဲဒီနားမှာ ဂူပေါက်တစ်ခုလည်း ရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့. . ရှိပါတယ်. ."

"အဲဒီနေရာဆိုရင် အဆင်ပြေမှာပေါ့ဗျာ၊ 'ရွှေညောင်တာဝ' ဆိုတာ ဒီနေရာဖြစ်မှာပေါ့"

ထိုစကားကြားတော့မှ ဦးနီတို့တတွေလည်း အဖြေသိသွားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတူ မနီးမဝေးမှာရှိနေကြသော နီမောင်နှင့် ဦးဗန်ကောင်းတို့လည်း ထိုစကားကြားရတော့မှပင် ဆရာတော်ဦးကောလလ္လမှာကြားသွားသော စကားအဓိပ္ပါယ်ကို သဘောပေါက်ကြရလေတော့သည်။

ဘိုးမင်းခေါင်တို့သည် ၎င်းစီးလာသောဂျစ်ကားကြီးကို ဦးနီ တို့အိမ်ရှေ့မှာပင်ထိုးထားပြီး တောင်ကလပ်အခြေမှာရှိသော ညောင်ပင်ကြီးရှိရာသို့ ထွက်သွားကြသည်။

၎င်းတို့နှင့်အတူ လူအချို့လည်းလိုက်လာကြသည်။ ထိုအထဲတွင် နီမောင်တို့နှစ်ယောက်လည်း ပါသွားကြသည်။

တောင်ခြေမှာရှိသော ညောင်ပင်ကြီးမှာ ရှေးနှစ်ပေါင်းများစွာကတည်းကရှိခဲ့ပြီး အထိကရညောင်ပင်ကြီး ဖြစ်လေသည်။

ထိုညောင်ပင်ကြီးမှာတော့ ကျေးငှက်များနှင့် မျောက်များ ရှိနေကြသည်။

ကျောက်ဂူမှာလည်း အတော်ကျယ်ဝန်းပြီး ၎င်းတို့လူစုများ နေနိုင်လောက်သော အနေအထားမျိုးရှိသည်။

ထိုနေရာရောက်တော့ နီမောင်တို့အပါအဝင် တပည့်များက ကျောက်ဂူအတွင်းအပြင်ကို ရှင်းလင်းခြင်း၊ ဘိုးမင်းခေါင်နှင့်အတူ ပါလာသောရဟန်းနှစ်ပါးအတွက် ကွပ်ပျစ်များ ပြုလုပ်ပေးကြလေသည်။

သူနှင့်အတူပါလာကြသူများမှာ ယောဂီရောင်အကျႌလုံချည်များဝတ်ထားကြပြီး အချို့လည်း အထက်အောက် အဖြူ





ရောင်ကိုသာ ဝတ်ထားကြသည်။

အချို့က ခေါင်းတုံးနှင့်ဖြစ်ပြီး၊ အချို့ကတော့ ဆံထုံးထုံးထားပြီး ခေါင်းပေါင်းပေါင်းထားကြသည်။

ထိုနေရာရောက်ပြီး နေရာထိုင်ခင်းများပြင်ဆင်ပြီးသောအခါ တစ်ယောက်တစ်နေရာစီယူ၍ ပုတီးစိပ်နေကြလေတော့သည်။ ဘိုးမင်းခေါင်ကတော့ ၎င်းပါလာသော လွယ်အိတ်အဟောင်းကြီးအတွင်းမှ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ထုတ်လိုက်သည်။

ဒက္ခိဏသာခါရုပ်ပွားတော်ဖြစ်ပြီး (၉)လက်မခန့် ဥာဏ်တော်မြင့်သည်။


ရုပ်ပွားတော်တစ်ဆူလုံး ရွှေချထားသဖြင့် ဝင်းနေသည်။ ဘိုးမင်းခေါင်က ထိုရုပ်ပွားတော်ကို ကျောက်တုံးအမြင့်ပေါ်မှာ တင်ထားလိုက်ပြီး အသင့်ယူလာသော ဖယောင်းတိုင်၊ အမွှေးတိုင်များကို မီးညှိပူဇော်ပြီးနောက် လွယ်အိတ်ထဲမှပုတီးကြီးတစ်ကုံး ထုတ်ပြီး ငြိမ်သက်စွာဖြင့် ပုတီးစိပ်နေတော့သည်။

ထိုအချိန်၌ ဂူအတွင်းမှာ မည်သည့်အသံမှ မကြားရတော့ဘဲ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

## ဝင်မြင့်ရွာမှ သိဒ္ဓိရှိသောသူ

ယခုအခန်းမှာတော့ ဦးမင်းခေါင်သို့မဟုတ် ဘိုးမင်းခေါင် အကြောင်းကို ရေးသားဖော်ပြရပေမည်။

ဘိုးမင်းခေါင်၊ အောင်မင်းခေါင် စသောအမည်များဖြင့် ဝိဇ္ဇာလောကဥ္စထင်ရှားသော ပုဂ္ဂိုလ်ကြီး၏အကြောင်းများမှာ...

မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ တောင်ဦးရွာမှ မြောက်ဘက်(၄)မိုင်ခန့်ကွာဝေးသော ထန်း



www.burmeseclassic.com

www.burmeseclassic.com



သရက်ပင်အောက် ရွှေညောင်ပင်ပေါက်ရာ စင်မြင့်ရွာဇာတိပင် ဖြစ်သည်။

တောင်ဦးရွာမှ မိတ္ထီလာ၊ ကျောက်ပန်းတောင်းကား လမ်း နံဘေး၌ရှိသော ရွာကြီးတစ်ရွာပင်ဖြစ်သည်။ ထိုရွာမှာ တောင်များ၊ ကုန်းများ၊ လျှိုလမ်းများမှ (၄)မိုင်ခန့် မြောက်ဘက် သို့သွားပါက စင်မြင့်ရွာသို့ ရောက်နိုင်ပါသည်။

အဝေးမှလှမ်းကြည့်လျှင်ပင် မှိုင်းမှိုင်းညို့ညို့နှင့် စင်မြင့် ရွာကို လှမ်းမြင်နိုင်ပေသည်။

စင်မြင့်ရွာမှာ နာမည်နှင့်လိုက်အောင် တောင်ကြော အမြင့်တစ်ခုပေါ်မှာ တည်ထားသောရွာဖြစ်သည်။

အဝေးမှလှမ်းကြည့်လျှင် အရှေ့နှင့်အနောက် အလျား လိုက်တည်ထားသောရွာကို လှမ်းမြင်နိုင်ကြပေသည်။

စင်မြင့်ရွာနှင့် မနီးမဝေးနေရာရောက်သောအခါ လယ် ကွင်းများနှင့် ထန်းတောအချို့ တွေ့နိုင်လေသည်။

ထန်းတောများမှာ ဟိုနေရာတစ်စု၊ သည်နေရာတစ်စု နှင့် ဖြစ်သည်။

ထိုအထဲတွင် ဦးဘိုးအောင်(အောင်မင်းခေါင်) ပိုင်သော ထန်းတောများလည်း ပါဝင်လေသည်။

မိဘဘိုးဘွားများထံမှအမွေရခဲ့သော ထန်းပင်များပင် ဖြစ်ကြလေသည်။

ထိုထန်းတောနှင့်မနီးမဝေး ကန်သင်းနံဘေးမှာ အဘ စိုက်ပျိုးခဲ့သည်ဆိုသော ပိန္နဲပင်တစ်ပင်လည်းရှိသည်။ စင်မြင့်ရွာ





သို့သွားသော ပရိသတ်တို့က ထိုပိန္နဲပင်မှာ ဆေးဖက်ဝင်သည်ဟု ထင်မြင်ယူဆကြသဖြင့် အပင်မှအခေါက်များကို ခွာယူထားကြ ရာ ပိန္နဲပင်မှာ ကောင်းစွာမရှင်သန်နိုင်ဘဲ ရှိလေသည်။

အဘဦးဘိုးအောင်မှာ စင်မြင့်ရွာဇာတိဖြစ်ပြီး ၎င်း၏ မိဘတို့မှာ အဘဦးမောင်ပု၊ အမိဒေါ်မင်းသစ်တို့ဖြစ်ကြသည်။

မွေးချင်းငါးယောက်ရှိရာမှ ဒုတိယသားဖြစ်ပေသည်။

မွေး ချင်း(၅)ဦးတို့မှာ..

ဦးဘိုးသောင်

ဦးဘိုးအောင်

(နောက်တော့ အောင်မင်းခေါင်ဖြစ်လာသည်)

ဦးထွန်းမောင်

ဦးဘိုးဆောင်

ဒေါ်ငွေမြင့် တို့ဖြစ်ကြလေသည်။

မွေးသက္ကရာဇ်မှာ (၁၂၄၂)ခု ကဆုန်လဆန်း(၁၀)ရက် တနင်္ဂနွေနေ့ဖြစ်ပေသည်။

ဇေယျတုကလိယုတ်(၄၉၈၁)၊ သက္ကရာဇ်(၁၂၄၂)ခုနှစ်၊ ဒီယ(၁၄၂)ကြွင်း၊ သူရိယမာသမိဿရသီ၊ ဝေါဟာရမာသက ဘဆုန်လဆန်း(၁၀)ရက်၊ တနင်္ဂနွေနေ့ နံနက်(၁၀)နာရီ၊ မြန်မာ ဘစ်ချက်တီးကျော်နာရီ၊ ပါဒ်ဗီဇနော ပြန်စရာပြည့် ကရကဋ်စန်း ထမဟောရပ်စနေကြွင်း၊ စနေနဝင်း၊ လင်္ဂစီးနက္ခတ်(၁၀)လုံး ဒ်ပြည့်၊ စက်လက်စီးလျက် ထိုနာရီ၏ တိဘွားကား(၇)ဘွား၊ (၂)ဖီလား၊ (၃) မုရော၊ (၂)ဆံခြည် ပြည့်မတ်သောမင်္ဂလာအခါချိန်



www.burmeseclassic.com

www.burmeseclassic.com



အခါသမယတွင် ဘုန်းကံပညာနှင့်ပြည့်စုံသော ရတနာမြတ်လှ သားပုတ္တကို ဖွားသန့်စင်ကာ ချမ်းသာရာရသည်။ နာမသညာ ခေါ်စရာကား ငယ်နာမည် မောင်ဘိုးအောင်ခေါ် (အောင်မင်းခေါင်) ဟူသတည်း။

ဟူ၍ အဘနှင့်ပတ်သက်သော်ဇာတာတွင် ရေးသား ဖော်ပြထားသည်ကို တွေ့ရသည်။

ငယ်စဉ်ကတည်းက အခြားအလုပ်များမလုပ်ဘဲ ပုတီးတစ်ကုံးဖြင့်သာ နေလေ့ရှိသည်။

မိဘများ၊ အစ်ကိုနှင့်ညီများက ပြောပါများလျှင်လည်း သူ လုပ်ချင်မှလုပ်သည်။

မိခင်ဖြစ်သူကတော့. . .

"ငါ့သားဘိုးအောင်က ကြီးလာရင် ဘုန်းကြီးဖြစ်မယ့် ပုံစံပဲ၊ အလုပ်တွေကို သူမလုပ်ချင်လည်း မခိုင်းကြပါနဲ့၊ ကျန်တဲ့ သူတွေက မျှတပြီးလုပ်လိုက်ပါ၊ သူဘာသာ အေးအေးနေပါစေ"

ဟု ပြောသည်။

အစ်ကိုနှင့်ညီများကလည်း မိဘများစကားကို နား ထောင်ကြသဖြင့် ထွေထွေထူးထူး ထပ်မပြောကြတော့ပေ။

သို့သော်လည်း အခြားသူများနှင့် ရောရောနှောနှောနေ လေ့မရှိခြင်း၊ မည်သူနှင့်မှလည်း စကားကို ဟက်ဟက်ပက်ပက် ပြောလေ့မရှိဘဲ သူလုပ်ချင်ရာလုပ်နေသောကြောင့် စိတ်မနှံ့ ဖြစ်နေသူဟု ထင်ကြသည်။

အချို့ကလည်း ကွယ်ရာတွင် 'အရူး'ဟုခေါ်ကြသည်။





တစ်နေ့တော့ ဒေါ်မင်းသစ်တို့ကိုးကွယ်သော ဘုန်းကြီး က ခေါ်ပြောလေသည်။

"ဘိုးအောင်ကို အရူး၊ အရူးလို့ မခေါ်ကြနဲ့၊ တော်ကြာ ကိုယ့်ဝစီကံကိုယ့်ထံပြန်ရောက်လာတတ်တယ်၊ သူက သာမန်လူ တွေနဲ့ မတူဘူး၊ တစ်နေ့ကျရင် ထူးခြားတဲ့လူတစ်ယောက် ဖြစ် လာနိုင်တယ်"

ဟု သတိပေးသဖြင့် မိသားစု၊ ဆွေမျိုးသားချင်းများက တော့ 'အရူး' ဟု မခေါ်ကြတော့ပေ။

အခြားသူများကတော့ ကွယ်ရာမှာ မကြားတကြားနှင့် အရူးဟု ခေါ်ဝေါ်နောက်ပြောင်ကြသည်။

(နောက်ပိုင်းတွင် ထိုသို့ခေါ်သူများမှာ နေရင်းထိုင်ရင်း နှင့် စိတ်ဖောက်ပြန်လာပြီး ဆေးဆရာများနှင့် အမျိုးမျိုးကုသော် လည်း မရသဖြင့် အဘကိုယ်တိုင်ကုပေးတော့မှ ရောဂါပျောက် ကြရပေသည်။

ဆေးကုသပုံမှာလည်း ထွေထွေထူးထူးတော့မဟုတ်ပေ၊ ရေတစ်ခွက်ပေးပြီး 'နောက်ကို မဟုတ်တဲ့စကားမပြောကြနဲ့' ဟု ပြောလေသည်။

သူပေးသောရေသောက်ပြီးလျှင် ရောဂါမှာ သက်သာ ပျောက်ကင်းသွားတတ်ပေသည်။

နောက်ပိုင်း အရူးဟုပြောသူများမှာ စိတ်ဖောက်ပြန် သော ရောဂါရကြလေရာ အဘကိုယ်တိုင်ကုပေးမှ ပျောက်ကင်း သည်ကို သိရသောအခါ မပြောဝံ့ကြတော့ပေ။)



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတော့ အိမ်မှာ သိပ်နေလေ့မရှိဘဲ တောထဲမှာ သွားနေလေ့ရှိသည်။

ထိုသို့သွားနေရာ တောထဲသွားသူများက ထူးဆန်းသောမြင်ကွင်းကို တွေ့မြင်ခဲ့ရသဖြင့် ရွာရောက်သောအခါ ပြောပြကြသည်။

"ဘိုးအောင်ကို ငါတို့ တောထဲမှာတွေ့ခဲ့တယ်၊ သူ့ဘေးမှာ တိရစ္ဆာန်တွေလည်းရှိတယ်၊ ငှက်တွေနဲ့ တောတိရစ္ဆာန်တွေကို အစာကျွေးနေတာကို တွေ့ခဲ့ရတယ်"

"ဟုတ်ပါ့မလားတော်. . တောထဲမှာနေတဲ့ တိရစ္ဆာန်တွေက လူအနားလာပါ့မလား"

"လာရုံတင်မကဘူး သူ့အနားမှာဝိုင်းနေတာကို ငါ့မျက်စိနဲ့ မြင်ခဲ့ရတာ၊ သွေးရိုးသားရိုးမှဟုတ်ရဲ့လား မပြောတတ်တော့ပါဘူး"

ဟု ပြောလေသည်။

တစ်နေ့သ၌ မောင်ဘိုးအောင်တစ်ယောက် တောထဲမှ ပြန်ထွက်လာရာ တောစပ်ရောက်တော့ ရွာသားအချို့ကို တွေ့ရလေသည်။ ထိုလူများထဲမှာ သူ့ကို အထင်အမြင်သေးသူအချို့လည်း ပါလေသည်။

အနားရောက်၍ကြည့်လိုက်တော့ နွားတစ်ကောင်လဲကျနေ ပြီး မျက်ဖြူလန်တက်နေသည်။

"ဘာဖြစ်နေကြတာလဲ"

"ငါ့နွားမကြီး ပိုးထိသွားလို့ကွာ. ."





တစ်ယောက်ကပြောသဖြင့် မောင်ဘိုးအောင်က နွားမကြီးကို ဝင်ကြည့်လေသည်။

နွားမကြီးမှာ အသက်ငွေ့ငွေ့သာရှိတော့သည်။

ထိုအခြေအနေကိုမြင်သောအခါ မောင်ဘိုးအောင်က သစ်တောအစပ်မှ သစ်ရွက်အချို့ကိုခူးယူလာပြီး လက်ဖြင့် လုံးချေကာ အရည်များကို နွားမကြီးခြေထောက်မှ ဒဏ်ရာပေါ်သို့ ညှစ်ချလိုက်သည်။ ထိုသို့ညှစ်ချနေရင်းမှလည်း ပါးစပ်မှ တတွတ်တွတ်ရွတ်ဆိုနေလေသည်။

အတန်ကြာသောအခါ မြွေကိုက်ထားသောဒဏ်ရာ နေရာမှ အညိုရောင်၊ အမည်းရောင်သွေးများ ထွက်လာလေသည်။ ထိုသို့ ထွက်သွားပြီး ခဏအကြာမှာပင် နွားမကြီးမှာ ပုံမှန်အတိုင်း ပြန်ဖြစ်သွားကာ နေရာမှပြန်ထလာလေတော့သည်။

နွားပိုင်ရှင်များမှာ များစွာဝမ်းသာနေကြပြီး တအံ့တသြလည်းဖြစ်နေကြလေသည်။

မောင်ဘိုးအောင်ကတော့ ဘာမှအရေးမထားသောအမူအရာဖြင့် ထိုနေရာမှထွက်သွားလေသည်။

"ဘိုးအောင်ဟာ. . ငါတို့ထင်သလို အရူးမဟုတ်ဘူး၊ သူ့ကြည့်ရတာ တစ်ခုခုတော့ ထူးခြားနေတာအမှန်ပဲ. ."

ဟု အချင်းချင်းမှတ်ချက်ချနေကြသည်။

နောက်ပိုင်းမှာတော့ လူများ နေမကောင်းဖြစ်နေသော်လည်းကောင်း၊ တိရစ္ဆာန်များ တစ်စုံတစ်ရာဖြစ်နေသော်လည်းကောင်း မောင်ဘိုးအောင်ထံမှာ ဆေးလာတောင်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့ကလည်း ဆေးကုခိုင်းကြသည်။

သို့သော်လည်း မောင်ဘိုးအောင်က လာခေါ်တိုင်းတော့ မကုပေးချေ။

သူနှင့်ကြုံကြိုက်နေမှသာ တစ်ခါတစ်ရံ စိတ်လိုလက်ရကုပေးလေ့ရှိသည်။ သူ မကုပေးချင်သည့်အခါ. .

"ကျုပ်က ဆေးဆရာမှမဟုတ်တာဗျာ၊ ဆေးကုတဲ့ဆရာသွားခေါ်ပြီး ကုပေးကြပါ. ."

ဟု ပြောလေသည်။

တစ်နေ့သောအခါ စင်မြင့်ရွာမှာရှိကြသော ကလေးအတော်များများ အပူရောဂါကြောင့် ဖျားသူဖျား၊ တက်သူတက်ဖြစ်ကြလေသည်။

အပူဝမ်းများသွားနေကြရာ မိဘများမှာ များစွာစိုးရိမ်သောက ရောက်နေကြရလေသည်။

ရွာမှာရှိနေသော ဆေးဆရာကြီးကလည်း တတ်နိုင်သမျှတော့ ကုသပေးရှာသည်။

သို့သော် သူလည်းမနိုင်အောင်ဖြစ်နေလေသည်။ တစ်ညမှာတော့ မောင်ဘိုးအောင်တစ်ယောက် ပုတီးနှင့် တုတ်တစ်ချောင်းကိုင်ကာ ရွာဆုံးရွာဖျား လိုက်အော်နေတော့သည်။

"ဒီရွာမှာ ကလေးမသာ မရှိဘူးဟေ့၊ သွားကြ၊ သွားကြအဝေးကိုသွားကြ. ."

ထိုသို့အော်ပြောရင်းနှင့် တွေ့သမျှ သစ်ပင်များ၊ ချုံများကို တုတ်ဖြင့် လိုက်လံရိုက်နေတော့သည်။





အချို့ကလည်း ဘာလုပ်နေမှန်းမသိကြပေ။

အချို့ကလည်း ထိုသို့ပြုလုပ်သဖြင့် ရောဂါသည်းနေသောကလေးများ သက်သာလာလိမ့်မည်ဟု ထင်နေကြသည်။

(မောင်ဘိုးအောင်တစ်ယောက် ထိုသို့အော်ဟစ်ပြီး နေရာအနှံ့ တုတ်ဖြင့်လိုက်ရိုက်ရာ အမှောင်ထဲမှာပြေးလွှားနေသော မည်းမည်းသဏ္ဌာန်များကို ဝိုးတဝါးမြင်သူမြင်ကြရလေသည်။)

နောက်တစ်နေ့မှာတော့ ရောဂါဖြစ်နေသောကလေးအတော်များများ ရောဂါသက်သာလာကြလေသည်။

အချို့က ဆေးနှင့်တွေ့သဖြင့် သက်သာသွားသည်ဟုထင်ကြလေသည်။

အချို့ကတော့ ဆေးတိုသည့်အပြင် မောင်ဘိုးအောင်တုတ်ဖြင့်ရိုက်လိုက်သဖြင့် မကောင်းဆိုးဝါးများ ထွက်သွားသောကြောင့် ယခုကဲ့သို့ နေပြန်ကောင်းလာသည်ဟု ယူဆသဖြင့် မောင်ဘိုးအောင် ကို ကျေးဇူးတင်သူတင်ကြလေသည်။

ထိုသို့ပြုလုပ်သည်ကိုသိသော ဖခင်ဖြစ်သူကမေးသည်။

"မင်းညက တုတ်တစ်ချောင်းနဲ့ ဘာတွေလိုက်ရိုက်နေတာလဲ"

"ကလေးအသားစားဖို့ လာစောင့်နေတဲ့ မကောင်းဆိုးဝါးတွေကို လိုက်ရိုက်ပြီး နှင်ထုတ်ပစ်နေတာ. ."

"သူတို့ကို မင်းကမြင်ရလို့လား"

မောင်ဘိုးအောင်က ခေါင်းညိတ်ပြရုံသာပြုပြီး ဘာမှတော့ ပြန်မပြောပေ. .။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်ပိုင်းမှာတော့ မောင်ဘိုးအောင်ကို အရူးလို့ ခေါ်သူများပင် မခေါ်ကြတော့ပေ။

တစ်နေ့မှာတော့ မောင်ဘိုးဆောင်က တောထဲမှ ယုန်တစ်ကောင်ကိုဖမ်းပြီး သတ်ယူလာသည်။

ထိုယုန်သေကို တစ်နေရာမှာတင်ထားပြီး အိမ်ထဲဝင်သွားသောအခါ မောင်ဘိုးအောင်ကတွေ့သဖြင့်. .

“ယုန်ကလေးသနားပါတယ်”

ဟု ပြောပြီး ကောက်ယူလိုက်သည်။

အတန်ကြာတော့မှ သူ့လက်ထဲမှာ ယုန်မှာ အသက်ပြန်ရှင်လာသောကြောင့် တောထဲသို့ပြန်လွှတ်ပေးလိုက်လေသည်။ မောင်ဘိုးဆောင်ပြန်ထွက်လာတော့ ယုန်မရှိတော့ပေ။

“ဒီနားက ငါတင်ထားတဲ့ယုန်သေ ဘယ်ရောက်သွားသလဲ”

“တောထဲပြန်လွှတ်လိုက်ပြီ”

“သေတဲ့ယုန်က တောထဲဘယ်လိုပြန်သွားမှာလဲ၊ မင်းဝှက်ထားသလား”

မောင်ဘိုးအောင်က ခေါင်းခါပြသည်။

မောင်ဘိုးဆောင်က မကျေနပ်သဖြင့် အနီးဝန်းကျင်တစ်ဝိုက်သို့ လိုက်လံရှာဖွေသော်လည်း မတွေ့ရတော့ပေ။

မောင်ဘိုးအောင်မှာ သူကိုယ်တိုင်ကလည်း အသားငါးစားလေ့မရှိဘဲ သတ္တဝါများကိုသတ်ဖြတ်လျှင်လည်း မနှစ်သက်ပေ။





အိမ်က ညီအစ်ကိုမောင်နှမများက ထိုကဲ့သို့ပြုလုပ်နေသည်ကို သဘောမကျသော်လည်း မိဘများကပါ ဘာမှမပြောသောကြောင့် ထွေထွေထူးထူးတော့ မပြောဝံ့ကြပေ။

နောက်ပိုင်း အသက်အရွယ်ရလာသောအခါ မောင်ဘိုးအောင်မှာ အိမ်မှာပင် သိပ်မနေတော့ပေ။

ရွာထိပ်မှ ညောင်ပင်ကြီးအောက်၌သော်လည်းကောင်း၊ တောတွင်းသို့တစ်ယောက်တည်းသွားကာ ပုတီးစိပ်နေတတ်လေသည်။ နောက်ပိုင်းရောက်လာတော့ အိမ်ကိုပင် သိပ်မပြန်လာတော့ပေ။ ရက်အတော်ကြာမှ တစ်ခါတလေမှသာ ပြန်လာလေသည်။ ထိုသို့ပြန်လာသော်လည်း အိမ်မှာကြာကြာမနေဘဲ တစ်နေရာသို့ ထွက်သွားတတ်ပြန်လေသည်။


နှစ်အနည်းငယ်ကြာသောအခါ စင်မြင့်ရွာမှ ပျောက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

## ခရုချောင်းမှ ပုဂ္ဂိုလ်ထူးများ

ခရုချောင်းရွာသည် သာမန်ရွာငယ်တစ်ရွာမျှသာ ဖြစ်သော်လည်း ထူးခြားသောရွာတစ်ရွာဖြစ်သည်ဟု ဆိုရပေမည်။ ထိုရွာမှာ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နမ္မားမြို့နှင့် မဝေးသောနေရာမှာ ရှိသည်။

နမ္မားမြို့မှာ မန္တလေးနှင့်မြစ်ကြီးနား ရထားလမ်းနံဘေးမှာရှိ ပြီး မိုးညှင်းနှင့်ဟိုပင်မြို့ကြားတွင် ရှိလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ခရချောင်းရွာသည် နမ္မားမြို့တောင်ဘက်ဘေးတွင် ရှိသော ရွာတစ်ရွာဖြစ်သည်။

ထိုရွာမှာ ရွာငယ်သော်လည်း ထိုရွာမှာနေထိုင်ကြသူတို့မှာ ဘာသာရေးလိုက်စားကြသူများပြီး ထူးခြားသောပုဂ္ဂိုလ်များ လာရောက်စခန်းချသော နေရာတစ်ခုလည်းဖြစ်လေသည်။

ထိုရွာမှာနေကြသူအတော်များများမှာ ထွက်ရပ်ပေါက်လမ်းစဉ်ကို စိတ်ဝင်စားသူများပြီး အချို့မှာ အင်္ဂရတ်ပညာကို ဝါသနာပါ ကြလေသည်။

ရွာကိုအုပ်ချုပ်နေသော ရွာသူကြီးဦးသိုက်ပင်လျှင် အင်္ဂရတ်ဝါသနာအိုးတစ်ယောက် ဖြစ်လေသည်။

(၁၂၇၅)ခုနှစ်ဝန်းကျင်လောက်တွင် နမ္မားခရချောင်းရွာသို့ ထူးခြားသော ပုဂ္ဂိုလ်နှစ်ဦး ရောက်လာကြလေသည်။ ဆရာခန့် (ဦးဘိုးခန့်)နှင့် ဦးဘိုးညိမ်းတို့နှစ်ယောက်ပင်ဖြစ်သည်။

တစ်ယောက်က အဖြူရောင်ဝတ်စုံကိုဝတ်ထားပြီး တစ်ယောက်က အညိုရောင်ဝတ်စုံကို ဝတ်ထားကြသည်။ သူတို့မှာ ထွေထွေထူးထူး ဘာပစ္စည်းမှမပါဘဲ လွယ်အိတ်၊ တောင်ဝှေးနှင့် ပုတီးသာ ပါကြသည်။

၎င်းတို့ရောက်လာသောအခါ ရွာသူရွာသားများက ကောင်းမွန်စွာဆီးကြိုပြီး နေရာထိုင်ခင်းကအစ စီစဉ်ပေးကြလေသည်။

"ကျုပ်တို့က ဂန္ဓာရီလှည့်နေကြသူတွေပါ၊ ဒီနေရာမှာ ဘုရားတစ်ဆူတည်ဖို့အတွက် အဓိဋ္ဌာန်ရှိလို့ လာရောက်ကြတာ





ပါ"

"ဆရာကြီးတို့ လိုတာသာပြောပါ၊ ကျုပ်တို့ ကူညီပံ့ပိုးပေးပါ့မယ်. ."

"ဒီလိုပေါ့လေ၊ ခေတ်ကာလအချိန်အခါက မကောင်းလေတော့ ကိုယ့်အတွက် ရိက္ခာများများပါအောင်သာ စုဆောင်းထားပေတော့. ."

ဟု ပြောကြားလေသည်။

အမှန်တော့ ဆရာခန့်နှင့် ဦးဘိုးညိမ်းတို့နှစ်ယောက်စလုံးမှာ သိဒ္ဓိပေါက်ပြီးနေကြသူများ ဖြစ်ကြလေသည်။ ၎င်းတို့ရောက်လာပြီး နောက်ပိုင်းမှာ ၎င်းတို့နှင့်ပတ်သက်သည့် သိဒ္ဓိစွမ်းအမျိုးမျိုးတို့ကို တွေ့မြင်ရသဖြင့် ရွာသူရွာသားများက ပိုမိုယုံကြည် အားထားကြလေသည်။

၎င်းတို့သတင်းကို အနီးပတ်ဝန်းကျင်ရွာများမှပါ ကြားရသောအခါ လာရောက်ကြလေသည်။

ထိုအကြောင်းကို နမ္မားဂါတ်တဲမှ လာရောက်စစ်ဆေးသောအခါ ၎င်းတို့နှစ်ယောက်ကို မတွေ့ရပေ။

"သူကြီး ခင်ဗျားအုပ်ချုပ်တဲ့ရွာမှာ ထူးခြားတဲ့သူနှစ်ယောက် ရောက်နေတယ်လို့ သတင်းကြားတယ်၊ သူတို့ကိုတွေ့ချင်တယ်"

ဟု ရာဇဝတ်အုပ်ကပြောသည်။

"ခင်ဗျားတို့တွေ့ချင်ရင် ကိုယ့်ဘာသာရှာမှဖြစ်မယ်၊ ကျုပ်တို့ရှာလည်း သူတို့ကို တွေ့ရမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေသည်။

ရာဇဝတ်အုပ်လည်း နောက်မှာပါလာသော ပုလိပ်များကို တစ်အိမ်တက်ဆင်း နေရာအနှံ့ လိုက်လံရှာဖွေခိုင်းသော်လည်း ဆရာခန့်နှင့် ဦးဘိုးညိမ်းတို့၏ အရိပ်အယောင်မျှပင် မတွေ့ကြရပေ။

ထို့ကြောင့် မကျေမနပ်ဖြင့်ပြန်သွားကြသည်။ နောက်ပိုင်းမှာလည်း ဆရာခန့်နှင့် ဦးဘိုးညိမ်းတို့နှစ်ယောက် ခရုချောင်းရွာမှာပင်ရှိနေသည်ဟု သတင်းကြားရသဖြင့် လျှို့ဝှက်စွာဖြင့် သွားရောက် ရှာဖွေကြလေသည်။ သို့သော် . . မတွေ့ရပေ . . .

ထိုအကြောင်းကို အင်္ဂလိပ်အစိုးရသိသောအခါ မရရအောင်ဖမ်းဆီးမည်ဟု အမိန့်ထုတ်လေသည်။

သို့ကြောင့် ၎င်းတို့နှစ်ယောက်အား ဖမ်းမိစေရန် ဆုတော်ငွေထုတ်ရသည်အထိ ဖြစ်လာသည်။

"ဘိုးညိမ်းခေါင်းရလျှင် ဆုတော်ငွေ(၁၀၀၀)"

"ဆရာခန့်ခေါင်းရလျှင် ဆုတော်ငွေ (၅၀၀)"

ဟု ကြေညာစာများ နေရာအနှံ့ကပ်ပြီး ကြော်ငြာသော်လည်း ဖမ်းမမိကြပေ။

၎င်းတို့နှစ်ဦးမှာ ဆုတော်ငွေထုတ်ထားသော်လည်း အခြားဘယ်နေရာမှမသွားဘဲနှင့် ခရုချောင်းရွာမှာပင် နေထိုင်မြဲ နေထိုင်ကြလေသည်။

အင်္ဂလိပ်အစိုးရက ထိုသတင်းကြားသောအခါ ဖမ်းဆီးရန် ပုလိပ်များကိုလွှတ်ပြန်လေသည်။





ထိုသို့ရောက်လာသောအခါ လူကိုသာမမြင်ရဘဲ အသံကိုသာ ကြားကြရသည်။

"ဟဲ့ . . နယ်ချဲ့မိစ္ဆာတွေရဲ့အလိုတော်ရိ၊ လက်ကိုင်တုတ်ပုလိပ်စုတ်တွေ၊ ငါတို့ကိုလိုချင်တာနဲ့ အပြစ်မရှိတဲ့ရွာသားတွေကို မနှိပ်စက်ကြနဲ့၊ မင်းတို့အမေ့လင် ငညိမ်းက ဒီမှာကွ၊ မင်းတို့စွမ်းရင် လာဖမ်းလှည့်ကြ . ."

အသံသာကြားရပြီး လူမမြင်ရသောကြောင့် ပုလိပ်များမှာ ကြောက်လန့်ပြီး ထွက်ပြေးကြရလေသည်။

ဦးဘိုးညိမ်းနှင့်ဆရာခန့်တို့လည်း ထိုရွာမှာသာဆက်နေပြီး ရွာသားများအတွက် ကောင်းကျိုးရအောင် ပြုလုပ်ပေးသွားကြသည်။

နောက်ပိုင်းမှာတော့ သူတို့နှစ်ယောက်အပြင် ထိုရွာမှ အမေစုံ၊ အမေမှုန်တို့နှစ်ယောက်နှင့် လေးဦးပေါင်းကာ ရွာအနီးတစ်ဝိုက်မှာ ဘုရားတစ်ဆူတည်ရန် ပြင်ဆင်ကြလေသည်။

"မကြာခင် ကမ္ဘာစစ်ဘေးကြီး ရောက်လာတော့မယ်၊ ဒါကြောင့် စစ်ဘေးစစ်ဒဏ်တွေရဲ့ဒုက္ခတွေကို မကြားဖူး၊ မမြင်ဖူးရလေအောင် ပုဂံမှာရှိတဲ့ ဗူးဘုရားစေတီလိုမျိုး စေတီတစ်ဆူ ဒီရွာမှာ တည်ရမယ် . ."

ဟု ပြောသဖြင့် ရွာသူရွာသားများကလည်း အလှူငွေများ ပါဝင်လှူဒါန်းကြလေသည်။

ထိုစေတီတော်ကို ခရုချောင်းနှင့် ခရုချောင်းဘုန်းကြီးကျောင်းကြား၌ တည်ကြခြင်းဖြစ်လေသည်။

www.burmeseclassic.com



ဆရာခန့်နှင့် ဦးဘိုးညိမ်းတို့နှစ်ယောက် ခရုချောင်းမှာ ဘုရားတည်နေသည်ဟူသော သတင်းကြားရသဖြင့် စုံထောက်နှင့် ပုလိပ်များ ရုပ်ဖျက်ပြီး လာရောက်ကြည့်ရှုကြသော်လည်း သူတို့ ရောက်လာသည်နှင့် သူတို့နှစ်ယောက်ကို မတွေ့ရပြန်ပေ။

နောက်တော့ လက်လျှော့သွားကြလေသည်။

ဘုရားတည်နေစဉ် အပြီးမသတ်သေးခင်မှာ ထိုနှစ်ယောက်စလုံး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြလေသည်။

"ကျုပ်တို့နှစ်ယောက်တော့ သွားရတော့မယ်၊ ဘုရားကတော့ အပြီးမသတ်နိုင်ခဲ့သေးဘူး"

"ဒါဖြင့် ဘယ်လိုဆက်လုပ်ရမှာလဲ"

"စိတ်မပူပါနဲ့. . ၊ မကြာခင်မှာ ဒီဘုရားကိုလက်စသတ်ပြီးအောင် ဆက်တည်ပေးမယ့် ပုဂ္ဂိုလ်ထူးတစ်ယောက် ဒီရွာကို ရောက်လာလိမ့်မယ်၊ သူလာတဲ့အထိ စောင့်နေကြပါ. . "

ဟု မှာကြားထားခဲ့လေသည်။

၎င်းတို့မှာထားခဲ့ပြီးနောက်ပိုင်း နှစ်နှစ်ခန့် ကြာသောအခါမှ ခရုချောင်းရွာသို့ ထူးထူးဆန်းဆန်းတစ်ယောက် ရောက်လာလေတော့သည်။

အချိန်က မြန်မာသက္ကရာဇ်(၁၂၈၀)ပြည့်နှစ်အချိန် ဖြစ်ပေသည်။

တစ်နေ့သ၌ ထိုရွာသို့ လွယ်အိတ်ကြီးတစ်လုံး လွယ်ထားကာ ပုတီးတစ်ကုံးလည်ပင်းမှာဆွဲထားသော သက်လတ်ပိုင်းအရွယ်လောက်သာ ရှိသေးသော လူတစ်ယောက် ရောက်လာ



BURMESE CLASSIC .com



လေသည်။

၎င်းသည် ဖျင်ကြမ်းတိုက်ပုံနှင့် ပုဆိုးကို ဖြစ်သလိုဝတ်ထားလေသည်။

ဆံပင်ရှည်များရှိပြီး ကုပ်ပေါ်မှာ ဒီအတိုင်းချထားလေသည်။ ၎င်း၏သွင်ပြင်လက္ခဏာမြင်ရုံနှင့် ဆရာခန့်နှင့် ဦးဘိုးညိမ်းတို့နှစ်ယောက်မှာထားခဲ့သော လူထူးလူဆန်းဖြစ်ရမည်ဟု ခန့်မှန်းမိကြလေသည်။

"အဘ ဘယ်နယ်ကလာတာပါလဲ"

"ပုပ္ပားနယ်ဘက်က လာခဲ့တာ"

"ကျွန်တော်တို့ရွာကို ဘယ်လိုအကြောင်းကိစ္စနဲ့ ရောက်လာတာပါလဲ"

"လုပ်စရာလေးတွေရှိသေးလို့ လာခဲ့တာပါ"

ဒီလောက်သာပြောပြီး ထွေထွေထူးထူးတော့ သိပ်မပြောပေ။

"ဒီလိုဖြင့် ဒီရွာမှာရှိတဲ့အိမ်တွေမှာ အဘနှစ်သက်တဲ့အိမ်မှာ တည်းပြီး နေနိုင်ပါတယ်. . "

ဟု ခွင့်ပေးကြရာ ရောက်စအချိန်က ဘိုးဆယ်၊ အဘွားမှုံ ဒေါ်ဆေး၊ ဒေါ်စန်းတို့နေအိမ်များတွင် လှည့်လည်နေထိုင်လေသည်။ နောက်တော့ အိမ်များမှာနေရသည်ထက် သီးခြားနေရာမှာ နေထိုင်ရသည်က ပိုကောင်းမည်ထင်ကြသဖြင့် ခရုချောင်း ကျောင်းဝင်းအတွင်းမှာ သူ့အတွက်ဇရပ်တစ်ဆောင် ဆောက်ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇရပ်ဆိုသော်လည်း သက်ငယ်မိုး၊ ဝါးထရံကာရံထားသော နှစ်ခန်းတွဲအဆောင်တစ်ဆောင်သာ ဖြစ်သည်။

ထိုနှစ်ခန်းရှိသည့်အနက် တစ်ခန်းတွင် တရားထိုင်ပြီး ကျန် တစ်ခန်းကို ဘုရားခန်းအဖြစ် အသုံးပြုလေသည်။

ရွာသူရွာသားများက ဘုန်းကြီးကျောင်းသို့ ဆွမ်းအုပ်ပို့တိုင်း ၎င်းအတွက်ပါ အစားအသောက်များ ပို့ပေးကြသည်။

သို့သော် များများစားစားလေ့မရှိပေ။

သူ့အတွက် ဇရပ်ဆောက်ပေးထားသော်လည်း ဇရပ်ပေါ်မှာတော့ အမြဲနေထိုင်ခြင်းမရှိပေ။

တောထဲတောင်ပေါ်များသို့သာ လှည့်လည်သွားလာနေတတ်ပေသည်။

သို့သော် ၎င်းထံမှာအတူလာနေသော တပည့်များကို မှာထားလေသည်။

"ဇရပ်ဆိုတာ လူမျိုးမရွေး လာရောက်လေ့ရှိတယ်၊ ဧည့်သည်လာရင် လူမပြတ်စေနဲ့"

ထိုသို့မှာထားသောကြောင့် သူမရှိသော်လည်း ဧည့်သည်လာလျှင် လူရှိနေစေရန် တပည့်များက တစ်ယောက်မဟုတ်တစ်ယောက် စောင့်နေပေးရသည်။

ထိုဇရပ်ပေါ်မှာ ကန်တော့ပွဲသုံးပွဲလည်း ထိုးထားသည်။

ဘုရားပွဲ၊ အဓိဋ္ဌာန်ပွဲနှင့် ဝိဇ္ဇာပွဲတို့ဖြစ်သည်။

ထိုကန်တော့ပွဲများထဲတွင် တစ်ခါတစ်ရံ ဆေးလုံးများ ဆေးတောင့်များ ရောက်နေတတ်ရာ ထိုက်သူများ ရကြသေ





သည်။

အချို့က ကန်တော့ပွဲမှစွန့်သော ငှက်ပျောသီးစားရင်း ငှက်ပျောသီးအတွင်းမှရသည်။

အချို့မှာ အုန်းသီး ထက်ခြမ်းခွဲလိုက်တော့မှ အုန်းသီးအတွင်းမှ ရကြသည်မျိုးလည်း ရှိသည်။

အချို့ကတော့ ဘိုးမင်းခေါင် ရောက်စကတည်းက တပည့်အဖြစ် လာရောက်နေထိုင်သော်လည်း ဘာမှ မရသေးသောကြောင့် အဘနှင့်တွေ့သောအခါ ပြောသည်။

"ဘာမဆို လိုချင်ရင် မရဘူး၊ မလိုချင်တော့မှ ရတယ်"

ထိုသို့ တိုတိုတုတ်တုတ်ပြောသောကြောင့် နောက်ထပ်မပြောဝံ့တော့ပေ။

တစ်ခါတစ်ရံလည်း တပည့်များနှင့် အတူတူရှိနေစဉ် တစ်ယောက်တည်း ပြောသလိုလိုနှင့် အားလုံးကြားအောင် ပြောလေသည်။

"တစ်ခုခုကို မစွန့်လွှတ်ဘဲနဲ့ နောက်တစ်ခု မရဘူး"

"မင်းတို့ဆီမှာ ဘာမှမရှိသေးလို့ တခြားဟာတွေကို လိုချင်နေတာ၊ တကယ်လို့ ကိုယ့်လွယ်အိတ်ထဲမှာ ပြည့်သွားပြီဆိုရင် ဘာမှထပ်ထည့်လို့ ရမှာမဟုတ်တော့ဘူး၊ အဲဒီအချိန်ကျရင် လိုချင်တာလည်း ဘာမှရှိမှာ မဟုတ်တော့ဘူး'

ထိုကဲ့သို့သော စကားမျိုး ပြောသည့်အခါ အချို့လည်း နားလည်ကြပေ။

အချို့လည်း ဆိုလိုသောအဓိပ္ပါယ်ကို နားလည်သလိုလို



www.burmeseclassic.com

www.burmeseclassic.com



ရှိကြသည်။ သို့သော်လည်း ၎င်းတို့ဆီသို့ ရောက်နေသည့် ပုဂ္ဂိုလ်မှာ ယခင်ရောက်လာကြသော ဆရာခန့်နှင့် ဦးဘိုးညိမ်းကဲ့သို့ သိဒ္ဓိတန်ခိုးရှိသော ပုဂ္ဂိုလ်မျိုး ဖြစ်ရမည်ဟုတော့ ထင်မှတ်ထားကြလေသည်။

ဘိုးမင်းခေါင် ရောက်လာပြီး နောက်တွင် ဆရာခန့်နှင့် ဦးဘိုးညိမ်းတို့ရှိစဉ်က တည်သွားသော လက်စမသတ်ခဲ့သော ဘုရားကို ဆက်လက်တည်ကြလေသည်။

ဘုရားတည်ရာတွင် ပါဝင်ကြသူများလည်း ယခင်ကအတိုင်းပင် အကူအညီ ပေးကြလေသည်။

တစ်ခါတစ်ရံလည်း ဘိုးမင်းခေါင်သည် ထိုဘုရားတည်သောနေရာသို့ တစ်ယောက်တည်း သွားနေတတ်လေသည်။

အချို့က ဘုရားပေါ်မှာ ပုတီးစိပ်နေသည်ကို မြင်ခဲ့ကြရသည်။

အချို့ကလည်း ထိုနေရာမှာ တစ်ခါမှ မမြင်ဘူးသော လူတစ်သိုက်နှင့် စကားလက်ဆုံကျနေသည်ကို တွေ့မြင်ကြရသည်ဟု ပြောဆိုကြသည်။





# အခန်း(၉)

## မပေါင်မီးဆန်သော လူထူးလူဆန်း

တစ်နေ့သ၌တွင် ဘိုးမင်းခေါင်တစ်ယောက် ခရုချောင်းရွာတွင်းသို့ တုတ်တစ်ချောင်းကိုင်ပြီး ဝင်လာလေသည်။

သူ့ အမူအရာကိုကြည့်ပြီး အချို့က တစ်မျိုးထင်ကာ ....ရိမ်ထိတ်လန့်သွားကြလေသည်။

သူသည် ရွာထဲဝင်လာသည်မှ မြေကြီးပေါ်သို့ ဝါးလုံးတုတ်ဖြင့်ရိုက်ကာ ပါးစပ်မှလည်း အော်ပြောလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"(၂၄)နာရီအတွင်း အိမ်မှာမအိပ်ကြနဲ့ဟော့၊ အိပ်ရင်လည်း နိုးနိုးကြားကြားသာ နေကြပေရော့"

ထိုသို့နှင့် မပြီးသေးပဲ ကလေးများကို အထုပ်ကလေးများပိုက်ပြီး ဟိုပြေးဒီပြေး အပြေးခိုင်းလေရာ အတန်အသင့်ဉာဏ်ရှိသူများကတော့ အတိတ်နိမိတ် တစ်ခုခုပြကြောင်း ရိပ်မိကြသော်လည်း အချို့က နားမလည်ကြပေ။

"ဒီအဘိုးကြီးကလည်း စိတ်မှန့်ရဲ့လားမသိဘူး၊ ကလေးတွေကို အတိတ်မရှိ၊ နိမိတ်မရှိ ဘာတွေလုပ်ခိုင်းနေတယ် မသိတော့ပါဘူး'

ဟု မကြားတကြား တီးတိုးပြောဆိုကြလေသည်။

မကြာခင်မှာပင် ထိုနေရာ တစ်ဝိုက်သို့ ဒုတိယကမ္ဘာစစ်မှ စစ်ပွဲများရောက်လာရာ အထုပ်ပိုက်ကာ ပြေးသူ ပြေးကြတော့သည်။

ထိုအခြေအနေများကို မြင်တော့မှပင် သူတို့ရွာရောက်နေသည့် ဘိုးမင်းခေါင်ဆိုသော လူကြီးမှာ ယခင်ရောက်ခဲ့သော ဆရာခန့်နှင့် ဦးဘိုးညိမ်းတို့လို ကိုယ်ပျောက်နိုင်သည့် အစွမ်းမျိုးရှိသည် မရှိသည် မသိရသော်လည်း သာမန်မဟုတ်သော ပုဂ္ဂိုလ်မှန်းတော့ ရိပ်မိကြသည်။

ထို့ပြင် လာရောက်တပည့်ခံသူတွေလည်း ရှိကြလေသည်။ ထိုအထဲတွင် ရွာလူကြီး ဦးသိုက်နှင့် ဦးဆယ်တို့နှစ်ယောက်လည်း ရှေ့ဆုံးမှ ပါဝင်ကြလေသည်။

၎င်းတို့ နှစ်ယောက်စလုံးမှာ အင်္ဂရိတ်ဝါသနာအိုး





ဖြစ်ကြလေသည်။

ခရုချောင်းရွာသို့ ဘိုးမင်းခေါင် ရောက်စက ဦးဆယ်အိမ်မှာ တည်းခိုနေထိုင်ဖူးသည်။

ထိုအခါက ဦးဆယ် ဖိုထိုးသောအခါ အနားမှ လာကြည့်နေတတ်လေသည်။

"အင်္ဂရိတ်ထိုးတာ အတော်ဝါသနာ ပါသလား"

"ပါပါတယ်"

"ဘာလိုချင်လို့ ဖိုထိုးနေတာလဲ"

"ရွှေဖြစ်ငွေဖြစ်ကနေ သိဒ္ဓိပေါက်တဲ့အဆင့်အထိ လိုချင်လို့ ထိုးနေတာပါ"

"ရွှေဖြစ်ငွေဖြစ်ထိုးပြီးမှ သိဒ္ဓိပေါက်ချင်လို့တော့ ဘယ်ရပါ့မလဲ၊ သိဒ္ဓိပေါက်သွားရင် ဘာမဆို လိုတာအားလုံး ရနိုင်တယ်"

"မှန်ပါတယ် ကျုပ်တို့အဆင့်က ဒီလိုရောက်ဖို့ မလွယ်လှသေးပါဘူး"

"မလုပ်သေးလို့ မရတာပါ၊ လုပ်ရင် ရနိုင်ပါတယ်၊ ခင်ဗျား လိုချင်ရင် ဒီအင်္ဂရိတ်ထိုးတဲ့အလုပ်ကို အခုမလုပ်နဲ့ဦး ကျုပ်ပြောတဲ့အလုပ်တွေကို အရင်လုပ်ရမယ်"

"ဘယ်လိုအလုပ်မျိုးလဲ"

"အဓိဋ္ဌာန်ဝင်ပြီး ပုတီးစိပ်တဲ့အလုပ်ကို အရင်လုပ်ရမယ်"

ဟု ပြောဆိုနေရင်း ဖိုနံဘေးမှာရှိသော ချော်ရေခဲတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကို ကောက်ယူလိုက်သည်။

ချော်ရည်ခဲမှာ ပုလင်းကွဲကဲ့သို့ ထက်မြက်စူးရှသော အရာမျိုး ဖြစ်သော်လည်း ဘိုးမင်းခေါင်က ထိုမာကျောလှသော ချောရည်ခဲကို လက်ဝါးထဲထည့်ကာ လောက်စာလုံးကဲ့သို့ လုံးပြလေရာ ဦးဆယ်လည်း မျက်လုံးပြူးသွားပြီး များစွာအံ့သြသွားလေတော့သည်။

ထို့နောက်ပိုင်းမှာတော့ ဦးဆယ်တစ်ယောက် ဖိုမှုထိုးတော့ပဲ ပုတီးစိပ် တရားထိုင်သောအလုပ်ကိုသာ လုပ်လေတော့သည်။

ခရုချောင်းရွာမှာ ထိုအဖြစ်အပျက်မျိုးကို နောက်တစ်ယောက်လည်း တွေ့ကြုံဖူးသေးသည်။

ရွာလူကြီး ဦးသိုက်ပင် ဖြစ်ပေသည်။

ဦးသိုက်မှာ အများက တင်ထားသဖြင့် ရွာကလူကြီးလုပ်နေရသော်လည်း အင်္ဂရတ် ဝါသနာကြီးသူတစ်ဦး ဖြစ်လေသည်။

တစ်နေ့တော့ ဘိုးမင်းခေါင်ကို ၎င်းအိမ်သို့ ပင့်ဖိတ်ပြီး မေးလေသည်။

"ဦးမင်းခေါင် ခင်ဗျား အင်္ဂရတ်အကြောင်း အတော်ကလေး နားလည်တယ်လို့ ပြောသံကြားတယ်"

လက်ဖက်ရည်သောက်ရင်းမှ ခေါင်းညိတ်ပြသည်။

"ကျုပ်ကို လုပ်နည်းတစ်ခုလောက် ပြပေးစမ်းပါဗျာ"

ဟု တောင်းပန်လေသည်။





"ဘယ်နည်းက အခက်ခဲဆုံးလဲ"

"ကျုပ်တို့အဖို့တော့ 'သွပ်'ကို ဖမ်းရတဲ့နည်းက အခက်ဆုံးပေါ့ဗျာ'

အင်္ဂရတ်လောကတွင် သွပ်ဖမ်း၍ ရွှေဖြစ်အောင် ပြုလုပ်သောနည်းမှာ ခက်ခဲလှသည်။

သွပ်ကို ရွှေဖြစ်ဖို့ မဆိုထားနှင့် မီးထိုးခံသောအဆင့်ရောက်ဖို့ပင် များစွာခဲယဉ်းလှသည်။

ထို့ကဲ့သို့ အဖမ်းရခက်လှသဖြင့် 'သွပ်'ကို ရသေ့ငိုဟုပင် တင်စားခေါ်ဝေါ်ခဲ့ကြလေသည်။

ဦးသိုက်က ထိုသို့ပြောပြီး ဖိုထိုးသောအခန်းတွင်းသို့ ခေါ်သွားရာ ဘိုးမင်းခေါင်လည်း လိုက်သွားလေသည်။

ဖိုခန်းထဲ ရောက်သောအခါ သွပ်ကို ဖမ်းပြရုံမကပဲ ရွှေဖြစ်အောင်ပါ ထိုးပြလေရာ ဦးသိုက်မှာ များစွာအံ့သြသွားရုံမက ထိုရွှေတုံးကိုပါ လိုချင်လေသည်။

"ဒီရွှေကို လိုချင်လို့လား"

"မှန်ပါတယ်"

"အချိန်တန်ရင်တော့ ရမှာပေါ့၊ အခုတော့ အချိန်လိုသေးလို့ မရနိုင်သေးဘူး"

ဟု ပြောဆိုကာ ထိုရွှေတုံးကို ပြန်လည်ဖျောက်ဖျက်ပစ်လိုက်ရာ ဦးသိုက်လည်း ဘာမှမပြောသာတော့ပေ။

ဘိုးမင်းခေါင်သည် ခရုချောင်းရွာမှာ ရှိနေစဉ် ဦးခန့်နှင့် ဦးဘိုးညိမ်းတို့ ဦးဆောင်တည်သွားသော ဗုဒ္ဓဘုရားနှင့် ပုံသဏ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



တူသော စေတီတော်ကို ဆက်လက်တည်နေသလို ရွာသူရွာသား များ ဘေးအန္တရာယ်နှင့် မကြုံရအောင်လည်း ကာကွယ်စောင့် ရှောက်ပေးလေသည်။

ရောဂါများ ဖြစ်လာလျှင်လည်း ကုသပေးသည်။ သူ ဆေးကုသပေးပုံမှာ ဆေးဝါးမလိုသော ဆေးကုနည်းမျိုး ဖြစ်ပေ သည်။

လက်လှမ်းမီသော နေရာမှာရှိသည့် ရေ၊ သစ်ပင်၊ သစ် ရွက်တို့ကိုသာ ဆေးအဖြစ်အသုံးပြုကာ ကုသပေးခြင်းဖြစ်သည်။

ဒုတိယကမ္ဘာစစ်ပွဲမှ အဆက်အနွယ်များ ဖြစ်ကြသည့် စစ်ပွဲများမှာ မကြာခဏဆိုသလို ထိုရွာနှင့်မနီးမဝေး၌ ဖြစ်ကြ လေရာ သေကျေပျက်စီးမှု များစွာရှိကြလေသည်။

စစ်ပွဲများပြီးသွားသောအခါ ထိုရွာများသို့ မကျွတ် မလွတ်သော နာနာဘာဝတို့က လာရောက်ခြောက်လှန့်ကြရာ ရွာသူရွာသားများမှာ ကြောက်ရွံ့ထိတ်လန့်မှု ဖြစ်ကြရသည်။

ထိုအခါ ဘိုးမင်းခေါင်က ရေခွက်တစ်ခွက်ထဲသို့ ရေ ထည့်ပြီး တစ်ရွာလုံး လိုက်လံဖျန်းပက်ပေးလေသည်။

"ဒီနေရာက နင်တို့နေရမယ့် နေရာမဟုတ်ဘူး၊ အဝေး ကို သွားကြ. . . သွားကြ"

ဟုလည်း ပြောဆိုရေရွတ်လေသည်။

ထိုကဲ့သို့ ပြုလုပ်လိုက်သော အခါမှပင် အခြောက်အ လှန့်များ တန့်သွားလေတော့သည်။

တစ်နေ့သ၌ ခရုချောင်းမှာရှိနေစဉ် ဘိုးမင်းခေါင်က





တပည့်အချို့ကို ပြောလေသည်။

"နန်စီအောင်ဘက်မှာ အန္တရာယ်တွေ ရောက်နေတယ်၊ ငါ ခဏသွားလိုက်ဦးမယ်"

ဟုပြောပြီး လွယ်အိတ်တစ်လုံးလွယ်လျက် ထွက်သွား လေရာ တပည့်အချို့လည်း လိုက်သွားကြသည်။

ထိုတပည့်များထဲမှာ အသက်အရွယ်ကြီးသော အမျိုး သမီးနှစ်ဦးလည်း ပါကြသည်။

ဒေါ်စန်းနှင့် ဒေါ်သောင်းတို့ နှစ်ယောက်ဖြစ်သည်။

နမ္မားနှင့် နန်စီအောင်မှာ အတော်ကလေး ခရီးဝေး သည်။ မီးရထားလမ်းနံဘေးမှာရှိသောမြို့များ ဖြစ်ကြသော် လည်း ကြားထဲမှာ မိုးညှင်းနှင့် မော်ဟန်မြို့များကို ကျော်ဖြတ် သွားမှ ရောက်နိုင်သည်။

နန်စီအောင်မှာ နမ္မားတောင်ဘက် ရထားလမ်းနံဘေး၌ ပင် တည်ရှိလေသည်။

သူတို့သည် ခြေလျင်သွားကြရာ တစ်ခါတစ်ရံ ရထား လမ်းအတိုင်း သွားကြသည်။

တစ်ခါတစ်ရံလည်း ဖြတ်လမ်းဖြစ်သည့် တောလမ်းများ မှ ဖြတ်သွားကြသည်။

ထိုအချိန်က ကချင်ပြည်နယ်အတွင်း၌ရှိသော သစ် တောကြီးများမှာ လူတိုးမပေါက်အောင် ကောင်းလှပြီး သားရဲ တိရစ္ဆာန်များလည်း ပေါများသည်။

သူတို့သွားသော ခရီးမှာတော့ မည်သည့်အန္တရာယ်နှင့်မှ



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ကြရပေ။

နန်စီအောင်နှင့်နီးသော တောတွင်းတစ်နေရာ ရောက်သောအခါ မိုးချုပ်နေလေပြီ။

ထို့ကြောင့် တောထဲမှာပင် စခန်းချကြရသည်။

ထိုနေရာရောက်သောအခါ ဘိုးမင်းခေါင်က တုတ်တစ်ချောင်းနှင့် စည်းဝိုင်းကြီးဝိုင်းကာ နောက်မှ ပါလာသူများကို ထိုစည်းဝိုင်းအတွင်းသို့ ဝင်နေစေသည်။

"ငါ ပြန်ရောက်မလာမချင်း အပြင်ကို မထွက်ကြနဲ့"

ဟု မှာထားခဲ့ပြီး တောတွင်းသို့ ဝင်သွားလေတော့သည်။

ညအချိန်ရောက်သည်အထိ ပြန်မရောက်လာတော့ပေ။

တောကြီးမျက်မည်းအတွင်း စည်းဝိုင်းထဲမှာ ကျန်နေခဲ့သူများကတော့ များစွာကြောက်လန့်နေကြလေသည်။

မီးမရှိသဖြင့် အမှောင်ထဲမှာပင် ဒီအတိုင်း ထိုင်နေကြရသဖြင့် ပိုပြီးကြောက်လန့်နေကြသော်လည်း မည်သည့်အန္တရာယ်အနှောင့်အယှက်မှ မတွေ့ကြရပေ။

နောက်တစ်နေ့ နံနက်လင်းတော့မှ ဘိုးမင်းခေါင် ပြန်ရောက်လာသည်။

ထို့နောက် နန်စီအောင်မှ ကိစ္စများပြီး၍ ကောလင်းမှ ပြန်လာရာ တစ်နေရာရောက်တော့ လမ်းခွဲတစ်ခုကို တွေ့ကြရသည်။

ဘိုးမင်းခေါင်က အခြားဘက်သို့ ခွဲထွက်သွားသောလမ်း





မှ သွားရန်ဟန်ပြင်ရာ နယ်ခံတပည့်တစ်ယောက်က ပြောသည်။

"အဘ ဟိုဘက်လမ်းက မဟုတ်ဘူး၊ ဒီဘက်လမ်းက သွားရမှာ"

"ဒီလမ်းက သွားလို့မရဘူး"

"ရပါတယ် အဘရဲ့၊ ဒီလမ်းကသွားမှ မြန်မြန်ရောက်မှာ"

ဟု ဇွတ်ပြောနေသောကြောင့် ထပ်မပြောတော့ပဲ ထိုသူကိုပင် ရှေ့မှ သွားခိုင်းလေသည်။

တစ်နေရာ ရောက်သောအခါ သူတို့သွားမည့် လမ်းပေါ်မှာ ကျားတစ်ကောင်က ဆောင့်ကြောင့်ထိုင်ပြီး နှုတ်ခမ်းမွေးသပ်နေသည်ကို တွေ့ရသဖြင့် နောက်ကြောင်းသို့ ပြန်လှည့်ကာ မူလညွှန်ပြသော လမ်းမှပင် သွားကြရလေသည်။

စောစောက လမ်းပြသွားသောသူမှာ နောက်ထပ်ဘာမှ မပြောဝံ့တော့ပေ။

ဤသို့ဖြင့် ဘိုးမင်းခေါင်တစ်ယောက် ခရုချောင်းရွာသို့ ရောက်ပြီး လအနည်းငယ် ကြာသောအခါ ၎င်း၏သတင်းက တဖြည်းဖြည်းနှင့် နမ္မားအထိ ပြန့်နှံ့သွားလေတော့သည်။

ထိုသတင်းကြားသောအခါ နမ္မားဂါတ်တဲမှာ ရုံးထိုင်နေသော ရာဇဝတ်ဝန်ထောက်မှာ များစွာစိတ်ညစ်သွားလေသည်။

"ဟိုနှစ်ယောက် မရှိတော့လို့ အေးမယ်မှ မကြာသေးဘူး၊ နောက်တစ်ယောက် ရောက်လာပြန်ပြီလား၊ အဲဒီရွာကိုသွားပြီး စုံစမ်းကြည့်ကြ၊ မသင်္ကာရင် တစ်ခါတည်း ဖမ်းခေါ်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



အချုပ်ထဲသာ ထည့်ထားလိုက်ပေတော့"

ဟု မျက်နှာဖြူအရာရှိက အမိန့်ပေးလိုက်သဖြင့် ရာဇဝတ်အုပ်တစ်ဦးနှင့် ပုလိပ်အချို့ ရောက်လာကြသည်။

ထိုရွာသို့ရောက်သောအခါ ရွာလူကြီး ဦးသိုက်ကိုပါ ခေါ်ပြီး ဦးမင်းခေါင်ရှိနေရာသို့ သွားကြလေသည်။

သူတို့လာတာမြင်တော့ ဘိုးမင်းခေါင်က လက်ဖက်ရည် သောက်နေရာမှ ပန်းကန်ကို ကြမ်းပြင်ပေါ်သို့ မှောက်ချထားလိုက်လေသည်။

"အခု ရောက်နေတဲ့ လူဆိုတာ ခင်ဗျားလား"

ခေါင်းညိတ်ပြသည်။

"ခင်ဗျားနာမည် ဘယ်သူလဲ"

"မင်းခေါင်"

"ဘိုးမင်းခေါင်ဆိုတာ ခင်ဗျားလား"

"ဦးတပ်ခေါ်ရင်တော့ ဦးမင်းခေါင်ပေါ့၊ အဘိုးအရွယ်မို့ ဘိုးတပ်ခေါ်ရင်တော့ ဘိုးမင်းခေါင်ပေါ့၊ ငါ့နာမည်ကတော့ မင်းခေါင်ပဲ"

ဟု ပြောရာ ရာဇဝတ်အုပ်က စာအုပ်ဖြင့် ရေးမှတ်ယူသည်။

"ခင်ဗျား အသက်ဘယ်လောက်ရှိပြီလဲ"

"လေးဆယ်တော့ ရှိပြီပေါ့"

(ထိုအချိန်က အဘအသက်မှာ ၃၈နှစ်ကျော်ကျော်သာ ရှိပေသေးသည်။)





"ဘာအလုပ် လုပ်စားမလဲ"

"လူတွေကို ဆေးကုပေးတယ် ဗေဒင်တွက်ပေးတယ်"

"ဗေဒင်တွက်တာမှန်အောင် ပြောနိုင်သလား"

"ဗေဒင်တွက်တာပဲ မှန်ချင်မှန်မယ်၊ မမှန်ရင်တော့ မှားမှာပေါ့"

"ခင်ဗျားဇာတိက ဘယ်ကလဲ"

"ငါတို့အမျိုးက စင်မြင့်မှာနေတယ်"

ရာဇဝတ်အုပ်က စင်မြင့်ရွာဟု ရေးမှတ်လိုက်သည်။

"ခင်ဗျား ဘာလူမျိုးလဲ"

"ဗုဒ္ဓဘာသာလူမျိုး"

"မြန်မာလူမျိုး မဟုတ်ဘူးလား"

"ငါက ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်လို့ ဗုဒ္ဓဘာသာ လူမျိုးလို့ ပြောတာ"

"ဒီကို ဘာအတွက် ရောက်နေတာလဲ"

"ငါက နေရာအနှံ့ သွားနေတာပဲ၊ ရောက်တဲ့နေရာမှာ ဆေးကုပေးတယ်၊ ဗေဒင် ဟောပေးတာပဲ"

ရာဇဝတ်အုပ်လည်း ဘာမှဆက်မေး၍ အကျိုးထူးမည် မဟုတ်သောကြောင့် စိတ်ညစ်သွားလေသည်။

"ခင်ဗျားအနေနဲ့ ကျုပ်တို့ အင်္ဂလိပ် အစိုးရမင်းတွေ အပေါ်မှာ ဘယ်လိုသဘောထားသလဲ"

"ငါက ငါ့အလုပ် ငါလုပ်နေတာဆိုတော့ မင်းတို့ရှိနေ တာတောင် သတိမထားမိပါဘူး၊ ငါ့အမြင်ပြောရရင်တော့ ညည့်



www.burmeseclassic.com

www.burmeseclassic.com



သည်ဆိုတာ အချိန်တန်ရင်တော့ ကိုယ့်နေရာကိုယ် ပြန်ကြရမယ် ထင်တာပဲ"

ဟု ပြောလေရာ ရာဇဝတ်အုပ်လည်း ဆက်မမေးသာတော့ပဲ ပြန်သွားလေသည်။

သို့သော်လည်း မကျေနပ်သေးပဲ ၎င်းတပည့် ဆားပုလင်းတစ်ယောက်ကို ဦးမင်းခေါင်အား လျှို့ဝှက်စွာ စောင့်ကြည့်နေရန် တာဝန်ပေးထားခဲ့လေသည်။

ဆားပုလင်းက ရွာသားတစ်ယောက်ကို ဟန်ဆောင်ပြီး မနီးမဝေးမှာ လာရောက်နေထိုင်ပြီး အခြေအနေကို စောင့်ကြည့်လေသည်။

တစ်နေ့တော့ ဇရပ်အတွင်းမှာ ဘယ်သူမှမရှိခိုက် ဘိုးမင်းခေါင် ထိုဆားပုလင်းကိုခေါ်ပြောလေသည်။

"မင်းကို ငါ့အကြောင်းတွေ ပြောပြပေးမလို့ပါ၊ ငါက တခြားသူ မဟုတ်ဘူးကွ၊ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူတော့ ကိုရင်ဘဝနဲ့ပဲ ရှိနေသေးတယ်၊ ဂေါတမမြတ်စွာဘုရား တာဝတိံသာမှာရှိတဲ့ မယ်တော်မိနတ်သားကို တရားဟောဖို့ ကြွသွားတော့ ငါလည်းပါသွားခဲ့တယ်၊ အဲဒီအချိန်မှာကတည်းက နိဗ္ဗာန်ကူးမယ်ဆိုရင် တစ်ခါတည်း ကူးသွားလို့ရတယ်၊ ငါ ဘာကြောင့်မသွားသလဲဆိုတော့ လူမိုက်တွေကို တတ်နိုင်သလောက် အကူအညီပေးချင်တာနဲ့ အခုလို ပြန်လာတာ"

ဟု ပြောပြလေရာ ဆားပုလင်းမှာ ဘယ်လိုအဓိပ္ပါယ်မျိုးဖြင့် ထိုစကားများ ပြောနေသည်ကို နားမလည်ပေ။





သူသည် ဗုဒ္ဓဘာသာဝင် မဟုတ်ပဲ လူမျိုးခြားတစ်ယောက်ဖြစ်သောကြောင့် ဘိုးမင်းခေါင် ပြောနေသည့် အကြောင်းအရာများ ကိုလည်း မသိပေ။

သူ၏ မှတ်တမ်းစာအုပ်ထဲမှာတော့. . .


"ဦးမင်းခေါင်ဆိုသော လူမှာ သာမန်မဟုတ်ပေ၊ စိတ်မနှံ့သော လူတစ်ယောက်သာ ဖြစ်သည်"

ဟု ရေးမှတ်ထားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

# သိဒ္ဓိတာန်ခိုးပြင်း အာကျိုးများစေသူ

တစ်နေ့သ၌ နမ္မာဘူတာနှင့် မနီးမဝေးတွင် မန္တလေးနှင့် မြစ်ကြီးနားပြေးဆွဲနေသော ရထားတစ်စီး လမ်းချော်နေလေသည်။

လူစီးရထားခေါင်းတွဲကြီးမှာ လမ်းချော်ပြီး ရထားလမ်းဘေးသို့ ထိုးကျနေလေသည်။

ရထားဝန်ထမ်းများနှင့် ခရီးသည်များပါ အောက်သို့



www.burmeseclassic.com

www.burmeseclassic.com



ဆင်းပြီး ရထားခေါင်းတွဲကို အပေါ်ရောက်အောင် ကြိုးစားတင်ကြသော်လည်း တုတ်တုတ်မျှ မလှုပ်ပေ။

ရထားဆက်မသွားနိုင်သောကြောင့် ရထားတွဲပေါ်မှာပါလာသော ခရီးသည်များမှာ ဒုက္ခရောက်ကြလေသည်။

မန္တလေး-မြစ်ကြီးနား ပြေးဆွဲနေသော ရထားတွဲများမှာ များစွာလူကျပ်လှသည်။

ထိုသို့ လူကျပ်ရခြင်း အကြောင်းရင်းမှာ လူစီးတွဲများပေါ်တွင် ထိုင်ခုံရသော သူများအပြင် ထိုင်ခုံမရသော သူများက ပိုများနေသောကြောင့် ပြည့်ကျပ်နေခြင်း ဖြစ်သည်။

ထို့ပြင် ၎င်းတို့ပါလာသောအထုပ်အပိုးများ ကုန်ပစ္စည်းထည့်ထားသောခြင်းများ၊ တောင်းများကြောင့်လည်း ခြေနင်းစရာ နေရာမရှိအောင် ဖြစ်နေသည်။

လူသွားလမ်းများပေါ်တွင်သာမက အိမ်သာခန်းရှေ့ အတက်အဆင်းပြုသော လှေကားနေရာများမှာပင် နေရာအလွတ်မရှိလေရာ တစ်နေရာမှ တစ်နေရာ သွားလိုလျှင် လူများအပေါ်မှပင် ခွကျော်နင်းပြီး သွားကြရသည်။

အိန္ဒိယရထားလိုင်းများလောက် အခြေအနေမဆိုးသော်လည်း မန္တလေး-မြစ်ကြီးနား ရထားလိုင်းမှာ လူဦးရေနှင့် မမျှအောင် ကျပ်သောလိုင်း ဖြစ်ပေသည်။

ရှေးအခါက ကားလမ်းများ မကောင်းသည့်အပြင် ဘေးအန္တရာယ်လည်းများသောကြောင့် ရထားခလည်းသက်သာ ဘေးအန္တရာယ်လည်း အနည်းငယ် သက်သာသော မီးရထားကို





င် လူစီးများကြခြင်း ဖြစ်သည်။

တောင်တက်တောင်ဆင်းလမ်းများသောကြောင့် လေးမှ ညနေပိုင်းထွက်လျှင် နောက်တစ်နေ့ ညနေပိုင်း ချိန်ရောက်မှ မြစ်ကြီးနားဘူတာသို့ ရောက်နိုင်ပေသည်။

သို့တိုင်အောင် လမ်းမှာ အန္တရာယ်နှင့်မတွေ့ပဲ ချော မောမော သွားနိုင်မှာ ထိုအချိန်ရောက်နိုင်ပြီး၊ အကယ်၍ က်အခဲများ ဘေးအန္တရာယ်များနှင့် တွေ့ပါက အချိန်အကန့် သတ်မရှိ ကြာတတ်လေသည်။

ဥပမာ ရထားလမ်းချော်လျှင်သော်လည်းကောင်း၊ ရ သံလမ်းများ ကျိုးပြတ်နေလျှင်သော်လည်းကောင်း၊ ဆက် ၍မရပဲ လမ်းတစ်ဝက်မှာပင် သောင်တင်နေတတ်ကြပေ ည်။

ထိုအခါ ခရီးသည်များမှာ စားသောက်ရေးအတွက် ာဒုက္ခရောက်ကြရသည်။

(လွန်ခဲ့သော အနှစ်နှစ်ဆယ်ဝန်းကျင်ခန့်အချိန်က နယ် အယ်ဒီတာဘဝနှင့် ဟိုပင်ဘက် ရောက်ခဲ့စဉ်က အင်းတော် သွားသော တောင်တက်ကားလမ်းပေါ်မှ ဓားပြတိုက်ခံခဲ့ရ င့် ငွေတစ်ပြားမှမပါပဲ ဟိုပင်မှ ရန်ကုန်ရောက်အောင် ပြန်ခဲ့ ည်ကို ယခုတိုင် သတိရနေမိပါသေးသည်။)

ယခုလည်း နမ္မားဘူတာနှင့် မနီးမဝေးတွင်မြစ်ကြီးနား သို့သွားမည့် ရထားတစ်စင်း လမ်းချော်ကာ ခေါင်းတွဲက ဘေးရောက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘူတာမှဝန်ထမ်းများ၊ ရထားပေါ်မှ လူများပါ ဆင်း
အကူအညီ ပေးကြသော်လည်း နည်းနည်းမှ မလှုပ်ပေ။

ထိုသတင်းကြားတော့ နမ္မားဂါတ်တဲမှ ပုလိပ်များ
ရောက်လာပြီး ဝိုင်းဝန်းကူညီပေးကြသည်။

မထူးခြားပေ။

ထိုအချိန်မှာပင် ခရုချောင်းရွာမှာနေသော ဘိုးမင်းခေါင်
ရောက်လာလေသည်။

သူ့ကိုမြင်တော့ နမ္မားဂါတ်တဲမှ ပုလိပ်အချို့က မှ
ကြလေသည်။

ထိုနေရာရောက်သောအခါ လမ်းဘေးတောစပ်
ပေါက်နေသော ကုန်းဗေဒါ ကိုင်းတစ်ကိုင်းကို ချိုးယူလာ
ရထားတွဲရှိရာသို့ ပြန်လာကာ ရထားဘီးများကို ချိုးယူလာ
သစ်ကိုင်းဖြင့် လိုက်ရိုက်လေသည်။

ထိုသို့ ရိုက်နေရင်းမှပင် ပါးစပ်ကလည်း တတွတ်တွ
ရေရွတ်ပြောဆိုနေလေသည်။

"ဟဲ့ကောင်ကြီး ကိုယ့်လမ်းပေါ် ကိုယ်ပြန်တက်ပြီး
သွားမယ့်လမ်းကို ဖြောင့်ဖြောင့်သွားပါတော့လား၊ လူတွေ
ရောက်နေကြပြီ၊ ကိုယ့်လမ်းပေါ် ပြန်တက်စမ်း"

ဟု ပြောဆိုရိုက်ပုတ်ပြီး အနားမှာရှိနေသော လူအ
ခေါ်ကာ ခေါင်းတွဲကို မတင်လိုက်ရာ အလွယ်တကူနှင့်ပင်
လမ်းပေါ်သို့ နေသားတကျ ပြန်ရောက်သွားလေတော့သည်

ထိုအခါမှပင် မီးရထားမှ တာဝန်ရှိသူများနှင့် ဝိုင်း





ကြသော ခရီးသည်တို့မှာ များစွာအံ့သြသွားလေသည်။

ထိုအခါ ပုလိပ်တစ်ယောက်က ဘိုးမင်းခေါင် အနားသို့
ရောက်လာပြီး မေးလေသည်။

"ခင်ဗျား ခရုချောင်းက အဘိုးကြီး မဟုတ်လား"

"ဟုတ်တယ်လေ မင်းတို့က အရူးလို့ ထင်နေတာ ငါပဲ
အရူးဆိုတာ သူများတွေထက်တော့ ထူးတယ်ကွ၊ အရူးပေ
သူများမလုပ်နိုင်တာတွေကို လုပ်နိုင်တာတွေရှိတယ်"

ဟု ပြောပြီး ထိုနေရာမှ ထွက်သွားလေရာ ပုလိပ်များမှာ
အံ့တသြဖြင့် ကျန်ခဲ့ကြလေသည်။

ထို့နောက် ရထားလည်း ဥသြသံပေးကာ ထိုနေရာမှ
သွားလေတော့သည်။

တစ်နေ့မှာတော့ ဘိုးမင်းခေါင်သည် နန်စီအောင်ဘက်
အစ်ဦးတည်း ပြန်လာလေသည်။

သူသည် နန်စီအောင်မှ ထွက်လာသော အဆန်ရထား
နမ္မားဘူတာသို့ လိုက်လာသည်။

၎င်းတို့ဘုရားတည်နေသော ခရုချောင်းရွာထိပ်သို့
သောအခါ ရထားမှာ သူ့အလိုအလျောက် တုံ့ခနဲ ရပ်
လေသည်။

ထိုအခါမှ ဘိုးမင်းခေါင်မှာ ရထားပေါ်မှ ဆင်းသွားလေ

သူ့ဆင်းသွားပြီးမှ ရထားမှာ ပုံမှန်အတိုင်း ရှေ့သို့ ဆက်
လေရာ ရထားစက်မောင်းတို့မှာ များစွာအံ့သြနေကြသေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အဘဘိုးမင်းခေါင်နှင့်ပတ်သက်သော အခြားအဖြစ်ေ
ပျက်တစ်ခုလည်း ရှိပေသေးသည်။

ထိုအချိန်က မော်လူးသို့ ရောက်နေသော အချိန်ဖြ
သည်။ ရာသီဥတုက ဆိုးဝါးပြီး မိုးလေများ သည်းထန်နေသေ
အချိန်လည်း ဖြစ်သည်။

တောင်ကျရေများ ဆင်းလာသောကြောင့် အချို့နေေ
များမှာ လမ်းများ ပြိုပျက်ပိတ်ဆို့နေတတ်လေသည်။

တစ်နေ့တော့ မော်လူးသို့ ဆန်တက်လာသော မန္တလေ
မြစ်ကြီးနား အဆန်ရထားသည် လမ်းပိုင်းတစ်နေရာသို့ ရော
သောအခါ အနှောင့်အယှက်တစ်ခုကို တွေ့ရလေသည်။ ထ
အချိန်က မိုးတဖွဲဖွဲ ရွာနေသောကြောင့် ရှေ့သို့ ကောင်းစွာမမြင်
ပေ။

တစ်နေရာသို့ ရောက်သောအခါမှ ရထားသံလမ်းပေ
မှာ ကန့်လန့်ဖြတ်အိပ်နေသည့် လူတစ်ယောက်ကို လှမ်းမြင်ကြ
သည်။

ထိုအခါမှ ရထားကို ရပ်တန့်ရန် ကြိုးစားသော်လည်
နီးနေပြီ ဖြစ်သောကြောင့် ရုတ်တရက် အရှိန်သတ်မရသေ
ကြောင့် ရထားကရှေ့ဆက်သွားနေသည်။

အိပ်နေသူနှင့် မနီးမဝေးရောက်တော့မှ သူ့အလို
လျောက် တုံ့ခနဲ ရပ်တန့်သွားတော့သည်။

ထိုအခါမှ ရထားပေါ်မှာ တာဝန်ရှိသူများက ဒေါသ





ကြီးဖြင့် ဆင်းလာကြကာ အိပ်နေသော ဘိုးမင်းခေါင်ကို နှိုး
ကြလေသည်။

တော်တော်နှင့် မထသဖြင့် ကုလားတစ်ယောက်က ခြေ
ထောက်ဖြင့် ဝင်ကန်လိုက်သေးသည်။

ထိုအခါမှ နေရာမှ ထလာသည်။

(ထိုခြေထောက်ဖြင့် ဝင်ကန်သော ကုလားမှာ မြစ်ကြီး
နား ဘူတာရောက်သောအခါ တွဲညှပ်သဖြင့် ခြေထောက်တစ်
ဖက် ပြတ်သွားလေသည်။)

"ခင်ဗျား ဘာလုပ်နေတာလဲ၊ အိပ်စရာနေရာရှားလို့ ရ
ထားသံလမ်းပေါ်မှာမှ လာအိပ်နေရသလား၊ ရူးနေသလား၊
မူးနေသလား၊ ဒါမှမဟုတ် သေချင်နေလို့လား"

"ခင်ဗျား ဒီလိုလုပ်တာ ဘယ်လောက်အန္တရာယ်များ
တယ်ဆိုတာ သိရဲ့လား၊ မတော်တဆ ရထားလမ်းချော်ပြီး တစ်ခု
ခုဖြစ်သွားရင် ခရီးသည်တွေသေမှာ ခင်ဗျားကို နှောင့်ယှက်မှုနဲ့
ဖမ်းချုပ်ရလိမ့်မယ်"

"ငါ့ကို ချုပ်ချင်လည်း နောက်မှချုပ်ပါကွာ၊ အခုတော့
ဟိုဘက်နားလေး ခဏလိုက်ကြည့်ပါဦး"

ဟု ရထားမောင်းသူတို့ကို တစ်နေရာသို့ ခေါ်သွားပြီး
ပြလေသည်။

ထိုနေရာမှာရှိသော သံလမ်းအချို့မှာ တောင်ကျရေ
တိုက်စားသောကြောင့် ကျိုးပြတ်ပြုတ်ထွက်နေလေသည်။

ထိုနေရာမှာသာ လမ်းချော်ပါက လမ်းတစ်ဖက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ချောက်ရှိသောကြောင့် ချောက်ထဲကျရုံသာ ရှိတော့သည်။

ထိုကဲ့သို့ မြင်တော့မှ စောစောက တမင် အနှောင့်အယှက်ပေးသည်ဟုထင်ကာ ဒေါသဖြစ်နေကြသူများမှာ ဘိုးမင်းခေါင်ကို ကျေးဇူးတင်ကြရလေတော့သည်။

"ကျွန်တော်တို့ မသိလို့ ပြောမိဆိုမိတာ ခွင့်လွှတ်ပါ ဘကြီးရယ်၊ ဒီနေရာမှာသာ လမ်းချော်ရင် ရထားတစ်စင်းလုံး သေကြမှာပါပဲ၊ အခုလို အသက်ကယ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဘကြီးရယ်"

ဟု ဝိုင်းဝန်းပြောဆိုကြလေသည်။

ဘိုးမင်းခေါင်ကတော့ ဘာမှမပြောပဲ တောထဲသို့ ပြန်ဝင်သွားလေသည်။

ဘိုးမင်းခေါင် မော်လူးသို့ ရောက်နေသော အချိန်က ဖြစ်ပေသည်။

တစ်နေ့သ၌ ဈေးနှင့် မနီးမဝေးမှာ ခေါက်ဆွဲဆိုင် တစ်ဆိုင် အတွင်းသို့ ဝင်သွားသည်။

"ခေါက်ဆွဲတစ်ပွဲ ဘယ်လောက်လဲ"

"တစ်မတ်"

"ငါ့ကို တစ်ပွဲပေး၊ အသားမထည့်နဲ့ ဒီအတိုင်းပဲ ကျော်ပေး"

ထိုသို့ပြောပြီး ဆိုင်ရှေ့စားပွဲမှာ ဝင်ထိုင်နေသည်။ ထိုအခိုက်မှာပင် ဆိုင်ရှင်တရုတ်က ကြက်တစ်ကောင်ကိုသတ်ရန် အပြင်သို့ ထုတ်ယူလာသည်။





သူ သတ်မည့်နေရာမှာ ဘိုးမင်းခေါင်ထိုင်နေသည့်နေရာ အနောက်ဘက်နား၌ ဖြစ်သည်။

"ဒီကြက်ကို မသတ်ပါနဲ့"

ဘိုးမင်းခေါင်ကပြောတော့ ဆိုင်ရှင်တရုတ်က တစ်ချက် မော့ကြည့်လေသည်။

"ကြက်မသတ်ပဲနဲ့ ခေါက်ဆွဲကြော်က ဘာနဲ့ရောင်းရမှာလဲ"

ဟု ပြောပြောဆိုဆိုနှင့် ကြက်အရှင်ကို ဓားဖြင့် လည်ပင်း ဖြတ်ကာ ထိုနေရာမှာပင် ချထားခဲ့ပြီး ဆိုင်ထဲပြန်ဝင်သွားလေသည်။

လည်ပင်းပြတ်နေသောကြက်က တဖျပ်ဖျပ်နှင့် ခုန်နေသေးသည်။

ဘိုးမင်းခေါင်က ထိုနေရာသို့ ထသွားပြီး ပြတ်နေသော ဦးခေါင်းကို လက်ဖြင့်ပြန်ဆက်ပြီး ကောင်းကင်သို့ မြှောက်တင်ပေးလိုက်ရာ ကြက်မှာ တောင်ပံတဖျပ်ဖျပ်ခတ်လျက် တွန်ကာ အပေါ်သို့ ပျံတက်သွားလေသည်။

ထိုမြင်ကွင်းကို မြင်သောအခါ ဆိုင်ရှင်တရုတ်နှင့် ဆိုင်အတွင်းမှ စားသောက်နေကြသူများမှာ များစွာအံ့သြသွားကြလေသည်။

အချို့ကတော့ သိဒ္ဓိပြသည်ဟုမထင်ဘဲ မျက်လှည့်ဆရာတစ်ယောက်က မျက်လှည့်ပြသည်ဟု ထင်မြင်ယူဆကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြုလုပ်ပြီးနောက် ဆိုင်ရှင်ကို ကြက်အတွက် တန်ဖိုးငွေပေးခဲ့ကာ ထိုနေရာမှ ထွက်သွားလေသည်။

တစ်နေ့သ၌ နမ္မားမြို့ ဈေးတန်းအနီးတွင် ဘိုးမင်းခေါင် တစ်ယောက် ကလေးများစီးသော သုံးဘီတပ် စက်ဘီးကလေး ကို စီးကာ လှည့်လည်သွားလာနေသည်။

ထိုမြင်ကွင်းကို မြင်သောအခါ အချို့က စိတ်မနှံ့နေ သော လူကြီးတစ်ယောက်ဟုထင်ကာ ပြုံးရယ်သွားကြလေသည်။

ထိုသို့သွားနေစဉ် ကလေးတစ်ယောက်ကို တိုက်မိတော့ မလို ဖြစ်သွားရာ ကလေးက ကြောက်လန့်ပြီး ငိုသည်။

ထိုအခါ ကုလားမာရားက သူ၏မြေးကို တိုက်မိသွား သည် ထင်သဖြင့် ဦးမင်းခေါင်ပါးကို ရိုက်သည်။

ကုလားမာရားက ဦးမင်းခေါင်ကို စိတ်မနှံ့သော လူကြီး တစ်ယောက်ဟု ထင်သဖြင့် ရိုက်ခြင်းဖြစ်သော်လည်း ဦးမင်း ခေါင်ကတော့ ဘာမှလည်း မပြော. . ဘာမှလည်း ပြန်မလုပ်ပဲ ကြည့်နေလေသည်။

နောက်လေးငါးရက်ခန့် ကြာသောအခါမှာ ထိုကုလား မာရားခမျာ အလိုလိုနေရင်းမှ သွေးအန်ကာ သေဆုံးသွားလေ သည်။

ထိုနှင့်အလားတူသော နောက်ထပ် အဖြစ်အပျက်တစ် ခုလည်း ရှိပေသေးသည်။

ဘိုးမင်းခေါင်မှာ ခရုချောင်းရွာမှ ဘိုးဆယ် အဘွားမှုံတို့ အိမ်မှာ နေထိုင်စဉ် အချိန်ကဖြစ်သည်။





ထိုအချိန်က ခရုချောင်းရွာသို့ ရောက်ကာစအချိန် ဖြစ်သဖြင့် သူ့အကြောင်းလည်း ဘယ်သူကမှ ကောင်းစွာ မသိ ကြသေးပေ။

တစ်နေ့တော့ ဝင်းတို့သမီးမှာ နာမကျန်းဖြစ်နေရာမှ သေဆုံးသွားလေတော့သည်။

ထိုသို့ သေရခြင်းမှာ ဘိုးမင်းခေါင်ထွန်းသော ဖယောင်း တိုင် မီးညှော်နံ့ရသောကြောင့် သေရသည်ဟု စွပ်စွဲကာ ဦးကံ ဆိုသူက ဘိုးမင်းခေါင်ကို တုတ်ဖြင့်ရိုက်သောကြောင့် ဦးခေါင် ကွဲပြီး သွေးများကျလာသည်။

ဘိုးမင်းခေါင်က ဘာမှလည်းမပြော၊ ဘာမှလည်း ပြန်မ လုပ်သောကြောင့် ဦးကံလည်း ကြောက်လန့်သွားပြီး ဆက်မလုပ် ဝံ့တော့ပေ။

ဝင်းပြန်ခါနီးတော့ တစ်ခွန်းလှမ်းပြောသည်။

“မင်း ကံကြီးထိုက်လိမ့်မယ်”

ထိုသို့ပြောပြီး ဦးခေါင်းမှ ဒဏ်ရာကို လက်ဖြင့် တစ်ချက် သပ်လိုက်ရာ သွေးတိတ်သွားလေတော့သည်။

တစ်လခန့် ကြာသောအခါ ဦးကံမှာ သွေးအန်သော ရောဂါ စွဲကပ်လာပြီး မစားနိုင်မသောက်နိုင်ဖြစ်ကာ သေဆုံးသွား လေတော့ သည်။

ဘိုးမင်းခေါင်သည် ကချင်ပြည်နယ်အတွင်း၌ ရောက် နေစဉ်က တစ်နေရာတည်းမှာ အမြဲနေလေ့မရှိပဲ နေရာအနှံ့သို့ လှည့်လည်သွားလာနေပြီး လူအများ ဘေးဒုက္ခများနှင့် ကြုံတွေ့



www.burmeseclassic.com

www.burmeseclassic.com



နေလျှင် ရောက်လာကာ ဝင်ရောက်အကူအညီ ပေးတတ်လေသည်။

ပြီးလျှင် ထိုနေရာမှ ထွက်သွားပြန်လေသည်။

တစ်ခါတစ်ရံ မြို့ရွာများ၌ တွေ့ရတတ်ပြီး တစ်ခါတစ်ရံလည်း ကချင်ပြည်နယ် တောင်တန်းများအပေါ်မှ တောနက်ကြီးများထဲ၌ တစ်ယောက်တည်း ရောက်နေတတ်သည်။

တစ်ခါတစ်ခါ သစ်ပင်အောက်၌သော်လည်းကောင်း၊ ဂူပေါက်ဝများမှာသော်လည်းကောင်း၊ တစ်ယောက်တည်း ပုတီးစိပ်နေတတ်သည်။

တစ်ခါတစ်ရံလည်း ကြီးမားသော တောကောင်ကြီးများနှင့် အတူတကွ နေထိုင်လေသည်။

တစ်ခါက တောပစ်ထွက်လာသော မုဆိုးတစ်ယောက်သည် သားကောင်တစ်ကောင်ကို ပစ်ခတ်ရန် ချောင်းမြောင်းစောင့်ဆိုင်းနေစဉ် တောထဲမှာ ကြီးမားသော ကျားတစ်ကောင်ကို စီးပြီး ထွက်လာသော ဘိုးမင်းခေါင်ကို တွေ့မြင်ရသောကြောင့် မျက်လုံးပြူးသွားလေသည်။

သူ့ကို တောခြောက်နေသည် ထင်သောကြောင့် ကြောက်လန့်ကာ ထိုနေရာမှ ထွက်ပြေးရလေသည်။

ထိုအကြောင်းကို အခြားအဖော်များနှင့် ပြန်တွေ့သောအခါ ပြောပြလိုက်သည်။

ထိုအခါ အချို့က. . .

"ဒါ ရိုးရိုးမဟုတ်ဘူး၊ တောကောင်ကြီးကို စီးလာမှတော့





တောစောင့်နတ် တောင်စောင့်နတ်ကြီး ဖြစ်မှာပေါ့၊ ဒါမှမဟုတ်လည်း ငါတို့ယုံကြည်ကိုးကွယ်တဲ့ ရိုးရာနတ်ကြီး ကိုယ်ထင်ပြတာ ဖြစ်မှာပေါ့၊ ဒီတစ်ခါတွေ့ရင် ပါလာတဲ့ အစားအသောက်တွေနဲ့ ပူဇော်ပသဖို့ မမေ့ကြနဲ့"

မှာထားလေသည်။

နောက်တစ်ကြိမ်မှာတော့ သစ်ပင်အောက်မှာ တစ်ယောက်တည်း ပုတီးစိပ်နေသည့် ဘိုးမင်းခေါင်ကို တွေ့သောအခါ ၎င်းတို့ ယုံကြည်ကိုးကွယ်သော ရိုးရာနတ်က ကိုယ်ထင်ပြသည် ထင်ကြသောကြောင့် ခလေ့ထုံးစံအရ အစားအသောက်များဖြင့် ပူဇော်ပသကြရာ အစားအသောက်အချို့ကိုသာ လက်ခံပြီး ၎င်းတို့ရှေ့မှာပင် စားသောက်ပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

# ရွှေလီမြစ်ကမ်းမှ အာဇွမ်းပြသူ

တစ်နေ့သ၌ နန်စီအောင် နယ်ဘက်၌ရှိသော ရဟန်းတစ်ပါးသည် လုပ်ရပ်အောင်မြင်သောကြောင့် ဓါတ်လုံးတစ်လုံး ရလေသည်။

ထိုဓါတ်လုံး သိဒ္ဓိပေါက်သော အဆင့်ရှိသဖြင့် ရွှေဖြစ် ငွေဖြစ် လမ်းစဉ်များကို ပြုလုပ်နိုင်လေသည်။

ထိုရဟန်းရရှိသော ဓါတ်လုံးကို အသုံးပြုလျက် ရွှေများ



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ကာ ရောင်းချနေလေသည်။

တစ်နေ့တော့ ထိုရဟန်း ဖိုထိုးနေသော နေရာသို့ ဘိုးမင်းခေါင် ရောက်လာလေသည်။

"အရှင်ဘုရား ဖိုထိုးတာ ဘယ်လိုရည်ရွယ်ချက်နဲ့ လုပ်နေတာပါလဲ"

"ဝိဇ္ဇာလမ်း သွားဖို့အတွက်ပါ"

"အခု အတန်အသင့် အောင်မြင်ပြီဆိုတော့ ကိုယ့်လမ်းကိုယ်သွားဖို့ သင့်ပါတယ်၊ ဒီလိုအလုပ်မျိုးက ရဟန်းတွေ လုပ်ရမယ့် အလုပ်မျိုး မဟုတ်ပါဘူး"

ထိုရဟန်းလည်း ဘိုးမင်းခေါင်၏ အမူအရာနှင့် ပုံပန်းသဏ္ဌာန်ကိုကြည့်ပြီး သဘောပေါက်သွားသဖြင့်. . .

"ကောင်းပါပြီ နောက်မလုပ်တော့ပါ"

ဟု ကတိပေးလိုက်လေသည်။

ဘိုးမင်းခေါင်လည်း ဘာမှထပ်မပြောတော့ဘဲ ပြန်သွားလေသည်။

နောက်ပိုင်း ရက်အတန်ကြာသောအခါ ထိုရဟန်းမှာ ပေးထားသော ကတိစကားကို မေ့လျော့သွားပြီး ရွှေပြုလုပ်ကာ ရောင်းချမြဲ ရောင်းချပြန်လေသည်။

ထိုအခါ ဘိုးမင်းခေါင် ရောက်လာပြန်သည်။

"အရှင်ဘုရား ပေးထားတဲ့ ကတိစကား မတည်ရင်တော့ ရထားတဲ့ခါတ်လုံးကို ပြန်သိမ်းယူရပါလိမ့်မယ်"

ထိုရဟန်းလည်း လူမသိအောင် လုပ်နေသောကိစ္စကို





ဘိုးမင်းခေါင်က သိနေပြီး ရောက်ရောက်လာသဖြင့် စိုးရိမ်သွားသောကြောင့် 'နောက်ထပ် မလုပ်တော့ပါ'ဟု ကတိပေးလိုက်ရာ ပြန်သွားပြန်လေသည်။

ထိုသို့ကတိပေးလိုက်ပြီး ထပ်မံမလုပ်ဝံ့တော့သဖြင့် မလုပ်ဘဲနေပြန်ရာ သုံးနှစ်ခန့် အချိန်ကြာသွားလေသည်။ ထိုအချိန်ကာလအတွင်းမှာလည်း ဘိုးမင်းခေါင်နှင့် ထပ်မတွေ့ရသောကြောင့် ပေးထားသော ကတိစကားကို မေ့သွားပြန်လေသည်။

ရွှေဝယ်လိုသူများက အတင်းတိုက်တွန်းကြရာ လောဘဇော မသတ်နိုင်သောကြောင့် ခါတ်လုံးကို အသုံးပြုပြီး ရွှေပြုလုပ်ကာ ရောင်းချပြန်လေသည်။

ထိုသို့ ပြုလုပ်နေရင်းမှာပင် ဘိုးမင်းခေါင်ရောက်လာလေမလားဟု စိုးရိမ်သောကတော့ ရှိနေသည်။

ထို့ကြောင့် သတိထားပြီး ပြုလုပ်နေစဉ်မှာ တစ်နေ့တော့ ဘိုးမင်းခေါင် ရောက်လာလေတော့သည်။

ထိုရဟန်းသည် ဘိုးမင်းခေါင် လာတာမြင်သည်နှင့်ပင် ရှောင်ပုန်းရန် ကြိုးစားသော်လည်း မလွတ်နိုင်တော့ပေ။

သူ ရှောင်ပုန်းရန် ကြိုးစားတိုင်း ဘိုးမင်းခေါင်က သူ့ရှေ့သို့ ရောက်နေတော့သည်။

ဘိုးမင်းခေါင်က ခါတ်လုံးကိုပေးပါဟု တောင်းသောအခါ နှမြောလှသောကြောင့် မပေးဘဲရှိရာ ဘိုးမင်းခေါင်က စိတ်ဆိုးလှသောကြောင့် လမ်းဘေးမှာပေါက်နေသော လက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ခန့်ရှိသော သစ်ပင်ကို နှုတ်ပြပြီး ခါတ်လုံးကို တောင်းယူလေသည်။

ခါတ်လုံးရသောအခါ သစ်ပင်ကို ပြန်စိုက်ပြီး ထိုနေရာမှ ထွက်သွားလေတော့သည်။

သစ်ပင်မှာ ဖြစ်သလို ပြန်စိုက်ခဲ့သဖြင့် မူလအတိုင်း တည့်တည့်မတ်မတ် မရှိတော့ပဲ ကိုင်းကိုင်းကြီး ဖြစ်လျက်နှင့်ပင် အသက်ရှင်နေလေတော့သည်။

ထိုရဟန်းလည်း ကတိစကားမတည်သဖြင့် တစ်သက်လုံး ကြိုးစားအားထုတ်ခဲ့ရသော ခါတ်လုံးလေး ဆုံးရှုံးသွားခဲ့ရသဖြင့် များစွာစိတ်မကောင်းဖြစ်ကာ ကျန်ရစ်ခဲ့ရပေသည်။

ရှေ့အခန်းများတွင် ဖော်ပြပေးခဲ့သော အဘဘိုးမင်းခေါင်တစ်ယောက် နမ္မားမှ နန်စီအောင်သို့ မကြာခဏသွားသော အကြောင်းအရာများတွင် ထိုအကြောင်းအရာလည်း တစ်ခုအပါအဝင် ဖြစ်ပေသည်။

ထိုအဖြစ်အပျက်များမှာ အခြားသူများ သိပ်မသိလိုက်သော သာမန်အကြောင်းအရာအချို့ပင် ဖြစ်ပေသည်။

အဘဘိုးမင်းခေါင်က ကချင်ပြည်နယ်အတွင်း၌ ရှိနေစဉ် ထူးဆန်းအံ့ဩဖွယ်ရာကောင်းလှသော အဖြစ်အပျက်တစ်ခုလည်း ရှိပေသည်။

ကချင်ပြည်နယ်အတွင်း၌ လှည့်လည်နေထိုင်စဉ်အတွင်း နမ္မားချောင်းကို ဗဟိုပြုပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအတွင်းသို့ အထက်အောက် သွားလာနေထိုင်ကာ မ





ကောင်းသူများကို ဆုံးမဖယ်ရှားခြင်း၊ ကောင်းသူများကို ကူညီကယ်တင်ပေးခြင်းများအပြင်၊ လူအများ ဒုက္ခရောက်နေလျှင်လည်း မည်သည့်နေရာမှ ရောက်လာသည် မသိရပဲ လာရောက်ကူညီကယ်တင်ပေးလေ့ရှိသည်။

ထိုသို့နေရာအနှံ့ သွားလာနေထိုင်သော်လည်း သူ့ကိုမြင်လျှင် မှတ်မိသူနည်းကြသည်။

တစ်နေရာမှာ တွေ့စဉ်က ဆံပင်ရှည်နှင့် ဖြစ်သော်လည်း နောက်တစ်နေရာရောက်လျှင် ခေါင်းတုံးနှင့် ဖြစ်ချင်ဖြစ်နေတတ်သည်။

တစ်ခါတစ်ရံ သူတော်စင်တစ်ဦးကဲ့သို့ ပြုမူနေထိုင်သော်လည်း တစ်နေရာရောက်လျှင် စိတ်မနှံ့သော လူတစ်ဦးမှာ နေချင်သလိုနေပြီး လုပ်ချင်တာ လုပ်နေတတ်လေသည်။

စိတ်မနှံ့သူဟုထင်ပြီး ကိုယ်ထိလက်ရောက် စော်ကားမိလျှင် ချက်ချင်းဒုက္ခတွေ့ကြရသည်။

သူကတော့ သွားချင်တာသွားပြီး လုပ်ချင်ရာ လုပ်နေတတ်လေသည်။

သို့သော် အင်္ဂလိပ်အစိုးရကတော့ သူ့ကို အစွမ်းသိဒ္ဓိရှိမှန်း သိသောကြောင့် ဒီအတိုင်း မထားပေ။

နောက်မှ စုံထောက်များ၊ ပုလိပ်များကို နောက်ယောင်ခံကာ လိုက်ကြည့်ခိုင်းထားလေသည်။

တစ်ခါကလည်း သူ့ကိုဖမ်းဖို့ ပုလိပ်နှစ်ယောက် နောက်မှလိုက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပုလိပ်များ နောက်ယောင်ခံကာ လိုက်လာမှန်း သိသောအခါ နမ္မားချောင်းစပ်မှ ကိုင်းတောအတွင်းသို့ ဝင်သွားလေသည်။

ပုလိပ်နှစ်ယောက်ကလည်း ကိုင်းတောထဲ ဝင်လိုက်သွားကြသည်။ မနီးမဝေးမှ လိုက်သွားကြသောကြောင့် ရှေ့မှသွားနေသော ဘိုးမင်းခေါင်၏ ပုံရိပ်ကို ဝိုးတဝါး မြင်ကြရသည်။

ကိုင်းပင်များ လှုပ်နေသည်ကိုလည်း လှမ်းမြင်ရသည်။

ရေစပ်ရောက်တော့ ဘိုးမင်းခေါင်ကို မတွေ့ရတော့ပေ။

ရေထဲဆင်းသွားသလားဟု အတန်ကြာအောင် စောင့်ကြည့်နေသော်လည်း အရိပ်အယောင်မျှပင် မတွေ့ကြရတော့မှ လက်လျှော့ပြီး ပြန်သွားကြရလေသည်။

တစ်ကြိမ်မှာတော့ မြို့ထဲမှာ သွားနေသည်ကို တွေ့ရသဖြင့် ပုလိပ်နှစ်ယောက်က ဘိုးမင်းခေါင်ကို ဖမ်းခေါ်သွားကြလေသည်။

"ငါ့ကို ဘယ်နေရာ ခေါ်သွားမှာလဲ"

"အချုပ်ထဲထည့်ထားဖို့ ခေါ်သွားတာ"

"ဘာအပြစ်ရှိလို့ အချုပ်ထဲ ထည့်တာလဲ"

"မသင်္ကာလို့ အချုပ်ထဲ ထည့်ထားမှာ၊ ခင်ဗျားက သိဒ္ဓိရှိတယ်လို့ သတင်းကြားတယ်၊ တကယ်သိဒ္ဓိရှိတာလား၊ လူတွေကို လိုက်ပြီး လိမ်နေတာလား သိရအောင်လို့ အချုပ်ခန်းထဲ ထည့်ထားတာပါ၊ တကယ်သိဒ္ဓိရှိတယ်ဆိုရင် အချုပ်ထဲကရအောင်





ထွက်ပြပါ"

ဟု ပြောပြီး အချုပ်ထဲ ထည့်ထားလိုက်သည်။

တန်းစီးလုပ်နေသော အချုပ်သားကိုလည်း ထိုအဘိုးကြီးကို မှတ်လောက်အောင် ဆုံးမပေးလိုက်ဖို့ တိုးတိုးမှာထားခဲ့သေးသည်။

ပုလိပ်များက အချုပ်သားများကို အုပ်ချုပ်ရန် ဝါရင့်အချုပ်သားများကို တာဝန်ပေးထားသည်။

ထိုသူများကို တန်းစီးဟု ခေါ်ကြသည်။

တန်းစီးက ပုလိပ်များက မျက်နှာသာ ပေးထားသူမို့ အချုပ်သားများက ကြောက်ကြရသည်။

လူသစ်များ အချုပ်ထဲ ဝင်လာလျှင် အာမခံရဲအောင် ရိုက်နှက်ဆုံးမတတ်သည်။

အချုပ်ခန်းပေါက်မှ ခေါင်းငုံ့ဝင်ရလေရာ အထဲရောက်သည်နှင့် တန်းစီးက ကန်ကျောက်ရိုက်နှက်လေ့ရှိသည်။

ဘိုးမင်းခေါင် အချုပ်ထဲဝင်လာသောအခါ တန်းစီးလူမိုက်က အခန်းထောင့်မှ လှမ်းကြည့်နေသည်။

လည်ပင်းမှာ ပုတီးဆွဲထားတာမြင်တော့ လှမ်းပြောသည်။

"အချုပ်နဲ့ ပုတီးနဲ့ ဘာဆိုင်လို့လဲ၊ အချုပ်ခန်းပါဆိုမှ တရားရိပ်သာ မှတ်နေသလား၊ အခုချွတ်ပြီး လွှင့်ပစ်လိုက်စမ်း"

ဟု လှမ်းအမိန့်ပေးသည်။

ဘိုးမင်းခေါင်က အရေးမစိုက်သော အမူအရာဖြင့် ဦး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပေါ်မှာ ဆောင်းထားသော ကက်ဦးထုပ်ကို ချွတ်ပြီး လက်မှ ကိုင်ကာ ထိုနေရာသို့ လျှောက်သွားလေသည်။

ထိုအမူအရာကိုမြင်တော့ တန်းစီးလူမိုက်မှာ မျက်လုံးပြူးသွားသည်။

"မကောင်းတာလုပ်လို့ အခုဘဝမှာတောင် အချုပ်ထဲ နေရတာတောင် သတိမရသေးပဲ ဆက်ပြီး မိုက်ချင်နေရသလား ဟဲ့"

ဟု ပြောပြီး ခြေထောက်နှင့် ကန်လိုက်ရာ ဘေးသို့လဲကျသွားလေတော့သည်။

ဘေးမှကြည့်နေကြသော အချုပ်သားများမှာ များစွာ အံ့သြသွားကြလေသည်။

ဘိုးမင်းခေါင်က ထိုနေရာမှာ ဝင်ထိုင်ပြီး အချုပ်သားများကို ဆုံးမစကားပြောနေရာ စကြံလမ်းမှာ စောင့်နေကြသော ပုလိပ်သားများပင် အံ့သြသွားကြလေသည်။

ညဦးပိုင်းအချိန်ရောက်တော့ အချုပ်သားအားလုံးကို ဘုရားရှိခိုးစာများ တိုင်ပေးပြီး တန်းစီးကို ပြောသည်။

"ငါ အစိဌာန်ဝင်ဖို့ အပြင်ကို သွားလိုက်ဦးမယ်၊ လူစာရင်းခေါ်ရင် ငါ့နာမည် ထည့်မခေါ်နဲ့"

ဟု ပြောပြီး အပြင်သို့ ထွက်သွားလေသည်။

ညပိုင်း အချုပ်သားစာရင်းခေါ်သောအခါ ဦးမင်းခေါင် နာမည်စာရင်း မပါသဖြင့် စစ်ဆေးကြည့်သောအခါ မတွေ့ရတော့ပေ။





နောက်တစ်နေ့ မနက်ပိုင်းအချိန်တွင် အချုပ်ထဲ ပြန်ရောက်နေပြန်လေသည်။

သို့သော်လည်း အချုပ်သားများကို အမျိုးမျိုး သိဒ္ဓိပြနေရုံမက အပြင်မှာစောင့်နေသော ပုလိပ်များပါ ရူးသလို နှမ်းသလို ဖြစ်လာသောကြောင့် အချုပ်ထဲမှာ ဆက်မထားဝံ့တော့သဖြင့် ပြန်လွှတ်ပေးလိုက်ကြရသည်။

တစ်ခါက အဘဘိုးမင်းခေါင်သည် ရွှေလီနယ် မိုးမှောင်ကျတောင် သီတာချောင်၌ ရောက်ရှိနေစဉ် ထူးဆန်းသော အဖြစ်အပျက်တစ်ခုနှင့် တွေ့ကြုံရလေသည်။

စတီးဘရားသား သစ်ထုတ်လုပ်ရေး ကုမ္ပဏီမှ လန်ဒန်ပြပွဲသို့ တင်သွင်းရန် ဗန်းမော်နယ်ဘက်မှ ထုတ်ယူရရှိသော လွန်စွာကြီးမားပြီး လှပသော ကျွန်းသစ်လုံးကြီးတစ်လုံးကို ရွှေလီမြစ်အတိုင်း မျှောချလာရာ မြစ်ကွေ့တစ်ခုသို့ ရောက်သောအခါ ရေလယ်မှာရှိသော ကျောက်ဆောင်ပေါ်သို့ ကန့်လန့်ဖြတ်အနေအထားဖြင့် တင်နေလေတော့သည်။

ထိုနေရာတွင် ကျောက်ဆောင်များရှိသည်က တစ်ကြောင်း သစ်လုံးကြီးက ကန့်လန့်ဖြတ်တင်နေသောကြောင့် မြစ်ထဲမှာ သွားလာနေသော လှေနှင့် သင်္ဘောများအပြင် သစ်ဖောင်ဝါးဖောင်များပါ အခက်တွေ့ကြရလေသည်။

အထက်မှမျှောချလာသော သစ်ဖောင်ဝါးဖောင်တို့မှာ သစ်လုံးကြီး ကန့်လန့်တင်နေသောနေရာသို့ မဖြတ်ဝံ့သောကြောင့် အထက်ပိုင်းမှာပင် စောင့်ဆိုင်းနေကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



စတီးဘရားသားကုမ္ပဏီမှ အလုပ်သမားများနှင့် အခြားမှ အလုပ်သမားများကိုပါခေါ်ပြီး ကျောက်ဆောင်ပေါ်တင်နေသော ကျွန်းသစ်လုံးကြီးကို မြစ်ထဲပြန်ရောက်အောင် အမျိုးမျိုးကြိုးစားကြသော်လည်း နေရာရွှေ့ဖို့ မဆိုထားနှင့် တုတ်တုတ်မျှပင် မလှုပ်ပေ။

ထိုသစ်လုံးကြီး ဒုက္ခပေးနေပုံကို မြစ်ကမ်းပါးပေါ်မှ လူအချို့လည်း လာရောက်ကြည့်ရှုနေကြလေသည်။

တစ်နေ့တော့ ထိုမြစ်ကမ်းပါးနားသို့ ဘိုးမင်းခေါင်ရောက်လာလေသည်။

သူ ရောက်လာသော်လည်း မည်သူကမှ မသိကြပေ။

ကမ်းစပ်သို့ ရောက်သောအခါ ဘိုးမင်းခေါင်က ကြိမ်လုံးတစ်လုံးကိုယူပြီး ရေထဲသို့ ဆင်းသွားလေသည်။

ချွေလီမြစ်သည် ရေစီးကြမ်းသော မြစ်တစ်စင်း ဖြစ်လေသည်။

ဘိုးမင်းခေါင်က ကြိမ်လုံးကိုကိုင်ကာ ထိုရေစီးထဲမှပင် ရေလယ်မှာတင်နေသည့် သစ်လုံးကြီးရှိရာသို့ ဖြတ်ကူးသွားလေသည်။

ကုမ္ပဏီမှလူများနှင့် ကမ်းစပ်မှ ကြည့်နေသူများကတော့ ဘာလုပ်လေမလဲဟု စိတ်ဝင်စားစွာဖြင့် စောင့်ကြည့်နေကြလေသည်။ သစ်လုံးရှိရာသို့ ရောက်သောအခါ သစ်လုံးပေါ်မှာ ခွထိုင်လိုက်လေသည်။

ပြီးလျှင် လက်ထဲမှာပါလာသော ကြိမ်လုံးဖြင့် သစ်လုံး





ကြီးကိုရိုက်ရင်း ပါးစပ်မှလည်း တတွတ်တွတ်နှင့် အမိန့်ပေးနေလေသည်။

"ဟေ့. . . သစ်လုံးကြီး၊ မင်း မလိုက်ချင်လို့လည်း မရတော့ဘူး၊ ဒီလိုတွယ်ကပ်နေရင်လည်း လူတွေက သဘောမကျတော့ဘူး၊ နောက်ပြီး ခရီးသွားတွေလည်း အနှောင့်အယှက်ဖြစ်နေကြပြီ၊ အကျိုးမရှိတဲ့နေရာမှာ တွယ်ကပ်မနေနဲ့၊ သွားပေတော့"

ဟု ပါးစပ်မှလည်းပြော၊ လက်မှကြိမ်လုံးဖြင့်လည်း ကျွဲနွားမောင်းသလို တဖြန်းဖြန်းရိုက်ပြီး မောင်းချလေရာ သစ်လုံးကြီးလည်း သူပြောနေသောစကားကို နားလည်သကဲ့သို့ တအိအိနှင့် လှုပ်ရှားစပြုလာသည်။

ယခင်က တုတ်တုတ်မျှမလှုပ်သော ကျွန်းသစ်လုံးကြီး အသက်ဝင်သကဲ့သို့ လှုပ်ရှားလာသောကြောင့် ဝိုင်းကြည့်နေကြသူများမှာ အံ့သြနေကြသည်။

နောက်ဆုံးမှာတော့ ရေထဲမဆင်းလိုသဖြင့် ပေကပ်နေသောနွားကို ကြိမ်လုံးဖြင့် ရိုက်ချတော့မှ ဆင်းသွားသကဲ့သို့ ကျွန်းသစ်လုံးကြီးမှာလည်း ကျောက်ဆောင်ပေါ်မှ ရေထဲသို့ ထိုးဆင်းသွားလေတော့သည်။

ထိုအခြင်းအရာကို မြင်သောအခါ ကမ်းပေါ်မှ ကြည့်နေကြသူများနှင့် သစ်ကုမ္ပဏီမှ လူများမှာ တအံ့တသြနှင့် ဟာခနဲ ဟင်ခနဲ ဖြစ်သွားကြလေသည်။

ရေစီးနှင့်အတူ ကျွန်းသစ်လုံးကြီး မျောပါသွားသောအ



www.burmeseclassic.com

www.burmeseclassic.com



ခါ ဘိုးမင်းခေါင်လည်း သစ်လုံးပေါ်မှ ခွထိုင်လျက်သားနှင့် ပါသွားလေတော့သည်။

ရေလယ်သို့ ရောက်သောအခါ ထိုသစ်လုံးကြီးကို မီးကျောင်းတစ်ကောင်ကို စီးပြနေသကဲ့သို့ ရေစုန်ဆင်းသွားလိုက် ရေဆန်ပြန်တက်ပြလိုက်နှင့် လုပ်ပြလေသည်။

ထိုအခါမှ ကမ်းပေါ်မှ ကြည့်နေသူတို့မှာ ထိုပုဂ္ဂိုလ်မှာ သာမန်မဟုတ်ပဲ သိဒ္ဓိရှိသော လူတစ်ယောက်ဖြစ်မှန်း ရိပ်မိကြတော့သည်။

ရေလယ်တွင် သစ်လုံးကြီးကို ခွစီးလျက် ရေစုန်ဆင်းသွားလိုက် ရေဆန်ပြန်တက်လိုက်နှင့် လုပ်ပြနေရာမှ အတန်ကြာသောအခါ ရေလယ်၌ပင် သစ်လုံးကြီးက ဖင်ထောင်ကာ မြုပ်သွားလေတော့သည်။

"ဟာ. . ဟိုမှာ အဘိုးကြီး ရေထဲမြုပ်သွားပြီ"

ထိုသို့ မြုပ်သွားပြီးနောက် ပြန်ပေါ်မလာတော့ပေ။

ထိုအဖြစ်အပျက် ဖြစ်ခဲ့ပြီး တစ်လခန့် ကြာသောအခါမှ ထိုသစ်လုံးကြီးမှာ မြစ်ကြီးနားအထက် ကမ်းစပ်တစ်နေရာတွင် လာရောက်တင်နေသည်ကို တွေ့ကြရသည်။

သစ်လုံးနှင့်အတူ ပါသွားသော ဘိုးမင်းခေါင်ကိုတော့ မတွေ့ရတော့ပေ။





# အခန်း(၁၂)

# ဝိဇ္ဇာပေးသော ဂမုန်းနက်ပင်

မြန်မာသက္ကရာဇ် (၁၃၀၀)ပြည့်နှစ်လောက်တွင် ဘိုးမင်းခေါင်သည် နောက်ပါတပည့်များနှင့်အတူ ပုပ္ပါးတောင်ကလပ်သို့ ရောက်လာကြလေသည်။

၎င်းတို့စီးလာသော ဂျစ်ကားမှာ အဟောင်းဖြစ်ပြီး နံဘေးတွင်'အေဝမ်း'ဟု ရေးထားလေသည်။ ဘိုးမင်းခေါင်အပါအဝင် ကိုးယောက်ဖြစ်ပြီး ရဟန်းနှစ်ပါးလည်း ပါလာသည်။

သူတို့သည် ရောက်စအချိန်က ဦးနီတို့အိမ်မှာ တည်းကြ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း နောက်ပိုင်းတော့ တောင်ခြေမှ ရွှေညောင်ပင်ကြီးရှိ သောဂူသို့ ပြောင်းရွှေ့သွားကြလေသည်။

ထိုသို့ ပြောင်းရွှေ့သွားသောအခါ နီမောင်နှင့် ဦးဇန် ကောင်းတို့ပါ တစ်ပါတည်း လိုက်သွားကြသည်။

သူတို့ လိုက်လာတာမြင်တော့ ဘိုးမင်းခေါင်က. . .

"ငါနဲ့နေရင် အစားဆင်းရဲ အနေဆင်းရဲမယ်၊ ငါ့နောက် ကိုလိုက်ရင် ဘေးအန္တရာယ်တွေနဲ့ တွေ့ချင်တွေ့မယ်၊ အဲဒီလို ဒုက္ခခံနိုင်ရင်တော့ လိုက်ချင်တဲ့ဆန္ဒရှိရင် လိုက်ခဲ့ကြ၊ နေချင်တဲ့ ဆန္ဒရှိရင်လည်း နေကြ"

ဟု ခွင့်ပေးထားလေသည်။

နီမောင်နှင့် ဦးဇန်ကောင်းတို့လည်း ဘိုးမင်းခေါင်နှင့် အတူတကွနေရစဉ်မှာ ကျင့်ကြံအားထုတ်မှုများကို တတ်နိုင်သမျှ ဆောင်ရွက်ကြလေသည်။

တစ်ခါတစ်ရံမှာတော့ ဦးဇန်ကောင်းက ကျောင်းသို့ပြန် ပြီး အခြေအနေ ပြောပြရသည်။

ဘုန်းကြီးကလည်း ဦးဇန်ကောင်းကို ခွင့်ပေးသည်။

"ဒီလိုပုဂ္ဂိုလ်မျိုးဆိုတာ တစ်ဘဝတစ်ခါ ကြုံကြိုက်ခဲ့ တယ်၊ တွေ့ရခဲတယ်၊ အခုလို ကုသိုလ်ကံကောင်းလို့ တွေ့ရတဲ့ အခိုက်မှာ တရားအလုပ်ကို ကြိုးစားပြီး အားထုတ်ပေတော့ ကပ္ပိယကြီး"

ဟု မှာသည်။

နီမောင်ကလည်း ရွာသို့ပြန်ရောက်သောအခါ မိဘများ





ကို အကြောင်းစုံဖွင့်ပြောပြီး ခွင့်တောင်းရသည်။

"အခုလောလောဆယ်တော့ ကျွန်တော် စီးပွားရေးအ လုပ်တွေ မလုပ်နိုင်သေးဘူး အမေ၊ အဘနဲ့ တွေ့ရတုန်း သူနဲ့အ တူနေပြီး အမိဋ္ဌာန်အလုပ်တွေ လုပ်ပါရစေ"

"လုပ်ပေါ့ကွာ ကောင်းတာလုပ်တာပဲ၊ အမေတို့က ခွင့်မ ပေးစရာအကြောင်း ဘာရှိသလဲ၊ အမေတို့မှ ပူစရာမှ မရှိတာ၊ မင်းဘာမှမလုပ်လည်း ခြံထွက်လယ်ထွက်တွေနဲ့ စားမကုန်ပါဘူး၊ အမေစိတ်ပူတာ တစ်ခုပဲရှိတယ်"

ဒေါ်ကျင်မေက ပြောသည်။

"ဘာများလည်း အမေ"

"မင်းက တောင်ကလပ်မှာနေတာဆိုတော့ မိန်းကလေး ရဲ့ မိဘဆွေမျိုးတွေက တစ်မျိုးထင်ပြီး ရန်ရှာမှာပဲ အမေက စိုးရိမ်တာပါ"

"ဒီအတွက်တော့ စိတ်မပူပါနဲ့အမေ၊ သူတို့က ရန်ရှာ လာရင်တောင် ကျွန်တော့်ဘက်က သည်းခံပြီး ရှောင်နေပါ့မယ်"

"သာဓုကွယ်. . သာဓု. . သာဓု"

နီမောင်အနေဖြင့် တောင်ကလပ်၌ ရောက်နေသောအ ချိန် တာဝန်နှစ်ခုကို လုပ်ကိုင်နေရသကဲ့သို့ ရှိလေသည်။

တစ်ခုက အဘဘိုးမင်းခေါင်နှင့်အတူ နေပြီး ၎င်းတို့ အတွက် ဝေယျာဝစ္စများ ဆောင်ရွက်ပေးနေရခြင်းနှင့် နောက် တစ်ခုက မြနှင်းဖြူနှင့် တွေ့နေရခြင်းပင် ဖြစ်သည်။ မြနှင်းဖြူနှင့် တွေ့တိုင်းမှာလည်း သူမက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင်က အဘတို့နဲ့ အမိဌာန်အလုပ်ပဲ လုပ်နေတာဆိုတော့ ကျွန်မကိုတောင် သတိရသေးရဲ့လား"

"သတိရပါတယ် မြလေးရယ်၊ အမိဌာန်အလုပ်လုပ်တာက လုပ်တာပဲ၊ မြလေးကို ချစ်တာက ချစ်တာပဲ၊ ဒါနှစ်ခုကိုတော့ သီးခြားစီ ထားပါတယ်"

"အပြောကတော့ တော်တော်ကောင်းတယ်၊ ဒါထက် ကိုမောင်ကို ပြောစရာရှိတယ်"

"ဘာပြောမှာလည်း ပြောလေ"

"ဒီနေ့မှာ အိမ်ကမိဘတွေက ကျွန်မကို အိမ်ထောင်ချပေးဖို့ ကျိတ်ပြီး စီစဉ်နေကြပုံရတယ်၊ တကယ်လို့ အဲဒီအစီအစဉ်သာဖြစ်ရင် ကိုမောင်နဲ့ ဝေးကြရလိမ့်မယ်၊ ဘယ်လိုလုပ်ကြမှာလဲ"

"ဒီလိုတော့ အဝေးမခံပါဘူး၊ မြလေးကို မရရတဲ့နည်းနဲ့ ရအောင် ယူမှာပါ။ အခက်အခဲတွေ သိပ်ဖြစ်လာရင် ကိုမောင်တို့ရွာကို တစ်ခါတည်း ခေါ်သွားမယ်လေ ဘယ့်နှယ်လဲ"

"ကျွန်မသဘောကတော့ ကိုယ်ချစ်တဲ့သူနဲ့ လက်တွဲရမယ်ဆိုရင် ဘယ်လိုအခြေအနေမျိုးပဲ ဖြစ်ဖြစ်ပေါ့"

"ဒီလိုဆိုရင် ဘာမှစိတ်ပူမနေနဲ့၊ အချိန်တန်ရင် မြလေးကို မရရတဲ့နည်းနဲ့ ခေါ်သွားပေးပါ့မယ်"

ဟု ပြောလိုက်မှ ကျေနပ်သွားလေတော့သည်။

တကယ်တော့ သူမနှင့် နီမောင်တို့ အခြေအနေမှာ ထင်သလောက်တော့ မလွယ်လှပေ။

ကြားထဲမှ နှောင့်ယှက်မည့်သူများက ရှိနေကြသည်။





မြနှင်းဖြူ မိဘများက ဒီလောက်မဆိုးလှသော်လည်း အစ်ကိုဖြစ်သူ ထွန်းခနှင့် သူ့မိန်းမ မယ်မြတို့က ဝင်ရောက်နှောင့်ယှက်နေသဖြင့် အခက်အခဲ ရှိနေခြင်း ဖြစ်ပေသည်။

မြနှင်းဖြူကို သဘောကျနေကြသူများထဲတွင် ဘထင်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။

ဘထင်က အသက်(၃၀)အရွယ်ခန့်ရှိပြီး ထန်းတောအချို့ ပိုင်ဆိုင်သူဖြစ်သည်။

မြနှင်းဖြူ၏အစ်ကို ထွန်းခနှင့် သူငယ်ချင်း ဖြစ်သဖြင့် အိမ်ကို အဝင်အထွက်ရှိသည်။

ထို့ပြင် ထွန်းခ ငွေလိုတိုင်း ချေးထားရာ ကြွေးကအတော်များနေပြီ ဖြစ်သည်။

တကယ်တော့ ဘထင်မှာ တစ်ခုလပ်တစ်ယောက်ဖြစ်ပြီး မြနှင်းဖြူကိုလိုချင်သောကြောင့်သာ ထွန်းခအပေါ်မှာ ထိုကဲ့သို့ လိုက်လျောပေးကမ်းထားခြင်း ဖြစ်သည်။

ထွန်းခက မိဘနှင့် စီးပွားတူ အတူနေသော်လည်း အသောက်အစားနှင့် လောင်းကစား ဝါသနာပါသည်။

ဖခင်ဖြစ်သူ ဦးစံပေါ်က ရှင်းပိုင်သော ထန်းတောများကို ဦးစီးလုပ်ကိုင်ခိုင်းထားသော်လည်း အလုပ်ကို မကြိုးစားပေ။ ကြက်ဝိုင်းဖဲဝိုင်း ရှိသောနေရာကိုသာ သတင်းစုံစမ်းပြီး လောင်းကစားလေသည်။

လောင်းကစားခြင်းကြောင့် အရင်းမရှိတော့လျှင် ဘထင်ထံမှ ငွေချေးပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းယူထားတဲ့ ငွေတွေက အတော်များနေပြီနော် ထွန်းခ၊ ပြန်မဆပ်နိုင်ရင်တော့ မင်းတို့ ထန်းပင်တွေကို တန်ဖိုးဖြတ်ပြီး သိမ်းယူရမှာပဲ"

"ဒီလိုတော့ မလုပ်ပါနဲ့ကွာ၊ ဒီထန်းပင်တွေက ငါပိုင်တာတွေမှ မဟုတ်တာ၊ အဖေပိုင်တာတွေကွ"

"ဒါဖြင့် ငါ့ဆီက ယူထားတဲ့ အကြွေးတွေက ဘယ်လိုပြန်ဆပ်မှာလဲ"

"ဆပ်ပါ့မယ်ကွာ၊ ငါကတိပေးထားတဲ့အတိုင်း ငါ့ညီမမြနှင်းဖြူနဲ့ အဆင်ပြေအောင် အောင်သွယ်ပေးပါ့မယ်"

ဟု ထန်းရေမူးနေသော အသံဖြင့် ပြောလေသည်။

"မင်းကသာ ပြောနေတာပဲ၊ မြနှင်းဖြူက ငါ့ကို လုံးလုံးသဘောမကျဘူး၊ သူက ဟို နီမောင်ဆိုတဲ့ကောင်ကိုပဲ စိတ်ဝင်စားနေတာ"

"သူတို့ချင်းက ပြတ်သွားပါပြီ၊ ဟိုတစ်ခေါက ဓေ့စပ်ပွဲပျက်သွားကတည်းက နောက်ထပ်မလာတော့ပါဘူး၊ အဲဒီဓေ့စပ်ပွဲလည်း ကြားထဲက ငါဝင်ဖျက်လို့ ပျက်သွားတာပဲ"

"မင်းက သူတို့ကို ပြတ်တယ်လို့ ထင်နေလို့လား"

ဘထင်က မေးလိုက်သည်။

"ငါပြောတာ မဟုတ်ဘူးလား"

"နီမောင်က မင်းတို့ဆိုင်သာ မလာတော့တာ၊ တောင်ကလပ်မှာတော့ အမြဲရှိနေတာပဲ၊ အခုရောက်နေတဲ့ ဦးမင်းခေါင်ဆိုတဲ့ အဘိုးကြီးဆီမှ တပည့်ခံပြီးနေတာ မင်းမသိဘူးလား"





ထိုစကားကြားတော့ ထွန်းခမှာ မျက်လုံးပြူးသွားလေသည်။

"မင်း တကယ်ပြောနေတာလား"

"တကယ်ပြောတာပေါ့၊ မင်းမယုံရင် တောင်ကလပ်ကညောင်ပင်ကြီးရှိတဲ့နေရာ သွားကြည့်ပါ၊ ငါ့အထင် ပြောရရင်တော့ သူတို့နှစ်ယောက်က အခုအချိန်အထိ အဆက်အသွယ်ရှိနေကြသေးတဲ့ပုံပဲ"

ဟု ပြောသဖြင့် တစ်နေ့တော့ တောင်ကလပ်တောင်ခြေမှာရှိသော ရွှေညောင်ပင်ရှိရာဘက်သို့ မယောင်မလည်ဖြင့် လာကြည့်လေသည်။

သူလာကြည့်သောအခါ ညောင်ပင်အောက်မှာ တစ်ယောက်တည်းထိုင်နေသော နီမောင်ကို တွေ့ရလေသည်။

နီမောင်က ထွန်းခကို မြင်သောအခါ သိကျွမ်းပြီးသားမို့ ပြုံး၍ နှုတ်ဆက်သည်။

ထွန်းခက သူ့အနား လျှောက်လာပြီး မေးသည်။

"မင်းက ဒီမှာ ဘာလုပ်နေတာလဲ"

"အဘတို့ကို အကူအညီပေးရင်း အမိဋ္ဌာန်ဝင်နေတာပါ"

ထွန်းခက မျက်နှာတည်မျက်နှာထားဖြင့် မေးသော်လည်း နီမောင်ကတော့ အေးအေးဆေးဆေး အမူအရာဖြင့်သာ ပြန်ပြောလိုက်သည်။

"မင်းအရွယ်နဲ့ အမိဋ္ဌာန်ဝင်နေတယ်ဆိုတော့ ရယ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ မင်း ငါနှမနဲ့ အဆက်အသွယ် ရှိနေသေးတယ် မဟုတ်လား"

"အခုတော့ အဘတို့ရဲ့ ဝေယျာဝစ္စအလုပ်တွေပဲ လုပ်ပေးနေတာပါ"

"အေးအေးယယင့်နှမနဲ့ မပတ်သက်ဘူးဆိုရင်တော့ ပြီးတာပါပဲ၊ ဒါမှ ထပ်ရှုပ်လာရင်တော့ ငါနဲ့တွေ့ရမှာပေါ့"

ဟု ပြောပြီး ပြန်သွားလေသည်။

နောက်တစ်နေ့မှာတော့ ဘိုးမင်းခေါင်က ပြောသည်။

"နောက်ပိုင်းရက်တွေမှာ ငါတို့ ဆေးကုပေးရမယ့်လူတွေ များလာလိမ့်မယ်၊ သူတို့မလာခင်မှာ ငါတို့က ဆေးမြစ်ဆေးဥတွေ ကြိုတင်ပြီး ရှာထားကြရမယ်၊ ဒါကြောင့် တောထဲသွားကြရအောင်"

ဟု ပြောပြီး တပည့်များကို ခေါ်သွားရာ နီမောင်နှင့် ဦးဇန်ကောင်းတို့ပါ လိုက်သွားကြလေသည်။

တောထဲရောက်သွားသော အခါမှ ဘယ်နေ့ရာရောက်နေမှန်း မသိကြရတော့ပေ။

ရှေ့မှသွားနေသော ဘိုးမင်းခေါင်ကတော့ နောက်က ပါလာသူများကို ဘယ်လိုဘယ်ပုံဖြစ်နေသည်ကို တစ်ချက်ကလေးမှ လှည့်မကြည့်ပဲ တစိုက်စိုက်ဖြင့်သာ သွားနေလေသည်။

တောလမ်းခရီးများ ဖြစ်သောကြောင့် ခရီးကကြမ်းသည်။ ဘယ်လောက်ဝေးဝေး သွားမည်မှန်း မသိသောကြောင့်လည်း ရိက္ခာက အဆင်သင့် ပါမလာကြပေ။

လမ်းရောက်တော့မှ ထမင်းဆာသူကဆာ၊ ရေငတ်သူ





က ငတ်ပြီး မရှုနိုင်မကယ်နိုင် ဖြစ်ကြရသည်။

ထိုအခါ နီမောင်က ဦးဇန်ကောင်းကို တိုးတိုးကပ်ပြောလိုက်သည်။

"နောက်မှာ ပါလာတဲ့တပည့်တွေ အခုလိုဖြစ်နေတာ အဘကတော့ သိချင်သိမှာပေါ့နော်"

"မသိပဲ နေမလားကွာ၊ ဝိဇ္ဇာဆိုတာ သူတို့ဆီမှ တပည့်ခံမယ့်သူတွေကို ခံနိုင်ရည် ဘယ်လောက်ရှိသလဲဆိုပြီး ဇွဲစမ်းတာမျိုးတွေ ရှိတယ်"

ဟု ပြန်ပြောလေသည်။

နီမောင်လည်း ဝမ်းဗိုက်ထဲမှ ဆာလောင်မှု ဖြစ်နေသော်လည်း စိတ်တင်းထားပြီး လိုက်လေသည်။

တစ်နေရာသို့ ရောက်သောအခါမှ ရှေ့မှသွားနေသော ဘိုးမင်းခေါင်က သစ်ပင်ကြီးတစ်ပင်အောက်သို့ ဝင်နားသော အခါမှ နောက်မှလိုက်လာသူများလည်း နားကြရတော့သည်။

ထိုသို့နားသောအခါ ဘိုးမင်းခေါင်က ၎င်းလွယ်လာသော လွယ်အိတ်အတွင်းမှ တစ်စုံတစ်ခုကို ထုတ်ယူလိုက်သည်။ မန်ကျည်းသီးတောင့်ကလေးပင် ဖြစ်သည်။

ထိုမန်ကျည်းသီးတောင့်လေးကို လက်တစ်ဆစ်စာမျှ ချိုးဖဲ့ပြီး တစ်ယောက်တစ်ခုဆီ ပေးသဖြင့် အမောပြေအဆာပြေ စားကြရသည်။

ထိုမန်ကျည်းသီး လက်တစ်ဆစ်စာလောက် စားပြီးသောအခါ ရေဘူးသေးသေးထဲမှ ရေတစ်ခွက်စီ ငှဲ့ပေးရာ. .



www.burmeseclassic.com

www.burmeseclassic.com



သောက်ကြရပြန်လေသည်။

ထိုကဲ့သို့ စားသောက်ပြီးသောအခါ မောပန်းခြင်း ဆာလောင်ခြင်းများ ပြေပျောက်သွားကာ လန်းလန်းဆန်းဆန်း ပြန်ဖြစ်လာကြလေသည်။

ထို့နောက်မှာတော့ တောထဲရောက်သွားပြီး ဆေးမြစ်ဆေးဥ ရှာကြရသည်။

“တောထဲမှာပေါက်နေတဲ့ သစ်ပင်သစ်ရွက် မှန်သမျှ ဆေးဖက်ဝင်တာချည်းပဲ၊ ကိုယ်နဲ့ထိုက်တာ ကိုယ်ရကြလိမ့်မယ်၊ လိုက်ရှာကြပေတော့၊ နောက်တစ်နေ့တော့ ရေပူစမ်းနားမှာ ငါ့ကို ပြန်တွေ့ရလိမ့်မယ်”

ဟု ပြောပြီး ချုံကွယ်တစ်ခုနောက်သို့ ဝင်သွားလေရာ နောက်ထပ် မတွေ့ရတော့ပေ။

ထိုအခါမှပင် နောက်မှလိုက်လာသော တပည့်များလည်း ဆေးမြစ်ဆေးဥ ရှာရန်အတွက် တောတွင်းသို့ အသီးသီး ဝင်ကြလေသည်။

နီမောင်နှင့် ဦးဗန်ကောင်းတို့လည်း အခြားလူများနှင့် မလိုက်တော့ပဲ အခြားတစ်နေရာဘက်သို့ ထွက်ခဲ့ကြလေသည်။

“နောက်တစ်နေ့မှ ရေပူစမ်းဘက်မှာ ပြန်တွေ့မယ်လို့ မှာသွားပုံထောက်တော့ ဒီကနေ့ညတော့ တောထဲမှာပဲ အိပ်ကြရမယ့်ပုံပဲ၊ နေမဝင်ခင် ဆေးပင်ဆေးမြစ် ရအောင်ရှာဖွေထားကြရအောင်”

ဟု ပြောပြီး နှစ်ယောက်သား တောနက်အတွင်းသို့ ဝင်





ခဲ့ကြလေသည်။

တစ်နေရာ ရောက်သောအခါ စူးစူးဝါးဝါးအော်သံ ကြားကြရလေသည်။

“ကယ်ကြပါ. . ကယ်တော်မူကြပါ”

ထိုအော်သံကြားသောအခါ မိမိတို့နှင့်အတူ လိုက်ပါလာသော လူတစ်ယောက် ဒုက္ခတွေ့နေသည်ထင်သောကြောင့် နှစ်ယောက်သား အသံလာရာဘက်သို့ ခပ်သုတ်သုတ်လာခဲ့ကြသည်။

“ကယ်ကြပါ. . ကယ်တော်မူကြပါ”

အသံကြားသောနေရာသို့ ရောက်သွားသောအခါ မြင်တွင်းက မကောင်းလှပေ။

သစ်ပင်တစ်ပင်အောက်မှာ အစေးအမျှင်များ ကပ်နေပြီး ထိုနေရာမှ သွားမရသောကြောင့် အော်ဟစ်အကူအညီတောင်းနေသည့် လူတစ်ယောက်ကို လှမ်းမြင်ရသည်။

သူတို့နှင့်အတူ ပါလာသူမဟုတ်ပဲ မျက်နှာစိမ်းတစ်ယောက်ပင်ဖြစ်သည်။

“ဘယ်လိုဖြစ်နေတာလဲဗျ”

နီမောင်က လှမ်းမေးလိုက်သည်။

“ဆေးပင်ဆေးဥရှာရင်းနဲ့ ဒီသစ်ပင်ကကျတဲ့ အစေးတွေနဲ့ ကပ်မိနေပြီး ဘယ်မှမသွားရတော့လို့ ကယ်ကြပါဦးဗျာ”

ထို့ကြောင့် နီမောင်က ရှေ့သို့ တိုးဝင်သွားရန် ဟန်ပြင်လိုက်သည်နှင့် ဦးဗန်ကောင်းက ဟန့်တားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့မသွားနဲ့၊ တော်ကြာ မင်းပါ သူ့လိုဘဝမျိုး ရောက်သွားလိမ့်မယ်၊ ဒီသစ်ပင်က သူ့အပင်ကထွက်တဲ့ အစေးတွေနဲ့ အနားရောက်လာတဲ့လူနဲ့ တရိစ္ဆာန်တွေ ဖမ်းစားတဲ့ သစ်ပင်မျိုးပဲ"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"ဒီနားတစ်ဝိုက်မှာ နွယ်ကြိုး ခပ်ရှည်ရှည် တစ်ချောင်းသာ ရအောင်ရှာခဲ့ပေတော့"

ဟု ပြောသဖြင့် နီမောင်က နွယ်ကြိုးရှည်တစ်ချောင်း ရှာဖွေခုတ်ယူလာလေသည်။

ထိုနွယ်ကြိုးရသောအခါ အစေးများနှင့် ငြိနေသော လူရှိရာသို့ လှမ်းပစ်ပေးလိုက်သည်။

"ဒီကြိုးကိုသာ မြဲမြဲကိုင်ထားပေရော့"

ထိုသူက ကြိုးကို ဖမ်းမိသွားသောအခါ နှစ်ယောက်သားအားစိုက်ပြီး ဆွဲယူတော့မှ တဖြည်းဖြည်းနှင့် ပါလာလေသည်။

သူတို့နားရောက်လာသောအခါ ကိုယ်မှာကပ်နေသည့် အစေးများကို ဝိုင်းဝန်းဖယ်ရှားပေးလိုက်သည်။

"ကျေးဇူးတင်လိုက်တာဗျာ၊ ခင်ဗျားတို့နဲ့သာ မတွေ့ရင်တော့ သေရမှာအမှန်ပါပဲ၊ ဒါထက် ခင်ဗျားတို့က ဆေးပင်ဆေးဥ ရှာကြတဲ့ သူတွေလား"

"ဟုတ်ပါတယ်"

"ကျွန်တော်လည်း ဆေးပင်လာရှာတာပါပဲ၊ ဟိုဘက်နားမှာ ဂမုန်းပင်တွေ တွေ့ခဲ့တယ်ဗျ၊ ကျွန်တော် လိုက်ပြပေးမယ်"





ဟု ပြောပြီး ခေါ်သွားသဖြင့် နီမောင်တို့နှစ်ယောက်လည်း နောက်မှလိုက်သွားကြသည်။

ကျောက်တောင်နှစ်ခု၏ လျှိုကြားထဲ ရောက်သောအခါ ကျောက်ဖျာတစ်ခုပေါ်မှာ ပေါက်နေသော ဂမုန်းနက်ပင်များကို တွေ့ကြရသည်။

ထိုလူက မနုတ်ဘဲ နောက်နားမှ ရပ်ကြည့်နေလေရာ နီမောင်နှင့် ဦးဗန်ကောင်းတို့က ဂမုန်းနက်ပင်များကို အမြစ်ပါရလေအောင် ဂရုတစိုက် နှုတ်ယူကြလေသည်။

ပြီးတော့မှ လှည့်ကြည့်လိုက်သောအခါ စောစောက နောက်ဘက်မှာ ရပ်နေသော လူရွယ်ကို မတွေ့ကြရတော့ပေ။

နောက်တစ်နေ့ နံနက်ပိုင်း အချိန် ရှေ့ပူစမ်း ရောက်သွားသောအခါ စမ်းချောင်းဘေးမှာ မျက်နှာသစ်နေသည့် ဘိုးမင်းခေါင်နှင့် ပြန်တွေ့ကြရသည်။

နီမောင်က ၎င်းတို့ရလာသော ဂမုန်းနက်အပင်များကို အဘကို ပြသောအခါ. . .

"ဝိဇ္ဇာပေးလိုက်တဲ့ ဆေးပင်တွေပဲ"

ဟုသာ တိုတိုတုတ်တုတ် မှတ်ချက်ချလိုက်လေသည်။

တကယ်ဆိုလျှင် ဝိဇ္ဇာတို့လမ်းဆိုသည်မှာ ဆန်းကြယ်မှုများဖြင့် ပြည့်နေတတ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

# ကျောက်ပန်းတောင်း ဂါတ်မှ ပြွတ်ရပ်ဆန်း

ရွှေဂူချောင်တောရသည် နီမောင်တည်းခိုနေသော ကျောင်း ဖြစ်ပေသည်။

ထိုကျောင်းတွင် ဆရာတော် ဦးကောသလ္လရှိစဉ်က အသုံးပြုခဲ့သော ဂျစ်ကားဟောင်းကြီး တစ်စီးရှိပေသည်။

နောက်ပိုင်း ဆရာတော် မရှိတော့သည့်အခါ ထိုကားဖျက်ကြီးကို ဆရာတော် ဦးကေသရကျောင်းမှာ သွားထိုးထား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ကားမှာ ဂျစ်ကားအမျိုးအစားဖြစ်ပြီး ရှေးနှစ်ပေါင်းများစွာကတည်းက အသုံးပြုသဖြင့် ဟောင်းနွမ်းနေကာ ယခုအခါ ဓါတ်ဆီကလည်းမရှိ၊ စက်ကလည်း ပျက်နေသောကြောင့် ဘယ်လိုမှ အသုံးပြု၍ မရသောကြောင့် ကျောင်းအနောက်ဘက်မှာ ထိုးထားကြခြင်း ဖြစ်သည်။

တစ်နေ့တော့ ထိုကျောင်းသို့ အဘဘိုးမင်းခေါင်နှင့် တပည့်များ ရောက်လာကြသည်။

"ဒီကားပျက်ကြီးကို ပြင်ကြည့်ရမယ်. .၊ တကယ်လို့ ကောင်းသွားရင် ခရီးဝေးကို သွားရေးလာရေး အဆင်ပြေတာပေါ့"

"ရမယ်မထင်ဘူးအဘ၊ ဒီကားက ပျက်နေတာ အတော်ကြာပြီ၊ နောက်ပြီး ဓါတ်ဆီလည်း မရှိဘူး"

"အလုပ်ဆိုတာ မလုပ်ခင်ကတည်းက မဖြစ်ဘူးထင်နေရင် ဘယ်တော့မှ မလုပ်ဖြစ်ဘူး၊ ငါပြင်ကြည့်ရင် ကောင်းချင်ကောင်းသွားမှာပေါ့"

ထိုသို့ ပြောသောအခါ နောက်မှပါလာသူများလည်း ဘာမှ ထပ်မပြောဝံ့ကြတော့ပေ။

"ကဲ ဒီကားပျက်ကြီးကို တောင်အောက်ရောက်တဲ့အထိ တွန်းယူခဲ့ကြကွာ"

ဟုပြောပြီး ထွက်သွားလေရာ နီမောင်နှင့် ဦးဝန်ကောင်းတို့ နှစ်ယောက်ကပင် ဦးဆောင်ပြီး ကားပျက်ကြီးကို ညောင်ပင်





ဆိပ်ရောက်သည်အထိ တွန်းယူလာကြလေသည်။

ထိုသို့တွန်းယူရာမှာ တောင်ကုန်းအမြင့်ပေါ်မှ အောက်သို့ တွန်းချရသောကြောင့် အခက်အခဲ မရှိကြပေ။

သူတို့ကားတွန်းလာသည်ကို အဘက ညောင်ပင်ရိပ်မှ ထိုင်ကြည့်နေသည်။

တောင်အောက်ရောက်တော့မှ. . .

"ကဲ သူ့နေရာပြန်ရောက်အောင် တွန်းတင်လိုက်ကြဦးဟေ့"

ဟု ခိုင်းပြန်လေသည်။

ထိုအခါမှာတော့ မည်သူမျှ မလုပ်ချင်ကြတော့ပေ။

မလုပ်နိုင်တော့သည်လည်း တစ်ကြောင်းပါသည်။

"ဒီလောက်ကုန်းတက်ကြီးကို ဘယ်လိုတွန်းတင်နိုင်မှာလဲ"

"အစကတည်းက ပျက်နေလို့ မယူပါနဲ့လို့ တားတဲ့ကြားက ယူခိုင်းတယ်၊ အခု ပြန်တွန်းတင်ခိုင်းနေပြန်ပြီ၊ သက်သက်ပင်ပန်းအောင် ခိုင်းနေတာပဲ ဖြစ်မယ်"

"သူခိုင်းလည်း ငါတို့မှ မတတ်နိုင်တာ၊ ဘယ်လိုလုပ်နိုင်မှာလဲ"

ဟု အမျိုးမျိုး မကျေမနပ်ဖြင့် အချင်းချင်း တီးတိုးပြောဆိုနေကြလေသည်။

ထိုကဲ့သို့ အချင်းချင်း ပြောဆိုနေကြသည်ကို မြင်သောအခါ အဘက နေရာမှထလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့၊ ဒီလောက်လေးတဲ့ ကားစုတ်ကြီးကို တောင်ကုန်းပေါ် တွန်းတင်ရမယ်ဆိုတော့ ဘယ်တွန်းချင်ကြပါ့မလဲ၊ ကိုင် ဘယ်သူမှ မတွန်းချင်လည်း နေကြပါကွာ၊ ငါဘာသာပဲ ပြန်မောင်းယူသွားပါတော့မယ်"

ဟု ပြောလေသည်။

ထိုအခါ တပည့်များက အချင်းချင်း တီးတိုးပြောကြပြန်လေသည်။

"ဒီလောက်စုတ်ပျက်နေတဲ့ကားကို ဘယ်လိုမောင်းမှာတဲ့လဲ"

"မောင်းတယ်ပဲ ထားပါဦး၊ ဓါတ်ဆီမှ တစ်စက်မှမရှိတာ ဘယ်လိုသွားမှာလဲ"

"ဓါတ်ဆီရှိတယ်ပဲ ထားပါဦးကွာ၊ အဘကမှ ကားမမောင်းတတ်တာ၊ ဘယ်လိုမောင်းမှာလဲ"

ထိုကဲ့သို့ ပြောဆိုနေကြစဉ်မှာပင် ဘိုးမင်းခေါင်က ကားပေါ်သို့တက်ပြီး အကျအန ထိုင်လေသည်။

ထိုသို့ရောက်သည်နှင့် ပါးစပ်မှ စက်နှိုးသော အသံမျိုးကဲ့သို့ 'ဝူး. . ဝူး'ဟု အသံပြုလိုက်သည်။

ပါးစပ်မှ ကားစက်နှိုးသံကဲ့သို့ တဝူးဝူးနှင့် အော်လိုက်သော အချိန်မှာပင် ကားစက်က တဝူးဝူးနှင့် နိုးလာလေတော့သည်။

ထိုအခါမှပင် အချင်းချင်း တီးတိုးပြောဆိုနေကြသူများမှာ တအံ့တသြနှင့် မျက်လုံးပြူးသွားကြလေတော့သည်။





ထိုအချိန်မှာပင် အဘက ပါးစပ်မှ ကားဟွန်းသံ ပေးသကဲ့သို့ 'ပေါ် . . ပေါ်'ဟု အော်ပြီး ကားကို မောင်းတက်သွားလေတော့သည်။

ထိုအခါမှ တပည့်များမှာ နောက်မှ ပြေးလိုက်သွားကြရလေတော့သည်။

မောင်းတက်သွားသော ဂျစ်ကားနောက်သို့ မီအောင်ပြေးလိုက်ကြရသောကြောင့် ကားတွန်းရသည်ထက်ပင် ပိုမိုမောပန်းကြရလေတော့သည်။

(ထိုဖြစ်ရပ်မှန် ပန်းချီကားချပ်ကြီးကို ပြည်မြို့ ဆယ်ထပ်ကြီး ဘုရားရင်ပြင်တော်ထက်မှာရှိသော ဘိုးမင်းခေါင်နတ်နန်းတွင် ချိတ်ဆွဲပြသထားလေသည်။)

နောက်ပိုင်းမှာလည်း ထိုကားစုတ်ကြီးနှင့် ကျောက်ပန်းတောင်း ညောင်ဦးစသောမြို့များအထိ ရောက်အောင်သွားလေသည်။

ထိုသတင်းကို ကြားသောအခါ ဓါတ်ဆီကိုယ်စားလှယ် ကုလားလူမျိုး ဦးချိန်မှန်ဆိုသူက. . .

"ဒီအဘိုးကြီးက ဘယ်နည်းနဲ့မှ သာမန်ပုဂ္ဂိုလ် မဟုတ်နိုင်ဘူး"

ဟု ယူဆကာ အဘစီးလာသော ကားထဲသို့ ဓါတ်ဆီများလိုသလောက် ထည့်သွားရာ နေရာအနှံ့ မောင်းပြီး သွားလာလေသည်။ ကားမောင်းရာမှာ သူကိုယ်တိုင်မောင်းခြင်းဖြစ်ပြီး ကားမောင်းနေစဉ် ပါးစပ်မှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ရူး . . ဝူး . . ဝူး"
"ပေါ် . . ပေါ် . . ပေါ်"
ဟု အော်သွားတတ်လေသည်။

စတီယာရင်ပေါ်သို့ လက်တင်ထားသော်လည်း ရှေ့ကို ကြည့်ချင်မှ ကြည့်သည်။

နောက်မှပါလာသော တပည့်များကိုလှည့်ပြီး စကား ပြောချင် ပြောနေတတ်ရာ ကားပေါ်မှာ ပါလာကြသူတို့မှာ တစ်စုံ တစ်ခု ဖြစ်လေမလားဟု ရင်တမမနှင့် ရှိနေကြရသည်။

ထိုသတင်းကို ခါတ်ဆီကိုယ်စားလှယ် ဦးချိန်မှုန်က အင်္ဂလိပ် အရေးပိုင်များကို သတင်းပို့ပေးလေသည်။

"ပုပ္ပါးတစ်ဝိုက်မှာ သိဒ္ဓိရှိတဲ့ အဘိုးကြီးတစ်ယောက် ပေါ် နေတယ်၊ သူ့နာမည်က ဦးမင်းခေါင်လို့ ခေါ်ကြတယ်၊ ခါတ်ဆီ မရှိပဲ စက်ပျက်နေတဲ့ ဂျစ်ကားစုတ်ကြီးစီးပြီး နေရာအနှံ့ သွားနေ တာတွေ့ရတယ်၊ ကျွန်တော်မျိုးတောင် ခါတ်ဆီထည့်ပေးလိုက်ရ ပါသေးတယ်"

ထိုသို့ ကြားသောအခါ အင်္ဂလိပ် အရေးပိုင်က မကွေးမှ ရာဇဝတ်ဝန်ထောက် ဦးမင်းဒင်ဆိုသူကို တာဝန်ပေးလေသည်။

"ဒါ သာမန်ကိစ္စ မဟုတ်ဘူး၊ သူ့အကြောင်းကို စုံစမ်းပြီး သတင်းပြန်ပို့ပေးပါ"

ထို့ကြောင့် ဦးမင်းဒင်က မကွေးမှ ကျောက်ပန်းတောင်း ရောက်သည်အထိ ကားဖြင့်လာလေသည်။

ဦးမင်းဒင်မှာ အသက်(၅၀)အရွယ်ခန့်ရှိပြီး မြန်မာလူ





မျိုးတစ်ဦး ဖြစ်သည်။

သူသည် အင်္ဂလိပ်များလက်အောက်တွင် အမှုထမ်းနေ ရသော်လည်း ဘာသာရေးကိစ္စများကို အလေးထားသူတစ် ယောက် ဖြစ်သည်။

ပုပ္ပါးတောင်ကလပ်သို့လည်း တစ်ခါတစ်ရံ ရောက်လာ လေ့ရှိရာ တစ်ခါက စေတနာထမင်းဆိုင်တွင် နီမောင်နှင့်တွေ့ပြီး ဝင်ရောက်အကူအညီ ပေးသွားခဲ့ဖူးလေသည်။

ဦးမင်းဒင်သည် ကျောက်ပန်းတောင်း ရောက်သောအ ခါ ဂါတ်တဲမှာ ဌာနအုပ်ဦးကောင်းဇံကိုခေါ်ပြီး အကျိုးအကြောင်း မေးကြည့်ရသည်။

"ဦးမင်းခေါင်ဆိုတဲ့ လူကြီးက သာမန်တော့မဟုတ်ဘူး ဝန်ထောက်မင်း၊ သူက စင်မြင့်ရွာဇာတိလို့တော့ ပြောသံကြား တယ်၊ အရင်က ကချင်ပြည်နယ်ဘက်မှာ သူ့သတင်းတွေ အများကြီး ကြားခဲ့ရသေးတယ်၊ ကြားရရင်လည်း မဖြစ်နိုင်တဲ့ ထူးထူးဆန်းဆန်း ကိစ္စတွေချည်းပါပဲ"

"ဘယ်လိုကိစ္စမျိုးတွေလည်းဗျ၊ ခင်ဗျားသိထားတာတွေ ပြန်ပြောပြပါဦး"

ထိုအခါ ဦးကောင်းဇံက ဘိုးမင်းခေါင်နှင့် ပတ်သက် သော အကြောင်းအရာများကို ပြောပြလေသည်။

"ရွှေလီနယ်ဘက်မှာ သစ်လုံးကြီးတစ်လုံးနဲ့ ရေထဲပါ သွားကတည်းက ပျောက်သွားလိုက်တာ အခုမှ ပုပ္ပါးကို ရောက် လာတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒါတွေက သာမန်တော့ မဟုတ်ဘူးဗျ၊ ခင်ဗျားတို့ ကျုပ်တို့တစ်တွေက မြန်မာလူမျိုးတွေပဲ၊ ကျုပ်တို့ မြန်မာလူမျိုး တွေထဲမှာ သိဒ္ဓိပေါက်တဲ့လူတွေ အများကြီး ရှိကြတယ်၊ ဒီတော့ ဒီကိစ္စမျိုးတွေက ကျုပ်တို့လို သာမန်လူတွေ မသိနိုင်ကြဘူး"

"မှန်ပါတယ် ဝန်ထောက်မင်း"

"ဒါပေမယ့် တစ်ဖက်ကလည်း တာဝန်ဝတ္တရားတွေက ရှိနေလေတော့ အထက်ကစေခိုင်းရင် ဝတ္တရားရှိတဲ့အတိုင်း ဆောင်ရွက်ကြရမှာပဲ၊ ဒီတော့ ခင်ဗျားအနေနဲ့ ဦးမင်းခေါင် အကြောင်းကို ရသမျှစုံစမ်းပြီး ကျုပ်ဆီကို သတင်းပြန်ပို့ပေးပါ"

"ကောင်းပါပြီ ဝန်ထောက်မင်း"

ထို့နောက်မှာတော့ ဦးကောင်းဇံက သူ့တပည့်ပုလိပ် များကို ဘိုးမင်းခေါင်နောက်သို့လိုက်ကာ သတင်းစုံစမ်းရန် တာဝန်ပေးလိုက်လေသည်။

သို့သော် သူတို့ နောက်ယောင်ခံလိုက်ကြည့်တော့လည်း အမြဲတစေ တွေ့နေရသည်တော့ မဟုတ်ပေ။

တစ်နေရာမှာ လိုက်ကြည့်ရင်းနှင့် ပျောက်သွားရာ အချိန်အတော်ကြာတော့မှ အခြားတစ်နေရာ ရောက်နေသည် ကို တွေ့ရ တတ်လေသည်။

ပုပ္ပါးမှ ပျောက်သွားပြီး နောက်ရက်ရောက်တော့မှ ... တင်းတစ်ခု ရောက်လာသည်။

ဘိုးမင်းခေါင် ရုတ်တရက် ပျောက်သွားသည်ကို နီးမော အပါအဝင် အတူနေကြသော တပည့်များပင် မသိလိုက်ကြ...





"ခင်ဗျားတို့ဆီက ပျောက်သွားတဲ့အဘိုးကြီး ကျုပ်တို့ တွေ့လာခဲ့တယ်"

"ဘယ်မှာတွေ့ခဲ့တာလဲ ပြောပါဦး"

"ရွှေစက်တော်နားက စေတုတ္တရာဆိုတဲ့ ရွာတစ်ရွာမှာ တွေ့ခဲ့တာဗျ"

"သေချာရဲ့လားဗျာ"

"သေချာပါတယ် သူ့ရဲ့ပုံပန်းသဏ္ဌာန်က တခြားသူနဲ့ မှားစရာမရှိပါဘူး"

ဟု ပြောသဖြင့် စေတုတ္တရာဘက်သို့ လိုက်သွားကြရာ ထိုရွာသို့ရောက်အောင် ဦးတောဆိုသူက လမ်းပြခေါ်သွားလေ သည်။ ထိုရွာရောက်သောအခါ အဘနှင့် ပြန်တွေ့ရသည်။

"အဘ ပုပ္ပါးပြန်မှာ မဟုတ်လား၊ ခရီးကဝေးတော့ လှည်းနဲ့ ပြန်ကြမှဖြစ်မယ်"

"လှည်းနဲ့ပြန်ရင် နွားတွေ ပင်ပန်းမှာပေါ့၊ ကိုယ်သွားချင် တဲ့ခရီးကို ကိုယ့်ခြေထောက်ပဲ အားကိုးပြီး ပြန်ကြတာပေါ့"

ဟု ပြောသဖြင့် ဘာမှ မတတ်သာတော့သဖြင့် စေတုတ္တ ရာမှ ပုပ္ပါးသို့ ခြေလျင် လျှောက်ကြရလေတော့သည်။

လမ်းတစ်နေရာရောက်တော့ သဲချောင်းတစ်ခုကို ဖြတ် ကြရလေသည်။

သဲချောင်းတစ်နေရာရောက်တော့. . .

"မင်းတို့ ရှေ့ကသွားနှင့်ကြပေတော့၊ ငါ ဒီနားမှာ အ လေးအပေါ့ သွားလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး ကျောက်တုံးအကွယ်သို့ ဝင်သွားရာ အတော်ကြာသည်အထိ ပြန်မထွက်လာသဖြင့် သွားကြည့်သောအခါမှ မတွေ့ရတော့ပေ။

နောက်မှ အခြေအနေကို လိုက်ကြည့်နေသော ပုလိပ်များလည်း လက်လျှော့ပြီး ပြန်ခဲ့ကြရလေသည်။

ကျောက်ပန်းတောင်းဂါတ် ပြန်ရောက်သောအခါ ထိုအကြောင်းများကို ဌာနအုပ် ဦးကောင်းဇံထံ အစီရင်ခံ တင်ပြကြလေသည်။

နောက်ရက် အတန်ကြာသောအခါ ရွှေပန်းတော ဂါတ်စခန်းမှ ကျောက်ပန်းတောင်း ဂါတ်စခန်းသို့ သတင်းတစ်စောင် ရောက်လာလေတော့သည်။

"ခင်ဗျားတို့ ကျောက်ပန်းတောင်းဂါတ်က လိုက်ရှာနေတဲ့ အဘိုးကြီး ကျုပ်တို့ ရွှေပန်းတော ရောက်နေပြီ"

ဆိုသော သတင်း ဖြစ်ပေသည်။

ထို့ကြောင့် ဌာနအုပ် ဦးကောင်းဇံက ပုလိပ်အချို့ကို စေလွှတ်လိုက်ကြလေသည်။

ပုလိပ်များကလည်း ဦးမင်းခေါင်ဆိုသော လူတစ်ယောက်အတွက်နှင့် မကြာခဏ ပင်ပန်းပြီး အလုပ်ရှုပ်နေသောကြောင့် စိတ်ထဲမှ မကျေမနပ် ဖြစ်နေကြလေသည်။

ရွှေပန်းတောသို့ ရောက်သောအခါ သူတို့ ရှာဖွေနေသော ဦးမင်းခေါင်ကို တွေ့ရသည်နှင့် မေးမြန်းစစ်ဆေးခြင်းပင် မပြုတော့ပဲ တစ်ခါတည်း ဖမ်းခေါ်လာကြလေသည်။





ဦးမင်းခေါင်ကလည်း ၎င်းတို့နှင့်အတူ အေးအေးဆေးဆေးပင် လိုက်လာခဲ့လေသည်။

ကျောက်ပန်းတောင်းဂါတ်သို့ ရောက်သောအခါမှ ဦးမင်းခေါင်ကိုပါ တစ်ခါတည်း ဖမ်းခေါ်လာသည်ကို မြင်တွေ့ရသောအခါ မျက်လုံးပြူးသွားလေသည်။

သို့ကြောင့် ဘယ်လိုမှ မတတ်သာတော့သည့်အဆုံး အချုပ်ထဲသို့ ထည့်ထားလိုက်ရတော့သည်။

"မင်းတို့ကို အခြေအနေ စောင့်ကြည့်ဖို့ လွှတ်လိုက်တာ၊ ဘာကြောင့် တစ်ခါတည်း ဖမ်းခေါ်လာရတာလဲ"

"ဆရာကလည်း သူ့အတွက်နဲ့ အလုပ်ရှုပ်နေတာ၊ ကျန်တဲ့အလုပ်ကို မလုပ်ကြရဘူး၊ အခုလို ကိုယ့်မျက်စိအောက်မှာပဲ အချုပ်ထဲထည့်ထားလိုက်တော့ မအေးဘူးလား"

ဟု ဖမ်းခေါ်လာသော ဆားပုလင်းတစ်ယောက်က ပြောသည်။

ဘိုးမင်းခေါင်မှာ အချုပ်ထဲရောက်သည်နှင့် သိဒ္ဓိစွမ်းပြလေတော့သည်။

သူ့မှာပါလာသော ဆေးပြင်းလိပ်အတိုကို ဖင်က လှည့်ဖွာလိုက်၊ ခေါင်းဘက်က လှည့်ဖွာလိုက်နှင့် လုပ်နေရာ ရှေ့မှာရှိနေသော ပုလိပ်အချို့မှာ သေနတ်ကို မြင်းစီးသကဲ့သို့ စီးပြီး အချုပ်ခန်းကို ပတ်ပြေးနေကြသည်။

ဆေးပြင်းလိပ်ကို ဖယ်လိုက်တော့မှ ပြေးနေသူများလည်း ရပ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ငှင်းဆောင်းထားသော ကက်ဦးထုပ် အဟောင်းကြီးကို ပြောင်းပြန်လှန်ဆောင်းလိုက်ရာ မိန်းမအချုပ်ခန်းထဲမှာထားသော မိန်းမများမှာ အော်သူအော်၊ ငိုသူငို၊ ရယ်သူရယ်နှင့် ဖြစ်ကြရုံမကပဲ အချို့လည်း အချုပ်ခန်းထဲမှာ ကနေကြသောကြောင့် ပုလိပ်များက ထိန်းသော်လည်း မရနိုင်အောင်ဖြစ်နေကြတော့သည်။

ပြောင်းပြန်ဆောင်းထားသော ဦးထုပ်ကို အတည့်ပြန်ဆောင်းသောအခါမှ ပြန်ငြိမ်သွားကြသည်။

ဤသို့ဖြင့် ဆေးပြင်းလိပ်ကို ပြောင်းပြန်ဖွာလိုက်၊ ကက်ဦးထုပ်ကို ပြောင်းပြန်ဆောင်းလိုက် လုပ်နေရာ အချုပ်ခန်းတစ်ခုလုံး ဆူညံနေတော့သည်။

ဌာနအုပ် ဦးကောင်းဇံကိုယ်တိုင် လာရောက်ထိန်းသောအခါမှာလည်း မရတော့ပေ။

ထိုသတင်းကို ဦးမင်းဒင် ကြားသောအခါ မော်တော်ကားဖြင့် ချက်ချင်းရောက်လာလေသည်။

သူ ရောက်လာသော အချိန်မှာ အားလုံးပြန်ငြိမ်နေပြီဖြစ်သည်။

ဦးကောင်းဇံက အခြေအနေ အကျိုးအကြောင်းကိုပြောပြတော့ ဘိုးမင်းခေါင်ကို အအချုပ်ခန်းအတွင်းမှ အထုတ်ခိုင်းလိုက်သည်။ ဦးမင်းဒင်က ငှင်းစားပွဲရှေ့မှ ကုလားထိုင်မှာ ထိုင်ပြီးမှ မေးသည်။

"အဘနာမည် ဘယ်လိုခေါ်ပါသလဲ"





"ဦးမင်းခေါင်လို့ ခေါ်တယ်"

"အဘက ကချင်ပြည်နယ်ဘက်လည်း ရောက်ခဲ့သေးတယ် မဟုတ်လား"

"ကျုပ်က နေရာအနှံ့ သွားနေတာပဲ"

"ဒီကပုလိပ်တွေက မသိလို့ အခုလို လုပ်မိကြတာ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

"ကျုပ်က ဘယ်သူ့အပေါ်မှာမှ အာဃာတမရှိပါဘူး"

"ကျွန်တော် အင်္ဂလိပ်တွေလက်အောက်မှာ အမှုထမ်းနေရပေမယ့် မြန်မာလူမျိုးတစ်ယောက်ပါ ဘာသာရေးကိုလည်း တတ်နိုင်သမျှ လုပ်ပါတယ်"

"ကောင်းတာပေါ့"

ကျွန်တော်နဲ့ပတ်သက်ပြီး ဆုံးမစကား ပြောစရာရှိရင် ပြောပေးခဲ့ပါ"

"မကြာခင်မှာ မိုးရွာတော့မယ်၊ ကိုယ့်ဘာသာ လုံခြုံအောင် လုပ်ထားပေတော့"

ထိုအချိန်က ဘိုးမင်းခေါင် ပြောသွားခဲ့သော စကားအဓိပ္ပါယ်ကို ဦးမင်းဒင်တစ်ယောက် သိပ်နားမလည်ခဲ့ပေ။

နောက်ပိုင်း ဒုတိယကမ္ဘာစစ် ဖြစ်လာပြီး ဗုံးမိုးများ ရွာချသကဲ့သို့ ဖြစ်တော့မှ ထိုစကားကို ပြန်သတိရမိလေတော့သည်။

ထို့နောက်မှာတော့ ဦးမင်းဒင်က အဘကို ကောင်းမွန်စွာ ကျွေးမွေးပြီး ပြန်လွှတ်ပေးလိုက်လေသည်။

ထိုအကြောင်းကို အနီးပါတ်ဝန်းကျင်တစ်ဝိုက်မှာ နေကြ



www.burmeseclassic.com

www.burmeseclassic.com



သော ဒေါ်ဖွားဆယ်၊ ဦးထွန်းဝင်း၊ ဒေါ်မူ၊ ဒေါ်ပု၊ ဦးညာဏ်၊ ဒေါ်ထွေး၊ စသည့်လူများ မသိလိုက်ကြသောကြောင့် နောက်ပိုင်းတွင် ထိုအကြောင်းကို ပြောမဆုံးအောင် ရှိကြလေတော့သည်။





# အခန်း(၁၄)

## ရွှေငွေသုံးပိဿာဖြင့် တင်တောင်းရသော သတို့သမီး

နီမောင်တစ်ယောက်ကတော့ အဘဘိုးမင်းခေါင်ဆောင်ကလပ်သို့ ရောက်လာသည့် အချိန်ကစပြီး ကြောင်လျှာသောသို့ပြန်လိုက် ပုပ္ပါးတောင်မှာ လာနေလိုက်နှင့် ရှိနေလေသည်။

ထိုသို့နေရင်းမှပင် တစ်ခါတစ်ရံ အဘခရီးဝေးထွက်သွင်လည်း လိုက်သွားရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်အဖို့မှာ အဓိဌာန်ဝင်သော အလုပ်ကိုလည်း အမြဲမလုပ်နိုင်သေးဘဲ စီးပွားရေး လုပ်ငန်းကလည်း လုပ်ရသေးသည်။ အဘကတော့ သူ့ကို တပည့်ရင်းတစ်ဦးကဲ့သို့ အသိအမှတ် ပြုထားလေသည်။

"ဘုရားအလုပ် တရားအလုပ်ဆိုတာ အမြဲတမ်းလုပ်နေမှ မဟုတ်ပါဘူးကွာ၊ ကိုယ်လုပ်နိုင်တဲ့အချိန်မှာ လုပ်ပေါ့၊ မလုပ်နိုင်တော့လည်း စိတ်ထဲကပဲ အာရုံပြုပေါ့၊ ကောင်းတဲ့အလုပ် မလုပ်မိတာက အရေးမကြီးလှပါဘူး၊ မကောင်းတဲ့အလုပ် မလုပ်မိဖို့သာ၊ ကိုယ့်ကိုယ်ကိုယ် ထိန်းထားရင် ဘယ်တော့မှ မကောင်းတာ မဖြစ်ပါဘူး"

ဟု ဆုံးမစကားဆိုသည်။

သူကဲ့သို့ပင် ဦးဇန်ကောင်းလည်း ကျောင်းပြန်ပြီး ဝေယျာဝစ္စ လုပ်သည့်အခါလုပ်၊ အဘတို့နှင့်အတူ အဓိဌာန်ဝင်သည့်အခါဝင်နှင့် ကြိုးစားလုပ်နေလေသည်။

နီမောင်မှာ လူရွယ်တစ်ဦး ဖြစ်သောကြောင့် အခြားအရေးကြီးသော အလုပ်တစ်ခုလည်း ရှိနေသေးသည်။

အခြားမဟုတ်ပေ။

မြနှင်းဖြူနှင့် နီးစပ်ဖို့ အရေးဖြစ်သည်။

မိဘချင်း စေ့စပ်ပွဲ ပျက်သွားခဲ့ကြသော်လည်း သူတို့နှစ်ယောက်၏ မေတ္တာကတော့ အဆက်အသွယ် မပြတ်ခဲ့ကြပေ။

တစ်နေ့ကျလျှင် နီးစပ်မှုရရှိအောင်လည်း ကြိုးစားနေကြလေသည်။

သို့သော်လည်း ချောချောမွေ့မွေ့တော့ မရှိလှပေ။

ထန်းတောပိုင်ရှင် ဘထင်က ထွန်းခအကူအညီယူပြီး မြနှင်းဖြူကို ရအောင် ကြိုးစားနေလေသည်။

ထွန်းခက နေ့စဉ်လို ပြောနေသောကြောင့် မိဘများကပါ စိတ်ပါလာကြပြီး မြနှင်းဖြူ လက်ခံပါက ထိုက်ထိုက်တန်တန် တင်တောင်းပါက လက်ခံမည်ဟု သတင်းလွှင့်လိုက်လေသည်။

မြနှင်းဖြူကတော့ ဘထင်ကို လုံးဝမနှစ်သက်ပေ။ ကိုယ်အလေးချိန်နှင့် ညီမျှအောင် ရွှေများပုံပေးပြီး တင်တောင်းလျှင်သော်မှ လက်မခံဟု ပြန်ပြောထားသည်။

သို့သော်လည်း တစ်နေ့တစ်နေ့ ထိုအကြောင်းကိုပင် နားချနေသောကြောင့် မတတ်သာတော့သဖြင့် တစ်ခုခုလုပ်ရန်သာ ဆုံးဖြတ်ထားလိုက်လေသည်။

တစ်နေ့တော့ ဘထင်က ရပ်ရွာလူကြီးများကိုပါ ခေါ်လာပြီး စေ့စပ်ကြောင်းလမ်းမှုကို ပြုလေသည်။

"ကျွန်တော့်ဘက်က ရွှေတစ်ပိဿာနဲ့ ကျွန်တော်ပိုင်တဲ့ ထန်းတောတွေကိုပါ တင်တောင်းပါတယ်"

ထိုကဲ့သို့ ကမ်းလှမ်းမှုမှာ ဦးစံပေါ်တို့ဘက်မှ မငြင်းသာလောက်သော တန်ဖိုးဖြစ်ပေသည်။

မြနှင်းဖြူက အတင်းငြင်းသဖြင့် စေ့စပ်ပွဲ မအောင်မြင်သော်လည်း မိဘများက သူမသဘောကိုပင် မမေးတော့ဘဲ




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



သူတို့သဘောနှင့်သူတို့ ဖွတ်အတင်း စီစဉ်ကြရန် ပြင်ဆင်နေကြလေသည်။

သို့ကြောင့် မြနှင်းဖြူမှာ နီမောင်ကိုမှာပြီး အခြေအနေကို ပြောပြရတော့သည်။

"ဒီအတိုင်းဆိုရင် ကျွန်မတို့နှစ်ယောက် ဝေးကြရတော့မယ်၊ ကိုမောင် ဘယ်လိုစီစဉ်မှာလဲ"

"မြလေးကို သူတစ်ပါးလက်ထဲတော့ မရောက်စေရပါဘူး၊ ကိုယ်ရတဲ့နည်းနဲ့ ယူမှာပါ"

ဟု ပြောနေစဉ်မှာ ထွန်းခ ရောက်လာလေတော့သည်။ ထွန်းခမှာ သူတို့စီစဉ်ထားသော အစီအစဉ် ပျက်မည်စိုးသဖြင့် မြနှင်းဖြူအခြေအနေကို စောင့်ကြည့်ရန် မယ်မြကို တာဝန်ပေးထားရာမှ နီမောင်နှင့် အဆက်အသွယ်ရှိနေသေးကြောင်း ရိပ်မိသွားခြင်း ဖြစ်လေသည်။

သို့ကြောင့် နောက်ယောင်ခံကာ လိုက်လာရာမှ ယခုကဲ့သို့ လက်ပူးလက်ကြပ် မိသွားခြင်း ဖြစ်သည်။

"အော် လက်စသပ်တော့ နင်တို့က ဒီလိုကိုး၊ နင်က မိဘလက်နဲ့ရေးထားတာကို ခြေနဲ့ဖျက်ဖို့ လုပ်နေတာပေါ့လေ ဟုတ်လား"

"ကျွန်မ မနှစ်သက်တဲ့လူကိုတော့ ဘယ်နည်းနဲ့မှ မယူနိုင်ဘူး"

မြနှင်းဖြူသည် သူမရင်ထဲ ရှိသည့်အတိုင်း ပြောသည်။

"နေစမ်းပါဦး ဒီကောင်က ဘယ်လောက်ချမ်းသာနေလို့





နင်က မက်မောနေရတာလဲ၊ ငါတို့ တင်တောင်းခိုင်းတာတောင် မတင်တောင်းနိုင်တဲ့လူကို ဘာများမက်မောစရာ ရှိသလဲ"

"အစ်ကိုတို့ပြောတဲ့ ရွှေတွေငွေတွေကို ကျွန်မ ဘာတစ်ခုမှ မမက်မောဘူး"

"မက်မော်တာ မမက်မောတာထက် ရွှေငွေရှိမှ ဖြစ်တယ်ဆိုတာ နင်နောက်တော့ သိလာလိမ့်မယ်၊ မမိုက်ချင်စမ်းပါနဲ့ ညီမလေးရယ်"

ထိုအခါ နီမောင်က ဝင်ပြောသည်။

"ကျွန်တော်တို့ ချစ်ခြင်းကို မခွဲပါနဲ့၊ ကျွန်တော် မြနှင်းဖြူ အပေါ်မှာ တကယ်ချစ်တာပါ"

"ချစ်တာတွေ မေတ္တာတွေက ငါတို့တောမှာတော့ သိပ်အသုံးမဝင်လှပါဘူးကွာ၊ မင်းပြောတာတွေက ဇာတ်ကတဲ့နေရာမှာ ပြောရင်တော့ နားထောင်လို့ ကောင်းတာပေါ့၊ ဒီမှာ အရေးအကြီးဆုံးကတော့ ရွှေငွေရှိဖို့ပါပဲ"

နီမောင်က အံတစ်ချက် ကြိတ်ထားလိုက်သည်။

"မင်းကို ငါ တစ်ခုတော့ပြောမယ်၊ မင်း ငါ့ညီမကို လိုချင်ရင်တော့ သူများတွေထက်ပိုပြီး တင်တောင်းလာနိုင်ရင်တော့ စဉ်းစားရမှာပေါ့ကွာ"

နီမောင်က ဘာမှမပြောပဲ ထွန်းခကို တစ်ချက်ကြည့်သည်။

"ငါ့သူငယ်ချင်း ဘထင်ဆိုတာ သူက ထန်းတောတွေ လည်းပိုင်တယ်၊ အခု သူက ရွှေတစ်ပိဿာနဲ့ ထန်းတောတစ်



www.burmeseclassic.com

www.burmeseclassic.com



တော တင်တောင်းမယ်လို့ ကမ်းလှမ်းထားတယ်၊ ဘယ်လိုလည်း မင်း သူ့ထက်သာအောင် တင်တောင်းနိုင်ပါ့မလား၊ တကယ်လို့ တင်တောင်းမယ်ဆိုတော့ အချိန်မရွေး လာတောင်းပေတော့ ဟော့"

ဟု ပြောဆိုပြီးနောက် မြနှင်းဖြူကိုပါ တစ်ပါတည်းခေါ်ပြီး ပြန်သွားလေတော့သည်။

နီမောင်တစ်ယောက်တည်း ထိုနေရာမှာ ငိုင်လျက်သား ကျန်ခဲ့လေတော့သည်။

ထိုအဖြစ်အပျက်များ ဖြစ်ခဲ့သောကြောင့် နီမောင်မှာ များစွာ စိတ်ထိခိုက်သွားလေသည်။

ထွန်းခပြောသွားသည့်အတိုင်း ဆိုပါက မြနှင်းဖြူနှင့် နီးစပ်ရန် အကြောင်းမရှိတော့ပေ။

သူတို့ဘက်က ပြောသလောက် တင်တောင်းနိုင်ဖို့ မလွယ်လှပေ။

သူတို့ ပိုင်ဆိုင်သော ပစ္စည်းများကို ထုခွဲရောင်းချပြီး တင်တောင်းလျှင်တော့ ရနိုင်သည်။

သို့သော်လည်း ထိုမျှလောက်တော့ မမိုက်မဲပေ။

သူ့ဘဝ ပျော်ရွှင်ဖို့အတွက် မိဘများ စိတ်ဆင်းရဲရမည့် အဖြစ်မျိုးတော့ သူ မလုပ်လိုပေ။

ယခုအခါ သူတို့နှစ်ယောက်အကြောင်းကို ထွန်းခ သိသွားပြီ ဖြစ်သောကြောင့် နောက်ထပ်တွေ့ဘို့ရန်လည်း အခွင့်အရေး ရတော့မည် မဟုတ်ပေ။





သို့ကြောင့် စိတ်ထဲမှာ နောက်ကျိရှုပ်ထွေးနေသောကြောင့် ပုတီးစိပ်သောအလုပ်ကိုပင် မလုပ်နိုင်တော့ပေ။ ထိုအခါ ဦးဇန်ကောင်းကမေးသည်။

"မင်း ဘာဖြစ်နေတာလဲ မှိုင်လှချေလား"

နီမောင်က အကျိုးအကြောင်း ပြောပြလိုက်သည်။

ထိုအခါ ဦးဇန်ကောင်းက မေးသည်။

"ဒီလောက်လည်း စိတ်ဆင်းရဲမနေပါနဲ့ကွာ၊ မင်းတို့ချင်း ဖူးစာပါလာရင်တော့ ဘယ်သူဖျက်လို့မှ မပျက်ပါဘူး၊ ဆုံစည်းရမှာပါ၊ တကယ်လို့ ရေစက်မပါခဲ့ရင်တော့လည်း မင်း ဘယ်လောက်ပဲ ကြိုးစားပေမယ့်လည်း ရချင်မှရမှာပဲ၊ အဲ့ဒီလိုသာ သဘောထားပြီး စိတ်ကိုဖြေလိုက်၊ မင်း စိတ်သက်သာရာ ရသွားလိမ့်မယ်"

ဟု နှစ်သိမ့်မှုပေးသည်။

နီမောင်ဘက်က အခြေအနေမဟန်တော့မှန်း သိသောအခါ ထွန်းခက ဘထင်ကို မင်္ဂလာပွဲကိစ္စ အမြန်ဆုံးဖြစ်အောင် စီစဉ်ရန် တိုက်တွန်းသောကြောင့် ဘထင်ကလည်း ကြိုးစားဆောင်ရွက်နေလေတော့သည်။

ထိုရက်အတွင်းမှာတော့ မြနှင်းဖြူတစ်ယောက် နီမောင်နှင့် မတွေ့ရတော့ပေ။

သူတို့နှစ်ယောက် အခြေအနေကို သိသွားပြီဖြစ်သောကြောင့် ထွန်းခမိန်းမ မယ်မြက မျက်စေ့ဒေါက်ထောက်ကြည့်နေသောကြောင့် လွတ်လပ်ခွင့် မရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ အဘဘိုးမင်းခေါင်က နီမောင်ကို ခေါ် ပြောသည်။

“မင်း မိဘတွေက ဘယ်မှာနေတာလဲ”

“ကြောင်လျှာတောရွာမှာ နေပါတယ် အဘ”

“မင်း သူတို့ကို သွားခေါ်ပေတော့”

“ဗျာ ဘာကိစ္စ ရှိလို့လည်း အဘ”

“ရောက်တော့ သိရစေမယ်”

ဟု ပြောသဖြင့် နီမောင်လည်း ထပ်မမေးဝံ့တော့ပဲ ကြောင်လျှာတောသို့ ပြန်သွားလေတော့သည်။

ထိုအခါ အဘက ဦးဖန်ကောင်းကို ခေါ်ပြောသည်။

“ကပ္ပိယကြီး ရွှေတွင်းတောင်နားက လှိုဏ်ထဲကနေပြီး ရွှံ့စေးနှစ်ပိဿာလောက် သွားယူလာခဲ့”

ဦးဖန်ကောင်းလည်း ထွေထွေထူးထူး ပြန်မေးမနေတော့ပဲ ရွှေတွင်းတောင် ငွေတွင်းတောင်ဘက်သို့သွားကာ အဘမှာသည့်အတိုင်း ရွှံ့စေးများ ယူလာခဲ့လေသည်။

လိုရမယ်ရ တစ်ပိဿာခန့် အလေးချိန်ရှိသော ရွှံ့စေး သုံးလုံးယူလာခဲ့သည်။

“ခင်ဗျားဆီမှာ ဖိုရှိတယ် မဟုတ်လား”

“ရှိပါတယ် အဘ”

ထို့နောက် အဘဘိုးမင်းခေါင်ကိုယ်တိုင် လိုက်လာပြီး ဖိုထိုးလေတော့သည်။

ဦးဖန်ကောင်းလည်း အဘကိုယ်တိုင် ဖိုထိုးနေသည်ကို





မြင်သောအခါ များစွာအံ့သြသွားလေသည်။

နောက်တစ်နေ့မှာတော့ နီမောင်က သူ့မိဘများကိုခေါ်ပြီး ပြန်ရောက်လာသည်။

ထိုအခါ ဦးဖန်ကောင်းက ပြုံးရွှင်သော အမူအရာဖြင့် ပြောလေသည်။

“နီမောင်ရေ အဝတ်အစား လဲပေတော့ဟေ့”

“ဟင် ဘယ်သွားကြမှာလဲ”

“အဘက မင်းရောက်လာရင် မိန်းမလိုက်တောင်းပေးလိုက်လို့ ငါ့ကို မှာထားတယ်၊ မင်းကောင်မလေးကို သွားတောင်းကြမယ်လေကွာ”

ထိုစကားကြောင့် နီမောင်မှာ တအံ့တသြဖြစ်ကာ မျက်လုံးပြူးသွားလေသည်။

“ဟင် ဖြစ်ပါ့မလား၊ ကျွန်တော်တို့မှာ ဘာမှ ပါမလာဘူး”

“ဖြစ်ပါတယ်ကွာ မင်းတို့ နောက်ကသာ လိုက်ခဲ့ပါ၊ ဟိုရောက်တော့ ငါပြောပါ့မယ်”

ဟုပြောရာ နီမောင်မှာ မယုံရအခက် ယုံရအခက် ဖြစ်နေတော့သည်။

ထို့နောက်မှာတော့ ဦးဖန်ကောင်း ကြိုတင်ခေါ်ထားသည့် ရွာလူကြီးအချို့ပါ ရောက်လာကြသဖြင့် မြနှင်းဖြူတို့ အိမ်သို့သွားရန် ပြင်ကြလေသည်။

ဦးဖန်ကောင်းကတော့ တိုက်ပုံ၊ ပုဆိုး၊ ခေါင်းပေါင်း



www.burmeseclassic.com

www.burmeseclassic.com



အသစ်များကို ဝတ်ဆင်လျက် ရှေ့ဆုံးမှ လွယ်အိတ်ကြီးတစ်လုံး လွယ်ကာသွားသဖြင့် နောက်မှလိုက်သွားကြရလေသည်။

နီမောင် စိတ်ထဲမှာတော့ စိုးရိမ်သောကများ ဝင်နေလေသည်။

အဆင်မပြေပါက မိဘများ ထပ်ပြီး အရှက်ရမည်ကိုလည်း စိုးရိမ်နေမိလေသည်။

သူတို့ရောက်သွားတော့ ဦးစံပေါ်တို့ကလည်း တအံ့တသြဖြစ်ကာ နေရာထိုင်ခင်းများ ပေးကြလေသည်။

"ဘား . ဘာကိစ္စများ ရှိကြလို့ပါလဲ"

"ကျုပ်တို့က သားရေးသမီးရေး ကိစ္စအတွက် လာကြတာပါ၊ ဒီက မောင်နီမောင်နဲ့ ခင်ဗျားတို့ရဲ့ သမီးလေးက လူငယ်ချင်း မေတ္တာမျှနေကြပါတယ်၊ ဒါကြောင့် မိန်းကလေးကို တင့်တောင့်တင့်တယ်နဲ့ လာတောင်းယူကြတာပါ"

ဟု ဦးဗန်ကောင်းက ပြောလိုက်လေသည်။

ထိုအခါ ဦးစံပေါ်တို့လည်း ဘယ်လိုပြန်ပြောရမှန်း မသိကြပဲ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြလေသည်။

ထိုအခိုက်မှာပင် ထုံးစံအတိုင်း ထွန်းခက ဝင်ပြောလေသည်။

"ခင်ဗျားတို့ လာကြပြန်ပြီလား၊ အရင်တစ်ခေါက် လာတုန်းကလည်း ကျုပ်တို့ဘက်ကတောင်းတာ မပေးနိုင်လို့ ပြန်သွားကြရပြီ"

ထိုစကားကြောင့် ဦးဗန်ကောင်းက အေးအေးဆေးဆေး အမူအရာနှင့်ပင် ပြန်မေးလိုက်သည်။

"မင်းတို့ဘက်က မိန်းကလေးအတွက် ဘယ်လောက် တင်တောင်းစေချင်တာလဲ"

"တခြားလူတွေက ရွှေတစ်ပိဿာနဲ့ ထန်းတောတစ်တော တင်တောင်းမယ်လို့ ကမ်းလှမ်းထားတယ်"

"ထန်းတောတစ်တောရဲ့ တန်ဖိုးက ဘယ်လောက်များ ရှိပါသလဲ"

"အခုကာလ ပေါက်ဈေးနဲ့ တွက်ရင်တော့ ရွှေတစ်ပိဿာ တန်ဖိုးလောက် ရှိမှာပေါ့"

"ကောင်းပါပြီ ကျုပ်တို့ဘက်က ဒီလိုတင်တောင်းပေးမယ်ဆိုရင်ကော မိန်းကလေး မိဘရှင်တွေအနေနဲ့ လက်ခံပေးနိုင်ပါသလား"

"ဒါကတော့ရှင် ကျွန်မတို့ သမီးကလည်း မေတ္တာရှိတယ်၊ တင့်တောင့်တင့်တယ်လည်း တင်တောင်းပေးမယ်ဆိုရင်တော့ ကျွန်မတို့က မိဘတွေအနေနဲ့ လက်မခံနိုင်စရာ မရှိပါဘူး"

ဟု မိခင်ဖြစ်သူ ဒေါ်လှမေက ဝင်ပြောလေသည်။

"ကဲ လူကြီးမင်းများ ကြားတော်မူကြတဲ့ အတိုင်းပါပဲ၊ မိန်းကလေးဘက်က သူတို့လိုချင်တဲ့အတိုင်း ဖြစ်မယ်ဆိုရင်တော့ လက်ခံမယ်လို့ ပြောပါတယ်"

"ဒီတော့ ကပ္ပိယကြီးက ဘယ်လိုလုပ်မှာလဲ"

ရွာလူကြီးတစ်ယောက်က မေးသည်။

"ကျုပ်တို့ဘက်က တင်တောင်းပါ့မယ်"







www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး သူလွယ်လာသော လွယ်အိတ်အတွင်းမှ အဝတ်ဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကိုယူပြီး ဖျာပေါ်သို့ သွန်ချပေးလိုက်သည်။

"ချွင် . . ချွင် . . ချွင်"

ဟူသော မြည်သံနှင့်အတူ ရွှေဒင်္ဂါးများ ကျလာလေသည်။

ဝင်းလက်နေသော ရွှေဒင်္ဂါးများ မြင်သောအခါ အားလုံး တအံ့တသြ ဖြစ်သွားကြသည်။

နီမောင်ကိုယ်တိုင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားလေသည်။

"ဒီရွှေဒင်္ဂါးတွေက အခေါက်ရွှေ အစစ်ပါ၊ တစ်ပြားကို တစ်ကျပ်သား ရှိပါတယ်၊ အပြားတစ်ရာဆိုတော့ ရွှေသားအလေးချိန် တစ်ပိဿာ ရှိပါတယ်၊ ဒါက ယောက်ျားလေးဘက်က တင်တောင်းတဲ့ ပစ္စည်းပါ"

ဟု ပြောပြီး ဦးစံပေါ်တို့ဘက်သို့ တွန်းပို့ပေးလိုက်သည်။ ထွန်းခကိုယ်တိုင်လည်း ဝင်းလက်နေသော ရွှေဒင်္ဂါးများကို တွေ့ရသောကြောင့် မျက်လုံးပြူးနေသည်။

ဦးဇန်ကောင်းက လွယ်အိတ်ကြီး အတွင်းမှ နောက်ထပ် အထုပ်တစ်ထုပ်ယူပြီး ဖျာပေါ် သွန်ချလိုက်ပြန်သည်။

ရွှေဒင်္ဂါးတစ်ရာ ကျလာပြန်သည်။

"ဒါက ကြိုက်တဲ့ထန်းတော လယ်ယာမြေတွေ ဝယ်ဖို့အတွက် ရွှေဒင်္ဂါးတစ်ရာပါ"





ဦးဇန်ကောင် သွန်ချပေးသော ရွှေဒင်္ဂါးများမှာ ဖျာပေါ်တွင် အရောင်တစ်လက်လက် တောက်ပနေတော့သည်။

ဦးဇန်ကောင်းက လွယ်အိတ်ထဲမှ နောက်ထပ်အထုပ် တစ်ထုပ်ယူပြီး ဖျာပေါ်သို့ သွန်ချလိုက်ပြန်သည်။

ငွေဒင်္ဂါးများပင်ဖြစ်သည်။

"ဒါက မင်္ဂလာပွဲစားရိတ်အတွက် အသုံးပြုဖို့ ငွေဒင်္ဂါး အပြားတစ်ရာ ရှိပါတယ်၊ ဒီလို တင်တောင်းတဲ့အတွက် မိန်ကလေးမိဘတွေရဲ့ သဘောကို သိပါရစေ"

"အို ဘာများပြောစရာ ရှိသေးလဲရှင်၊ သမီးကလည်း မေတ္တာရှိနေ၊ အခုလို မိသားဖသားပီပီ တင့်တောင့်တင့်တယ် လာတောင်းရမ်းမှတော့ ကျွန်မတို့ဘက်က ငြင်းပယ်စရာအကြောင်း မရှိပါဘူး၊ သဘောတူ လက်ခံပါတယ်ရှင်၊ နေ့ကောင်းရက်သာ ရွေးချယ်ပြီးတော့သာ မင်္ဂလာပွဲကျင်းပဖို့ စီစဉ်ကြပါတော့"

ဟု ပြန်ပြောလေရာ နီမောင်နှင့် မြနှင်းဖြူတို့နှစ်ယောက်၏ စေ့စပ်ကြောင်းလမ်းခြင်း ကိစ္စမှာ အောင်မြင်ပြီးစီးသွားလေတော့သည်။

ထိုကဲ့သို့ ပြီးသောအခါမှ နီမောင်က ဦးဇန်ကောင်းတို့နှစ်ယောက်ချင်းတွေ့ပြီး တိုးတိုးတိတ်တိတ် မေးရလေတော့သည်။

"ကပ္ပိယကြီး ရွှေတွေ ငွေတွေ များလှချည်လား ဘယ်ကရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဘလုပ်ပေးသွားတာလေ၊ သူက မင်း စိတ်မချမ်းမသာ ဖြစ်နေတာကို မကြည့်ချင်လို့ အခုလို လုပ်ပေးတာပဲ"

"ဘယ်လိုလုပ်တာလဲဟင်"

"သူ့အတွက်ကတော့ကွာ ဘာခက်ခဲတာမှတ်လို့၊ နွံ့ရှိရင် ရွှေဖြစ်တာပဲ"

ဟု ပြောပြရာ နီမောင်လည်း ဆက်မမေးတော့၊ အဘဘိုးမင်းခေါင် ရှိသောနေရာသို့သွားပြီး ရိုသေစွာ ကန်တော့လိုက်လေသည်။

အဘက ပုတီးစိပ်နေရာမှ တစ်ချက်ကြည့်ပြီး . . .

"အဆင်ပြေသွားပြီ မဟုတ်လား၊ အခက်အခဲနဲ့တွေ့တိုင်း စိတ်ညစ်မနေနဲ့၊ အဆင်ပြေအောင် လုပ်တဲ့နည်းတွေ အများကြီးရှိတယ်၊ မင်းက အသက်အရွယ်ငယ်သေးတော့ လောကီတာဝန်တွေ ထမ်းဆောင်ရပေဦးမယ်၊ ဒါပေမယ့် ဘုရားတရားကို မမေ့နဲ့၊ ကိုယ်လုပ်နေကျ ကျင့်ကြံအားထုတ်တဲ့ အလုပ်တွေလည်း မပျက်စေနဲ့"

ဟု မှာကြားလေသည်။

နီမောင် မျက်စိထဲမှာတော့ မျက်ရည်ကြည်များ ရစ်ဝဲလျက် ရှိနေတော့သည်။ ဝမ်းသာ၍လား၊ ဝမ်းနည်း၍ မျက်ရည်ကျတာလားတော့ သူကိုယ်တိုင်ပင် မသိတော့ပေ။





# အခန်း(၁၅)

# စေတနာကံဆိုး အကျိုးပေးကြသူများ

ထိုကဲ့သို့ အဆင်ပြေသွားခြင်းသည် နီမောင်နှင့် မြနှင်းဖြူတို့အတွက် ပျော်ရွှင်ဖွယ်ရာဖြစ်သော်လည်း မြနှင်းဖြူကို မုချပိုင်ဆိုင်ရတော့မည်ဟု မျှော်လင့်ထားသော ဘထင်အတွက်ကတော့ ဒေါသဖြစ်စရာပင် ဖြစ်တော့သည်။

သို့သော်လည်း သူ တင်တောင်းနိုင်သော ရွှေငွေပမာဏထက်ပိုပြီး တောင်းနိုင်သူ ပေါ်လာသောကြောင့် မတတ်နိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။

ထို့ကြောင့် ထွန်းခထံမှာ ရစရာရှိသော ကြွေးများကို ပြန်တောင်းလေတော့သည်။

"ကဲ ထွန်းခ မင်းနှမလည်း တခြားသူနဲ့ ယူတော့မယ်၊ ငါ့ကို ပေးစရာရှိတဲ့ကြွေးတွေ ပြန်ဆပ်ဖို့သာ ပြင်ပေတော့"

"ငါလည်း ဘယ်တတ်နိုင်ပါ့မလဲကွာ၊ နီမောင်ကလည်း မင်းထက်ပိုပြီးတောင် တင်တောင်းနိုင်လေတော့ အမေတို့က လက်ခံလိုက်တာ ဖြစ်မှာပေါ့"

"ဒီတော့ မင်း ဘယ်လိုလုပ်မှာလဲ"

"မင်းဆီက ယူထားတဲ့ငွေတွေ ပြန်ပေးရမှာပေါ့ကွာ"

ဟု ပြောပြီး အသင့်ယူလာသော ငွေဒင်္ဂါးများကို ကြွေးဆပ်လေရာ ဘထင်ပင် အံ့သြသွားလေသည်။

"အေးပေါ့လေ၊ မင်းက သူဌေးယောက်ဖ ဖြစ်သွားမှတော့ ငါ့ကို ကြွေးဆပ်နိုင်ပြီပေါ့၊ ဒါပေမယ့် နီမောင်ဆိုတဲ့ကောင်ကိုတော့ ငါ မကျေနပ်ဘူး"

ဟု ပြောကာ မကြာခဏ ဆိုသလို နီမောင်ရှိသောနေရာ ရောက်လာပြီး ရန်စလေ့ရှိသည်။

သို့မဟုတ်လည်း အခြားသူများကို ပိုက်ဆံပေးပြီး ရန်ရှာခိုင်းလေ့ရှိသည်။

နီမောင်ကတော့ ထိုကဲ့သို့ ရန်ရှာလာခြင်းများကို ရှောင်ရှားလေ့ရှိသည်။

မြနှင်းဖြူကလည်း သတိပေးထားသည်။





"ကိုမောင် ကျွန်မတို့နှစ်ယောက် မင်္ဂလာဆောင်ခင်မှာ သတိဝီရိယနဲ့ နေပါနော်၊ ကိုဘထင်တို့တစ်တွေက ရန်ရှာမှာ စိုးလို့ပါ"

"စိတ်ချပါ မြလေးရယ်၊ သူတို့က ရန်မူလာရင်လည်း ကိုမောင်က မတွေ့အောင် ရှောင်သွားမှာပါ"

ထိုသို့ပြောသော်လည်း တစ်နေ့မှာတော့ မြနှင်းဖြူတို့ အိမ်ဘက်သို့ သွားစဉ်လမ်းမှာ အရက်မူးနေသော လူမိုက်တစ်စုနှင့်တွေ့ပြီး ဝိုင်းဝန်းရန်ရှာသဖြင့် ထွက်ပြေးရလေသည်။

သို့တိုင်အောင် လူမိုက်တစ်ယောက်က တုတ်ဖြင့်လှမ်းရိုက်ရာ မလွတ်မလပ်ဖြစ်သွားပြီး ပခုံးနှင့် ဦးခေါင်းမှာ ဒဏ်ရာရသွားလေသည်။

ထိုဒဏ်ရာဖြင့် ပြန်သွားသောအခါ အဘဘိုးမင်းခေါင်က မြင်သဖြင့် မေးသည်။

"ဘယ်လိုဖြစ်တာလဲ"

"ဟို . . ဟို"

နီမောင်က လိမ်ညာ၍လည်း မပြောချင်၊ အမှန်အတိုင်းလည်း မပြောသာသဖြင့် ထစ်နေသည်။

"လူမိုက်တွေ နှိပ်စက်လိုက်ပြန်ပလား၊ သူတို့အပေါ်မှာ မေတ္တာမပျက်နဲ့၊ သူ့စေတနာကံအတိုင်း သူ့ထံ ပြန်ရောက်သွားလိမ့်မယ်"

ဟု ပြောပြီး နီမောင့်ဦးခေါင်းမှ ဒဏ်ရာကို ကွမ်းတံတွေးဖြင့် ဆွတ်ပေးရာ ချက်ချင်းသွေးတိတ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ရွှေညောင်ပင်သို့ သူကြီးဦးဘိုးမှင် ရောက်လာပြီး နီမောင်ကို လာခေါ်လေသည်။

"သူ့ကို ဘာကြောင့် ဖမ်းမှာလဲ"

"ညက ရန်ဖြစ်ကြတော့ သူရိုက်လိုက်တာကြောင့် ရွာသားတစ်ယောက် ခေါင်းကွဲသွားတယ်၊ ဒါကြောင့် သူ့ကိုဖမ်းပြီး ဂါတ်ပို့ရမယ်"

ဟု ပြောပြီး ခေါ်သွားလေသည်။

သူ အိမ်သို့ရောက်သောအခါ ထိတ်တုံးခတ်ထားလေသည်။

ထမင်းလည်းမကျွေး ရေလည်းမတိုက်ပဲ ဒီအတိုင်း ထားလေသည်။

နောက်တစ်နေ့မှ ကျောက်ပန်းတောင်းဂါတ်သို့ ပို့ပေးရန် ဒီအတိုင်းထားခြင်း ဖြစ်သည်။

ညအချိန်ရောက်သောအခါ တော့စပ်မှ နွားသိုးနှစ်ကောင် ထွက်လာပြီး ရွာထဲသို့ ဝင်လာလေသည်။

ထိုနွားနှစ်ကောင်မှာ ရွာထဲမှာရှိသော နွားများထက် အရွယ်အစားရော အလုံးအထည်ပါ များစွာကြီးသောကြောင့် မြင်သူများက ကြောက်လန့်နေကြလေသည်။

ရှေ့မီနောက်မီ ရှေးလူကြီး အချို့ကတော့. . .

"ပုပ္ပါးတောင်က ကျောက်နွားသိုးနှစ်ကောင်တော့ ရွာထဲ ဝင်လာပြီး ဘယ်အိမ်ကလူတွေ မဟုတ်တာလုပ်ထားကြသလဲ မပြောတတ်ဘူး"





ဟု ပြောဆိုရေရွတ်နေကြလေသည်။

ရှေးအခါက ထိုနေရာတစ်ဝိုက်မှာရှိကြသော ရွာများမှ လူများ မဟုတ်မမှန်တာ ပြုလုပ်ခဲ့ပါက ညအချိန်တွင် တောထဲမှ နွားသိုးများရောက်လာပြီး ဖျက်ဆီးလေ့ရှိကြသည်။ အချို့က လည်း ထိုနွားများကို ကျောက်နွားသိုးများဟု ထင်ကြလေသည်။

ယခုလည်း တောထဲမှ ထွက်လာဟန်ရှိသော နွားသိုးကြီးနှစ်ကောင်မှာ ရွာထဲဝင်လာပြီးနောက် သူကြီးဦးဘိုးမှင်အိမ် ရှိရာဘက်သို့ သွားကြလေသည်။

အိမ်ရှေ့မှာတော့ နီမောင်ကို ထိတ်တုံးခတ်ထားပြီး အိမ်ပေါ်မှာတော့ အိမ်သူအိမ်သားများက အိပ်နေကြပြီ ဖြစ်၏။

ထိုအချိန်မှာပင် နွားသိုးနှစ်ကောင်ဝင်ရောက်လာပြီး တစ်အိမ်လုံးကို တိုးဝှေ့ဖျက်ဆီးလေရာ အားလုံးပြိုကျလေတော့သည်။

"ဟ. . လုပ်ကြပါဦး ဘယ်လိုဖြစ်တာလဲဟ"

"နွားကြီးနှစ်ကောင် ဝင်လာပြီး လိုက်ဝှေ့နေတာဗျ"

"မောင်းထုတ်လိုက်ကြလေကွာ"

"မောင်းလို့မရဘူး၊ လူတွေ့တာနဲ့ အတင်းဝင်လာပြီး လိုက်ဝှေ့နေတယ်"

ထိုသို့ ပြောနေစဉ်မှာပင် နွားသိုးနှစ်ကောင်က ရှိသမျှ အိမ်နှင့် အဆောက်အအုံများကို ပြိုကျအောင် လိုက်လံဝှေ့ကြ လေရာ အိမ်များသာမကပဲ စပါးနှင့်ပဲ အစရှိသော အသီးအနှံ သိုလှောင်သော အဆောက်အအုံများပါ ပြိုကျပျက်စီးကုန်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဦးဘိုးမှင်က ၎င်းမှာရှိသော နှစ်လုံးပြူးသေနတ်ဖြင့် ပစ်သော်လည်း ကျည်ဆံမထွက်သောကြောင့် ၎င်းပါ ထွက်ပြေးရလေသည်။

ထိုကဲ့သို့ ရုတ်ရုတ်သဲသဲ ဖြစ်နေသော အချိန်မှာပင် အဘဘိုးမင်းခေါင် ရောက်လာပြီး နီမောင်ကို ထိတ်တုံးမှဖြုတ်ပြီး လာခေါ်သွားလေတော့သည်။

ထိုကဲ့သို့ လာခေါ်သွားသည်ကိုတော့ ဘယ်သူမှ မမြင်လိုက် မသိလိုက်ကြပေ။

နောက်တစ်နေ့ နံနက်မှာတော့ နေစရာအိမ်လည်း မရှိတော့၊ အသီးအနှံ သိုလှောင်သော အဆောက်အအုံများလည်း ပြိုကျပျက်စီးနေသဖြင့် သစ်ပင်များအောက်မှာ စိတ်ပျက်လက်ပျက် ထိုင်နေကြသော ဦးဘိုးမှင်တို့ မိသားစုများကို မြင်တွေ့ကြရလေသည်။

သူကြီးမှာ သူ့ဒုက္ခနှင့်သူ ဖြစ်နေသောကြောင့် နီမောင် ဘယ်ရောက်သွားမှန်းပင် မသိပေ။

နောက်မှ လူတစ်ယောက်က လာပြောသည်။

“ညတုန်းက နီမောင်ကို တောင်ကလပ်မှာနေတဲ့ ဦးမင်းခေါင်ဆိုတဲ့လူကြီး လာခေါ်သွားတာ တွေ့လိုက်တယ်၊ သွားဖမ်းမလား သူကြီး”

“တော်ပါတော့ကွာ၊ ငါတောင် ဘယ်လိုနေရမယ်ဆိုတာ မသိသေးပါဘူး”





ဟု စိတ်ပျက်လက်ပျက် ပြန်ပြောလိုက်လေသည်။

တကယ်တော့ နီမောင်ကို ဖမ်းဆီးရသော တိစ္ဆာမှာ ဘထင် ပယောဂ မကင်းပေ။

ဘထင်က လာရောက်ခြေထိုးသဖြင့် ဖမ်းဆီးရခြင်း ဖြစ်သည်။

ယခုတော့ ဘိုးမင်းခေါင် ပြောလိုက်သကဲ့သို့ ကိုယ်ပြုသောကံ ကိုယ့်ထံပြန်၊ ဆိုသကဲ့သို့ ဖြစ်လာသောကြောင့် မတတ်နိုင်တော့ပါချေ။

တစ်ညတွင် ညဉ့်နက်ပိုင်းအချိန် ရောက်သောအခါ ဘထင် ပိုင်ဆိုင်သော ထန်းတောအတွင်းသို့ လူတစ်ယောက် ဝင်လာလေသည်။

၎င်းလက်ထဲမှာ ပေသားတုတ်တစ်ချောင်း ကိုင်လာပြီး ထန်းပင်မှန်သမျှ ပေသားတုတ်ဖြင့် ငါးချက်စီ လိုက်လံရိုက်နှက်လေသည်။

“မကောင်းမှုဒဏ် သွေးပွက်ပွက်အံစေ”

“မကောင်းမှုဒဏ် သွေးပွက်ပွက်အံစေ”

ဟုလည်း တိုးတိုးလေး ရေရွတ်နေသေးသည်။

ထန်းပင်အားလုံး ရိုက်ပြီးတော့မှ ထန်းတောအတွင်းမှ ပြန်ထွက်သွားလေတော့သည်။

နောက်တစ်နေ့တွင် ဘထင်ပိုင်သော ထန်းတောမှ ထန်းရည်အိုးများ ချသောအခါ အိုးထဲမှာရှိသော ထန်းရည်များမှာ အဖြူရောင်မဟုတ်တော့ဘဲ သွေးရောင်ကဲ့သို့ နီရဲနေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟင် ထန်းပင်ကထန်းတွေ ဘယ်လိုဖြစ်ပြီး နီရဲနေတာလဲ"

ထိုနေ့ကချသော ထန်းရည်များမှာ ဘယ်လိုမှ အသုံးပြု၍ မရသောကြောင့် သွန်ပစ်လိုက်ရလေသည်။

နောက်ပိုင်းမှာတော့ ထန်းရည်များသာ အနီရောင် ဖြစ်နေသည် မဟုတ်ပဲ ထန်းပင်များပင် ညှိုးခြောက်စ ပြုလာတော့သည်။

ဦးစံပေါ်ပိုင်သော ထန်းတောနှင့် ဘထင်ပိုင်သော ထန်းတောမှာ ကပ်လျက်သားရှိသည်။

ဟိုဘက်က ထန်းတောများ ဘာမှထူးထူးခြားခြား မဖြစ်ဘဲ သူ့ထန်းတောမှ ထန်းပင်များ တဖြည်းဖြည်း ပျက်စီးလာသည်ကို မြင်သောအခါ များစွာထိတ်လန့်တုန်လှုပ်မိလေသည်။

များမကြာမီမှာပင် ၎င်းထန်းတောမှာရှိသော ထန်းပင်များမှာ ညှိုးနွမ်းလာပြီး ထန်းရည်မထွက်တော့ပေ။

ဘထင်မှာ နောက်ဆုံး မတတ်သာတော့သဖြင့် ထန်းတောကို ရောင်းချရန် ပြင်ဆင်ရလေတော့သည်။

သို့သော်လည်း ထန်းနို့ရေမထွက်ပဲ သွေးကဲ့သို့ အရည်များ ထွက်သည့်အပြင် ထန်းပင်များကလည်း ညှိုးခြောက်စပြုနေပြီ ဖြစ်သောကြောင့် မည်သူကမှ မဝယ်ယူဝံ့ကြပေ။ တစ်နေ့တော့ ထိုထန်းတောသို့ ဦးဗန်ကောင်း ရောက်လာလေသည်။

"မင်း ထန်းတောကို ရောင်းမယ်သတင်းကြားလို့ လာ





မေးတာ၊ ထန်းပင်တွေကလည်း ညှိုးနေပါလား၊ ဒီအတိုင်းဆိုရင် မကြာခင် သေကုန်တော့မှာပဲ၊ မင်း ထန်းတောကို ဘယ်လောက်နဲ့ ရောင်းမှာလဲ"

ဘထင်ကလည်း ဆက်ထားလျှင် အားလုံးသေတော့မည့်အတူတူတော့ ဝယ်သူရှိတုန်း သင့်တော်သောဈေးဖြင့် ရောင်းချလိုက်လေသည်။

ဦးဗန်ကောင်းက ထိုထန်းတောကို ဝယ်ယူပြီးသောအခါ ဝါးရင်းတုတ်တစ်ချောင်းနှင့် ထန်းပင်မှန်သမျှ လေးချက်စီ လိုက်ရိုက်လေတော့သည်။

"မကောင်းဆိုးဝါးတွေ မှန်သမျှ ကိုယ့်နေရာကိုယ် ပြန်ကြဟ၊ ကိုယ့်နေရာကိုယ် ပြန်ကြဟ"

ထိုသို့ရေရွတ်ပြီး ဝါးရင်းတုတ်ဖြင့် လိုက်ရိုက်ပြီး နောက်တစ်နေ့မှာတော့ ထန်းပင်ပေါ်မှချသော ထန်းရည်များမှာ မူလအတိုင်း အဖြူရောင် ပြန်ဖြစ်သွားလေတော့သည်။

နောက်ထပ် ရက်အနည်းငယ် ကြာသောအခါမှာတော့ ညှိုးနွမ်းနေသော ထန်းပင်များမှာလည်း စိမ်းစိမ်းစိုစိုနှင့် ပြန်လည်လန်းဆန်းလာလေတော့သည်။

ထိုထန်းတောများကို ဝယ်ယူပြီးနောက်တွင် ထွန်းခကိုပင် ဦးစီးလုပ်ကိုင်စေရာ ထွန်းခလည်း ဝမ်းမြောက်ဝမ်းသာဖြင့် လုပ်လေတော့သည်။

နောက်ထပ် လအနည်းငယ် ကြာသောအခါမှာတော့ စေတနာထမင်းဆိုင်နေရာမှာ မင်္ဂလာပွဲတစ်ခု ကျင်းပသောတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

သတို့သားက နီမောင်ဖြစ်ပြီး သတို့သမီးက မြနှင်းဖြူတို့ပင် ဖြစ်ကြလေသည်။

နှစ်ဖက်မိဘများက တင့်တင့်တယ်တယ်နှင့် လက်ထပ်ပေးသော မင်္ဂလာပွဲ ဖြစ်သောကြောင့်လည်း များစွာစည်ကားလေတော့သည်။

ထိုနယ်တစ်ဝိုက်မှာတော့ ရွှေသုံးပိဿာ တင်တောင်းသော မင်္ဂလာပွဲဟူသောသတင်းက ဟိုးလေးတကျော် ဖြစ်ခဲ့လေသည်။

ထိုကဲ့သို့ မင်္ဂလာပွဲ ဖြစ်မြောက်သဖြင့် ပျော်ရွှင်နေကြသူများမှာ နီမောင်နှင့် မြနှင်းဖြူတို့ပင် ဖြစ်ပေတော့သည်။

"ကျွန်မရင်ထဲမှာ အခုမှပဲ အပူလုံးကျသွားတော့တယ် ကိုမောင်ရယ်၊ ကိုမောင်ရော ဝမ်းမသာဘူးလားဟင်"

"ဘယ်လိုမေးလိုက်တာလဲ မြလေးရယ်၊ ကိုယ်ချစ်တဲ့သူနဲ့ ဖူးစာဆုံရတာပဲ ဝမ်းမသာပဲ ရှိမလား၊ ကိုယ်လည်း မြလေးလိုပါပဲ၊ ကိုယ်တို့နှစ်ယောက် မဆုံစည်းရမှာကို သိပ်ပြီး စိုးရိမ်တာပဲ၊ အခုမှပဲ စိတ်အေးရတော့တယ်"

"ဒါထက် ကိုမောင်ကို ကျွန်မ မေးစရာ တစ်ခုရှိတယ်၊ မှန်မှန်ဖြေမှာလားဟင်"

"ဘာမေးမှာလဲ မေးလေ"

"ကျမကို တင်တောင်းတဲ့ ရွှေတွေငွေတွေကို ကိုမောင် ဘယ်လို ရှာဖွေလာတာလဲဟင်"





ထိုစကားကြောင့် နီမောင်က သက်ပြင်းတစ်ချက်ချလိုက် လေသည်။

"အမှန်အတိုင်း ပြောရရင်တော့ ဒီလောက်များတဲ့ ရွှေတွေငွေတွေ ကိုယ်တို့မှာ မရှိပါဘူး၊ အဘတို့ ရှာပေးတာပါ"

"ဟင်. . ကိုမောင် တကယ်ပြောတာလားဟင်"

အမှန်ပြောတာပါ၊ မြလေးနဲ့ အခုလိုနီးစပ်အောင် အဘဆောင်ရွက်ပေးခဲ့တာပါ"

"သိပ်ပြီးအံ့သြဖို့ ကောင်းတာပဲနော်၊ ကျွန်မကတော့ ကိုမောင်နဲ့ ဆုံဆည်းရတာကိုပဲ ကျေနပ်လှပါပြီ၊ ကျန်တာတွေတော့ ဘာမှမလိုချင်တော့ပါဘူး"

"ဒါပေမယ့် အဘတို့ကိုတော့ ကျေးဇူးတင်ရမှာပေါ့ကွယ်၊ ကိုယ်တို့နှစ်ယောက် အခုလို ဆုံဆည်းခွင့်ရတာ အဘတို့ အကူအညီပေးလို့ ရကြတာဆိုတော့ ဒီကျေးဇူးကိုတော့ တစ်သက်လုံး မမေ့တော့ပါဘူး"

"ကျွန်မလည်း ကိုအောင်လိုပါပဲ"

နှစ်ယောက်သား ပျော်ရွှင်စွာဖြင့် ပြောဆိုနေကြလေသည်။ သူတို့နှစ်ယောက်အတွက် အခက်အခဲ အတားအဆီးများ ကင်းစင်သွားသော ပန်းခင်းလမ်းကို လျှောက်ခွင့်ရပြီ ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

# မီးလောင်ပုံးမခစေသော ရွှေညောင်ပင်

နောက်ပိုင်းမှာလည်း အဘဘိုးမင်းခေါင်သည် ပုပ္ပါးမှာ နေသည်ဆိုသော်လည်း အခြားနေရာများသို့ ခရီးထွက်လေ့ရှိသည်။

တစ်ခါတစ်ရံလည်း တပည့်များ လိုက်သွားကြသည်။

တစ်ခါတစ်ရံလည်း ဘယ်သူမှ မသိလိုက်ပဲ တစ်ဦးတည်း ထွက်သွားလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယကမ္ဘာစစ်ပွဲများ နီးလာသောအချိန်ရောက်မှ ပုပ္ပါးတောင်သို့ ပြန်ရောက်လာကြသည်။

ထိုသို့ပြန်လာပြီးနောက် တောင်ခြေမှ ညောင်ပင်ကြီး ရှိရာသို့မသွားပဲ ရွှေဂူချောင်မှာ ဦးဗန်ကောင်းနှင့်အတူ လာနေသေးသည်။

"ကပ္ပိယကြီး ဖိုထိုးတာ အတော်ဝါသနာပါသလား"

"ဟုတ်တယ်အဘ ကျွန်တော် ငယ်ငယ်ကတည်းက ဒီအလုပ်ကိုပဲ လုပ်ခဲ့တာ"

"ဘယ်လောက်အထိ အခြေအနေ ရောက်နေပြီလဲ"

"မီးပူခံရတဲ့အဆင့် မကျော်သေးပါဘူး အဘရယ်၊ ဟိုတာလောက ရွှေတောင်ငွေတောင်ဘက်က ရွှံ့စေးတုံးတွေကို ရွှေဒင်္ဂါး ငွေဒင်္ဂါးတွေဖြစ်အောင် အဘလုပ်တာမြင်တော့ သိပ်ပြီးသဘောကျတာပဲ"

"ကောင်လေးက မိဘကျေးဇူးလည်းသိတယ်၊ စိတ်ထားလည်း ဖြူစင်တယ်၊ အခုလိုမှ ကျုပ်တို့က ဝတ်လုပ်မပေးရင် တစ်သက်လုံး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေမှာပေါ့"

"အခုတော့ သူတို့ ပျော်ရွှင်နေကြပါပြီ"

"ကျုပ်တို့တစ်တွေက ကိုယ့်အတွက်ထက် သူတစ်ပါးအတွက် ဘယ်လိုအကူအညီ ပေးရမလဲလို့ အမြဲကြည့်နေရတာဗျ ဒီလိုနဲ့ပဲ တဖြည်းဖြည်း ပါရမီ ဖြည့်ယူရတာပေါ့ဗျာ၊ ဒါထက် ကျုပ် ရွှေတွေငွေတွေဖြစ်အောင် လုပ်ပြတော့ ခင်ဗျားရော မလုပ်ချင်ဘူးလား"





"လုပ်ချင်တာပေါ့ အဘရာ၊ ဒီလိုသာဖြစ်ရင်တော့ သိပ်ကောင်းမှာပဲ"

ဟု စိတ်ထဲမှာ ရှိသည့်အတိုင်း ပြောလိုက်လေသည်။

"ဒါထက် ခင်ဗျားက ရွှေငွေလိုချင်လို့ ဖိုထိုးနေတာလား"

"ဒီလိုတော့ မဟုတ်ပါဘူး၊ အဘလို သူများတွေအတွက် အကူအညီပေးချင်လို့ပါ"

ထိုစကား ကြားသောအခါ အဘဘိုးမင်းခေါင်က ပြောပြသည်။

"ဒီလိုလုပ်ရပ်တွေဆိုတာ လုပ်ယူချင်တိုင်းလည်း မရဘူး အဲဒါဘာကြောင့်လဲ သိသလား၊ လုပ်နေတဲ့အချိန်မှာ လောဘစိတ်ကလေးက ကျန်တာတွေကို အတားအဆီး အနှောင့်အယှက်ပေးနေလို့ မရကြတာပဲ၊ အဲဒါကို အတော်များများက သတိမထားမိကြဘူး"

"မှန်ပါတယ် အဘ"

"စကတည်းက လိုချင်လို့ လုပ်တာဆိုတော့ ဘယ်ရပါတော့မလဲ၊ ဝိဇ္ဇာလမ်းစဉ်ဆိုတာ လိုချင်ပေမယ့်လည်း ရချင်မှရတယ်၊ မလိုချင်ပေမယ့်လည်း ယူရတာတွေ ရှိတယ်"

ထိုစကား ကြားသောအခါမှပင် အနည်းငယ် သဘောပေါက်သလို ဖြစ်လာလေတော့သည်။

"ခင်ဗျား ဖိုထိုးနေတဲ့ ရည်ရွယ်ချက်က ရွှေငွေလိုချင်လို့ ထိုးနေတာလား"

"ဒီလိုတော့ မဟုတ်ပါဘူး အဘ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အလုပ်ပဲလုပ်လုပ် ရည်ရွယ်ချက် ကြီးကြီးမားမား ထားရတယ်ဗျ၊ လောကမှာ အလျှော့အတင်းဆိုတာတွေရှိတယ်၊ ကိုယ်က ငါးမူးသား မှန်းပြီး လုပ်ပေမယ့် အနှောင့်အယှက်တွေ ပေါ်လာရင် တစ်မတ်သားတောင်မှ ရချင်မှရတာ"

"ဟုတ်ပါတယ် အဘ"

"ဒါကြောင့် ရည်ရွယ်ချက်ဆိုတာ များများမှန်းထားရ တယ်ဗျ၊ ခင်ဗျားက ငါးမူးသားလောက် လိုချင်ပေမယ့် တစ်ကျပ် သားလောက်မှန်းပြီး အလုပ်လုပ်ရတယ်၊ ဒီလိုကြိုးစားတဲ့အခါ တစ်ကျပ်သားမရရင်တောင် ငါးမူးသားတော့ ရမှာသေချာတယ်"

"ဟုတ်ကဲ့. ."

"ဝိဇ္ဇာလုပ်ငန်းတွေမှာလည်း ဒီလိုပဲ များများလုပ်မှ နည်း နည်းပဲ ရနိုင်တယ်၊ ဒီတော့ သိဒ္ဓိပေါက် လမ်းစဉ်တွေဆိုတော့ အမြင့်လမ်းစဉ်တွေပေါ့၊ ရွှေဖြစ်ငွေဖြစ် လမ်းစဉ်ဆိုတာကတော့ သာမန်အဆင့်ပဲရှိတယ်"

"မှန်ပါတယ် အဘ"

"ခင်ဗျားအနေနဲ့ သိဒ္ဓိပေါက်အောင် လုပ်နိုင်မယ်၊ ကြိုး စားမယ်ဆိုရင်တော့ ရွှေငွေတွေဆိုတာ လိုသလောက် ရနိုင် တယ်"

"ကျွန်တော် သဘောပေါက်ပါပြီ အဘ၊ နောက်မှာတော့ တခြားအလုပ်တွေကိုရပ်ပြီး သိဒ္ဓိပေါက် လမ်းစဉ်တွေကိုပဲ ကြိုး စားပါတော့မယ်"

ဟု ကတိပေးလိုက်ရာ အဘဘိုးမင်းခေါင်က ခေါင်း





ညိတ်ပြလေသည်။

ဦးဗန်ကောင်းအနေနှင့် အဘ၏ ဆုံးမစကားများကို နောက်ဆုံးကြားရခြင်း ဖြစ်သည်ကိုတော့ ထိုအချိန်က မသိခဲ့ရပါ ချေ။

အဘဘိုးမင်းခေါင်က ဘယ်လိုအကြောင်းကြောင့်မှန်း မသိရသော်လည်း ရွှေဂူချောင်တောရတွင် ဦးဗန်ကောင်းနှင့် ခုနစ်ရက်အထိ လာနေပေးရာ များစွာအကျိုးကျေးဇူး ရရှိလေ သည်။

ခုနစ်ရက်ပြည့်သောအခါမှ တောင်ကလပ်မှ မူလစခန်း ချနေကြသော ညောင်ပင်ကြီးအောက်သို့ ပြန်သွားလေတော့ သည်။

(ထို့နောက်မှာတော့ ညောင်ပင်ကြီး အနီးမှာပင် အမြဲ တစေ နေထိုင်သွားပြီး ထိုနေရာမှပင် ထွက်ရပ်လမ်း ပြန်သွားခဲ့ ပေသည်)

ထိုညောင်ပင်ကြီးမှာ အထိကရညောင်ပင်ကြီးဖြစ်ပြီး ဒေသခံများက ရွှေညောင်ပင်ဟုပင် ခေါ်ကြလေသည်။

အဘသည် ထိုနေရာသို့ ပြန်ရောက်လာပြီး နောက်ပိုင်း တွင် ညောင်ပင်ကြီးအနီးမှ ကွပ်ပျစ်ပေါ်မှာထိုင်ရင်း ထူးခြား သော စကားတစ်ခွန်းကို ပြောလေသည်။

"ရွှေညောင်ပင် မြားပစ်၊ ခါးထစ်ပြီး စောင့်မယ်ဟေ့"

ထိုသို့ပြောနေသော်လည်း မည်သို့သော အဓိပ္ပါယ်နှင့် ဖြင့် ပြောနေသည်ကို မသိကြရပေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း ထိုနေရာတစ်ဝိုက်သို့ ဗုံးကြဲခံကြရပေရာ လူများသေကျေပျက်စီးရုံမကပဲ နေအိမ်များ ကျောင်းအဆောက်အအုံများ၊ ပျက်စီးတော့မည့်ရက်ကို ကြိုတင်ပြောနေသည်ဟု ယူဆကြသည်။

အချို့ကလည်း ထွက်ရပ်ပေါက်လမ်းကို သွားရတော့မည့်ရက်ကို စကားအဓိပ္ပါယ်နှင့် ပြောသည်ဟု ထင်ကြလေသည်။

မည်သည့်ယူဆချက်က မှန်မည်ကိုတော့ ကျွန်တော်တို့အနေဖြင့် မဆုံးဖြတ်နိုင်ကြပါပေ။

အဘ ပုပ္ပါးတောင်ကလပ်မှာ ပြန်ရောက်နေပြီ သတင်းကြားတော့ ရာဇဝတ်ဝန်ထောက် ဦးမင်းဒင်ကိုယ်တိုင် ရောက်လာပြီး မှတ်တမ်းယူလေသည်။

ဒါပေမယ့် ထွေထွေထူးထူးတော့ မသိရပေ။

သို့ကြောင့် ဗြိတိသျှခေတ် မှတ်တမ်းများတွင် . . .

အမည် . . . . ဦးမင်းခေါင်

ဇာတိ . . . . . စင်မြင့်ရွာ

ဟုသာ မှတ်တမ်းတင်ထားခဲ့ကြလေသည်။

အဘ တောင်ကလပ်၌ ပြန်ရောက်သောအခါ ကျောက်ပန်းတောင်းမှ လူများလည်း ရောက်လာသည်။

အခြား ရပ်ဝေးရပ်နီးမှ တပည့်များလည်း ရောက်လာကြသည်။

ထိုသတင်းကြားတော့ စင်မြင့်ရွာမှာနေကြသော အဘ





နှင့် ဆွေမျိုးသားချင်းတော်သူများပါ လာကြလေသည်။

သူတို့မရောက်လာခင်မှာ အဘက သူ့လက်မောင်းကို ပုလင်းကွဲတစ်ခုဖြင့် ခြစ်လိုက်ရာ ဒဏ်ရာရပြီး သွေးများထွက်လာလေသည်။

ထိုကဲ့သို့ သွေးထွက်လာသောအခါမှ လက်ဝါးဖြင့် အုပ်လိုက်ရာ သွေးတိတ်သွားပြီး ဒဏ်ရာလည်း ပျောက်သွားသည်။ ထိုနေရာတွင် အမာရွတ်ဟောင်းတစ်ခုသာ ကျန်ခဲ့လေတော့သည်။

ထိုကဲ့သို့ ပြုလုပ်ပြီး မကြာမီ စင်မြင့်ရွာမှ လာကြသူများ ရောက်လာကြသည်။

အချို့ကလည်း မနီးမဝေးမှ သူတို့ရွာမှ ပျောက်သွားသော ဦးမင်းခေါင် ဟုတ်မဟုတ် တစေ့တစောင်းဖြင့် အကဲခတ်ကြည့်နေကြသည်။

ထိုအချိန်မှာ ရွာသူရွာသားများနှင့်အတူတူ ပါလာသော အဘွားကြီး တစ်ယောက်က အဘအနီးသို့ ကပ်လာပြီး လက်မောင်းကို လာကိုင်ကြည့်လေသည်။

လက်မောင်းတွင် ဒဏ်ကို မြင်သောအခါ အများကြားအောင် ဤသို့ ပြောလေတော့သည်။

"ဒါ ကျုပ်တို့ စင်မြင့်ရွာက ပျောက်သွားတဲ့ ဦးမင်းခေါင် အမှန်ပါပဲတော်၊ သူ့လက်မောင်းက ဒဏ်ရာဟောင်းက သူ ငယ်ငယ်က ပြောင်းဖူးရိုး ခြစ်မိခဲ့တဲ့ ဒဏ်ရာဟောင်းပါပဲ၊ သူဟာ ကျုပ်တို့ မောင်ပါပဲတော်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောရာ အဘက ဘာမှပြန်မပြောပဲ ပြုံးရုံသာ ပြုံးနေလေသည်။

ထိုအခါ စင်မြင့်ရှာမှ လာကြသူများက. . .

ဦးလေး၊ ဘထွေး၊ ဘကြီး၊ မောင်၊ တူသားနောင်မယ်တော်စုပ်သည်ဟု တစ်ယောက်တစ်မျိုး ဝိုင်းပြောကြလေတော့သည်။

ထိုအခါ အဘက စကားတစ်ခွန်း ပြောလေသည်။

"အားလုံးကတော့ ဘယ်သူနဲ့မဆို ဆွေမျိုးတော်စပ်ကြတာ ချည်းပါပဲ၊ ဒါပေမယ့် စကားကို အရမ်းမပြောကြနဲ့၊ မဟုတ်ရင် ငရဲကြီးလိမ့်မယ်"

ထိုစကား ကြားသောအခါမှ ဆွေမျိုးဟု ဝိုင်းဝန်းစွပ်စွဲနေကြသူများမှာ အရှိန်တုံ့သွားကြတော့သည်။

နောက်ပိုင်းမှာလည်း အဘသည် ရွှေညောင်ပင်ကြီးနားမှာသာနေပြီး အခြားဘယ်မှ မသွားတော့ပေ။

ထိုသို့ နေထိုင်ရင်း. . .

"ရွှေညောင်ပင် မြားပစ်၊ ဓားထစ်ပြီး စောင့်မယ်ဟေ့"

ဟု မကြာခဏ ရေရွတ်ပြောဆိုကာ ညောင်ပင်ကြီးအောက်က ကွပ်ပျစ်ပေါ်မှာ လှဲအိပ်နေလေ့ရှိသည်။

နောက်ပိုင်း တောင်ကလပ်မှ ရွှေညောင်ပင်ကြီးအောက်၌ အဘအမြဲရှိနေမှန်း သိသောအခါ ရပ်ဝေးရပ်နီးမှ တပည့်များပါ အတူတကွ လာရောက်နေထိုင်ကြရာ တဖြည်းဖြည်း များလာလေတော့သည်။





ညောင်ပင်ကြီးနှင့် အနီးတစ်ဝိုက်မှာပင် ဇရပ်လေးငါးလုံးအထိ တိုးပွားလာလေတော့သည်။

နောက်ပိုင်း အင်္ဂလိပ်များ ထွက်သွားပြီး ဂျပန်များဝင်ရောက်အုပ်စိုးသော အချိန်ကာလ (ဂျပန်ခေတ်)တစ်လျှောက်လုံး ထိုနေရာမှာပင် စွဲစွဲ နေထိုင်လေသည်။

ဂျပန်ခေတ်တွင် ဂျပန်များက အမျိုးမျိုး လာရောက်နှိပ်စက်လျှင်သော်လည်းကောင်း၊ အခြားလူဆိုးမိုးပြများက မကြာခဏ လာရောက်နှိပ်စက်လျှင်သော်လည်းကောင်း အခြားဘယ်နေရာမှမသွားပဲ ထိုညောင်ပင်ကြီးအောက်၌ပင် နေလေသည်။

ထိုကဲ့သို့ နှိပ်စက်ခံရသောအခါ တပည့်များက ညည်းညူကြလေသည်။

"မင်းတို့ ဘာမှ စိတ်မညစ်ကြနဲ့၊ ဝဋ်ကြွေးရှိရင်လည်း ခံရမှာပဲ၊ ကံကြွေးရှိရင်လည်း ခံကြရမှာပဲ၊ ဝဋ်ကြွေးရှိလို့ ခံရတယ်လို့သာ မှတ်ကြပေတော့ဟေ့"

ဟု ပြောလေသည်။

နောက်ပိုင်း အင်္ဂလိပ်များ တစ်ကျော့ပြန်ဝင်လာသောအခါ ပုပ္ပါးတောင်တစ်ဝိုက်တွင် ဂျပန်တပ်များ ခိုအောင်းနေသည်ထင်သဖြင့် အင်္ဂလိပ်တပ်က နေ့စဉ်မပြတ် မီးလောင်ဗုံးများ လာကြဲချသည်။

ထို့ကြောင့် တောင်ကလပ်ထိပ်နှင့် ထိုပတ်ဝန်းကျင်မှာရှိသော အဆောက်အအုံများ၊ ရွှေဂူချောင်တစ်ဝိုက်မှာရှိသော ကျောင်းများ၊ ဇရပ်များ၊ အဆောက်အဦးများ၊ မီးလောင်ပျက်စီး



www.burmeseclassic.com

www.burmeseclassic.com



ကြရလေသည်။

လူအချို့လည်း သေကျေပျက်စီးခဲ့ကြသည်။

ထိုကဲ့သို့ နေ့စဉ်မပြတ် လေယာဉ်ပျံများရောက်လာပြီး ဗုံးကြဲသည့်ဒဏ်ကြောင့် တောင်ကလပ်ပတ်ဝန်းကျင်တစ်ဝိုက်မှ အဆောက်အအုံများ ပျက်စီးကြရသော်လည်း အဘနေထိုင်သော ရွှေညောင်ပင်ကြီးတစ်ဝိုက်ကိုတော့ ဗုံးတစ်လုံးမှ မကျသဖြင့် အပျက်အစီး မရှိပေ။

သို့ကြောင့် နောက်ပိုင်းမှာတော့၊ လေယာဉ်ပျံများ လာသံကြားလျှင် ထိုနေရာတစ်ဝိုက်မှာ နေကြသူများမှာ အဘနေသော ရွှေညောင်ပင်ကြီးအောက်သို့ လာရောက်ပုန်းခိုကြလေသည်။

လူများသာမကပဲ ခွေးများပင် လေယာဉ်ပျံသံကြားလျှင် အဘထိုင်လေ့ရှိသော ကွပ်ပျစ်အောက်မှာ လာရောက်စုနေကြသည်။

ထိုကဲ့သို့ လေယာဉ်ပျံများ နေ့စဉ်လာရောက် ဗုံးကြဲကြသော်လည်း အဘကတော့ ကွပ်ပျစ်ပေါ်မှာ ထိုင်လျက်သားနှင့် လက်ဖက်ရည်ကြမ်း သောက်နေတတ်လေသည်။

လေယာဉ်ပျံများက သစ်ပင်ထိပ်ဖျားများလွတ်ရုံ နိမ့်နိမ့်လေး ပျံဝဲလာကြရာ အဘက မော့ကြည့်ပြီး. . .

“အလကား ငှက်ကျားတွေပါကွာ”

ဟု ရေရွတ်ပြောဆိုလေသည်။

သူ ပြောသည့်အတိုင်းပင် ထိုနေရာမှ ဖြတ်မောင်းသွားကြသော လေယာဉ်ပျံများမှာ အခြားနေရာများကိုသာ အန္တရာယ်ပေးနိုင်သော်လည်း ရွှေညောင်ပင်ကြီးအနီးကိုတော့ အန္တရာယ်မပေးနိုင်ကြပေ။





တစ်နေ့တော့ အပေါ်မှကြဲချသော မီးလောင်ဗုံးတစ်လုံးမှာ မပေါက်ကွဲသေးပဲ ထိုနေရာသို့ ရောက်လာလေသည်။

အဘက မြင်သောအခါ. . .

“ဒီထင်းတုံးကို တောင်အောက်ရောက်အောင်သာ တွန်းချပစ်လိုက်ကြပါကွယ်”

ဟု ပြောရာ တပည့်များလည်း ကြောက်ကြောက်လန့်လန့်နှင့် မပေါက်ကွဲသေးသော ဗုံးကိုယူပြီး တောင်အောက်သို့ ရောက်အောင် လှိမ့်ချလိုက်ကြလေသည်။

စစ်ပွဲကာလတစ်လျှောက်လုံး အခြားနေရာများမှာသာ ပျက်စီးသွားသော်လည်း အဘဘိုးမင်းခေါင်ရှိနေသော ရွှေညောင်ပင်ကြီး တစ်ဝိုက်မှာ ဘေးအန္တရာယ်မရှိပဲ အေးချမ်းစွာရှိနေခဲ့လေသည်။

နောက်ပိုင်းမှာလည်း အဘသည် ထိုတောင်ကလပ်တစ်ဝိုက်မှာပင် ဆက်လက်နေထိုင်ခဲ့ပေသည်။

ထိုသို့နေထိုင်ရင်းမှာပင် တောင်ခြေတစ်ဝိုက်မှာ နေထိုင်ကြသူများကို ကူညီစောင့်ရှောက်ပေးခဲ့လေသည်။

စစ်ဘေးစစ်ဒဏ်များ အနည်းငယ် အေးသွားသောအခါ တောင်ကလပ်မှာရှိသော အဘရှိရာသို့ ရပ်ဝေးမှ ဧည့်သည်များ ရောက်လာကြပြန်လေရာ ထိုတောင်ခြေတစ်ဝိုက်မှာ နေထိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



သူများက ဒိုင်ခံချက်ပြုတ် ကျွေးမွေးကြလေသည်။

တစ်နေ့တော့ ထိုကဲ့သို့ ချက်ပြုတ်ကျွေးမွေးနေသော အိမ်မှ ကလေးတစ်ယောက်မှာ အပူဝမ်းများ သွားနေပြီး ကိုယ်ပူကလည်း ပြင်းနေလေသည်။

ကလေးမှာ ဝမ်းများ အဆက်မပြတ်သွားနေရာ ပစ်ရတော့မည့် အနေအထား ရောက်နေလေပြီး

စစ်ဘေးစစ်ဒဏ်များ ခံနေရသောအချိန်မို့ ဆရာကလည်းမရှိ၊ ဆေးဝါးကလည်း မရှိသောကြောင့် အခက်ကြုံနေရလေသည်။

သို့ကြောင့် ဖခင်ဖြစ်သူက ကလေးကို ပွေ့ချီသွားပြီး အဘရှိသော ညောင်ပင်အောက်သို့ သွားလေသည်။

"အဘရယ် ကလေးအသက်ကို ကယ်ပေးပါဦးဗျာ"

ဟုပြောရာ ကလေးကိုယူပြီး ပတ်ထားသောစောင်ကို ခွာချလိုက်သည်။

ပြီးနောက် ကလေး၏စအိုထဲသို့ မြေမှုန့်များဖြင့် သိပ်ထည့်လိုက်ရာ ဝမ်းသွားနေခြင်း ရပ်သွားလေသည်။

အဘက ကလေးကို ပွေ့ချီထားပြီး ပုပ္ပါးတောင်ရဲ့ အနောက်မြောက် (ရာဟုထောင့်)ထောင့်ဘက်သို့လှည့်ပြီး အော်ပြောလိုက်သည်။

"ဒီနေရာမှာ ကလေးမသာ မရှိဘူးဟေ့"

ထိုကဲ့သို့ တစ်ခွန်းအော်လိုက်ရာ ဝမ်းသွားခြင်းလည်းရပ်၊ ကိုယ်ပူလည်း ကျသွားပြီး ကလေးမှာ နေကောင်းသွားလေတော့





သည်။

"ကလေးကို ငါနဲ့ပဲ ထားခဲ့ဦး"

"ဟင် ဘယ်သူထိန်းပေးမှာလဲ အဘ"

"သူ့ကိုထိန်းမယ့်သူ ရောက်လာလိမ့်မယ်"

ထိုသို့ပြောပြီးနောက် တောင်ပေါ်မှ မျောက်မကြီးတစ်ကောင် ဆင်းလာပြီး ကလေးကို အဖော်လုပ်ပြီး ထိန်းကျောင်းပေးတော့သည်။

ထိုကလေးအမည်မှာ မောင်စံဖေဆိုသူဖြစ်ပြီး အဘထွက်ရပ်လမ်း မြန်းခါနီးအချိန်တွင် ၎င်းအတွက် အလယ်မှ ထက်ခြမ်းကွဲနေသည့် လက်ဖက်ရည်ပန်းကန်ကို သွပ်ကြိုးဖြင့် ပြန်ဆွဲထားသော ပန်းကန်တစ်လုံးအပါအဝင် အခြား အမှတ်တရပစ္စည်း အတော်များများ ပေးထားခဲ့လေသည်။

အဘဘိုးမင်းခေါင်သည် တောင်ကလပ် အောက်ခြေ၌ရှိသော ရွှေညောင်ပင်ကြီးအောက်၌ (၁၄)နှစ်တိုင်အောင် နေထိုင်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၇)

# ရွှေညောင်ပင်မြှားပစ် ဓားထစ်လို့ စောင့်မည့်သူ

BURMESE CLASSIC .com

ဝိဇ္ဇာလောကတွင် ဘိုးမင်းခေါင်၊ အောင်မင်းခေါင်၊ အစရှိသော အမည်များဖြင့် ကျော်ကြားခဲ့သော အဘသည် (၁၃၀၀)ပြည့်နှစ်တွင် တောင်ကလပ်သို့ ရောက်လာခဲ့သည်။

အဘသည် (၁၂၄၂)ခုတွင် ဖွားမြင်သူဖြစ်သောကြောင့် (၁၃၀၀)ပြည့် တောင်ကလပ်သို့ ရောက်သောအချိန်မှာ အသက် (၅၈)နှစ်ပင်ရှိသေးသည်။

တောင်ကလပ်တွင် (၁၃၀၀)ပြည့်နောက်ပိုင်း စခဲ့ဘား

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



စစ်ဒဏ်များ ပြင်းထန်သော အချိန်ကာလတစ်လျှောက်လုံး (၁၄) နှစ်တိုင်အောင် တောင်ကလပ်မှာပင် အမြဲနေထိုင်သွားခဲ့လေသည်။

သူ ထွက်ရပ်လမ်း သွားခါနီးသောအခါ တပည့်များကို ထူးခြားသော စကားများဖြင့် မှာကြားလေသည်။

"အထက်ကိုချည်း သိပ်မျှော်မနေကြနဲ့၊ အောက်ဟာကိုလည်း လုံခြုံအောင်လုပ်ကြ"

"တောက်တဲ့လိုမအော်နဲ့၊ မသေရုံစား၊ မအားရုံပဲနေကြ၊ အဘ ခဏသွားဦးမယ်၊ တစ်နေ့တော့ ပြန်လာခဲ့ပါ့မယ်"

"တစ်ချိန်ကျရင် ပုပ္ပါးတောင်ကြီး တစ်ခုလုံးမှာ ထင်းရှားသွားလိမ့်မယ်၊ ငါ ပြန်မလာခင်မှ အတုအယောင်တွေအများကြီး အရင်ရောက်လာလိမ့်မယ်၊ သတိနဲ့ ဆင်ခြင်ကြ"

"ကုသိုလ်တရား များများမလုပ်နိုင်ကြရင်တောင်မှ . . ကိုယ်ကျင့်တရားကောင်းဖို့တော့ ကြိုးစားကြ၊ ကိုယ်ကျင့်တရားကောင်းရင် ဘာမဆို ဖြစ်နိုင်တယ်"

"သဲဖြူခြင်း ရာဇမတ်ကာပြီးတဲ့အချိန်ကျရင်၊ ငါ ပုပ္ပါးတောင်ကို ပြန်လာခဲ့မယ်၊ ရွှေညောင်ပင် မြားပစ် ခါးထစ်ပြီးသာ စောင့်ရစ်ကြပေတော့"

ဟု မှာကြားကာ ထွက်ရပ်လမ်း ကြွမြန်းသွားလေတော့သည်။

အဘ ထွက်ရပ်လမ်း မြန်းသော နေ့ရက်မှာ သက္ကရာဇ် (၁၃၁၄)ခုနှစ် တော်သလင်းလပြည့်ကျော်(၂)ရက် သောကြာနေ့





၁၉၅၂)ခု စက်တင်ဘာလ(၅)ပင်ဖြစ်သည်။

အသက်(၇၂)နှစ်အရွယ် ကိုးနဝင်းကြွေသောနှစ်တွင် ထွက်ရပ်လမ်းသို့ ကြွမြန်းသွားခြင်း ဖြစ်ပေသည်။

"ငါသေရင် ရေမမျော မီးမရှို့နဲ့၊ ခြေကြိုးလက်ကြိုးချည်မထားနဲ့၊ ဗိုက်မခွဲနဲ့၊ ခေါင်းထဲထည့်ပြီးရင် ပြန်မဖွင့်ကြနဲ့"

ဟုလည်း မှာထားခဲ့သေးသည်။

သို့ကြောင့် . . . ကွယ်လွန်သွားသောအခါ တပည့်များ ဖူးမြော်ကန်တော့ရန် ညောင်ပင်ကြီး ရှိရာမှာပင် ကိုးရက်ပြည့်အောင် ထားပေးသည်။

ဆေးအစီအရင်များ မလုပ်ကြပါပဲ ကိုးရက်ထားသည့်တိုင် ရုပ်ကလပ်က မပျက်စီးပဲ အိပ်ပျော်နေသကဲ့သို့ ရှိလေသည်။

အချို့က သေသည်မထင်သောကြောင့် ဒီအတိုင်းထားဖို့ရန် ပြောကြသေးသည်။

နောက်တော့ အများဆန္ဒအရ သံဖြူခေါင်းထဲသို့ အရင်ထည့်သည်။

ပြီးမှ ကျွန်းခေါင်းကြီးထဲသို့ထည့်ပြီး ပိတ်လိုက်ကြလေသည်။

ထိုသို့ပိတ်လိုက်ပြီးသည်နှင့် ခေါင်းအလေးချိန်မှာ လုံးဝမရှိတော့ပဲ ပေါ့ပေါ့ပါးပါးသာ ရှိနေသဖြင့် လက်တစ်ဖက်တည်းနှင့် မယူသွား၍ရလောက်အောင် ဖြစ်နေလေရာ အချို့က ခေါင်းကို ပြန်ဖွင့်ကြည့်ရန် ကြံစည်ကြလေသည်။

"ခေါင်းက ပေါ့ပေါ့လေးပဲ ကျန်တော့တယ်၊ အဲထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အဘာ မရှိတော့ဘူး၊ ပြန်ဖွင့်ကြည့်ကြမယ်"

"အဘာမှာသွားတဲ့ စကားတွေထဲမှာ ခေါင်းပိတ်ပြီးရင် ပြန်ဖွင့်မကြည့်ကြနဲ့လို့ မှာထားတာရှိတယ်၊ မဖွင့်ကြနဲ့"

ဟု တပည့်ကြီးများနှင့် ရဟန်းများက တားဆီးတော့မှ မဖွင့်ကြပဲ နေကြလေသည်။

နောက်တော့ ခေါင်းတလားကို ကျောက်ဂူအတွင်းသို့ ထည့်ကာ ကျောက်ဂူပေါက်ဝကိုပါ ပိတ်ပစ်လိုက်ကြလေသည်။

အဘာကွယ်လွန်သွားပြီးနောက်မှာ ၎င်းအသုံးအဆောင် ပစ္စည်းအချို့ကိုတော့ တပည့်များက ရကြလေသည်။

မောင်းတစ်လုံး ကြေးစည်၊ အိပ်ရာခင်းစောင်၊ ဘန်ကောက်လုံခြည်တစ်ထည်၊ တိုက်ပုံအင်္ကျီတစ်ထည်၊ ဆွမ်းစားပန်းကန်ပြား၊ ငွေဖြင့်ပြုလုပ်ထားသော ဆင်ရုပ်တစ်ရုပ်၊ သံဖြင့်ပြုလုပ်ထားသော မျက်နှာသစ်သောခွက်၊ ကြေးပန်းအိုးနှစ်လုံး၊ ရှင်ဥပဂုတ္တပုံတော်ရုပ်တု၊ ညာဘက်သွားတစ်ချောင်း၊ ခေါင်းလောင်းတစ်လုံးနှင့် ဖြတ်ထားသော ဆံပင်အချို့တို့ပင် ဖြစ်ကြလေသည်။

ထိုပစ္စည်းများကိုတော့ အဘာကို အနီးကပ် ပြုစုပေးခဲ့ကြသော တပည့်ရင်းအချို့ ရကြလေသည်။

ခေါင်းလောင်းရသူတစ်ဦးကို အိပ်မက်ပေးဖူးလေသည်။

"ခေါင်းလောင်းကို ဘယ်တော့မှ မတီးနဲ့၊ ငါပြန်လာရင် သူ့အလိုလို အသံမြည်လာလိမ့်မယ်"

ဟု မှာသဖြင့် ဒီအတိုင်း သိမ်းထားရလေသည်။





'ရွှေညောင်ပင်မြားပစ်၊ မားထစ်ပြီး စောင့်နေကြ'

ဟု မှာထားခဲ့သောကြောင့် အဘာနေသွားခဲ့သော ရွှေညောင်ပင်ကြီးမှ စောင့်သူစောင့်ကြသည်။

ပုပ္ပါးတောင်ကလပ်မှ အဓိဋ္ဌာန်ဝင်ရင်း စောင့်သူစောင့်ကြလေသည်။

အားလုံးစိတ်ထဲမှာတော့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ တစ်နေရာမှ အဘာဘိုးမင်းခေါင် ပြန်လာလိမ့်မည်ဟု အားလုံးက မျှော်လင့်လျက် ရှိနေလေတော့သည်။

အဘာနေသွားခဲ့သော ရွှေညောင်ပင်ကြီးနှင့် အဘာရုပ်ကလပ်မြှုပ်ထားသော ကျောက်ဂူနေရာသို့ လစဉ်တိုင်းလိုလိုပင် ဇနီးမောင်နှံနှစ်ဦးတို့ ရောက်လာကာ ပူဇော်ကန်တော့လေ့ ရှိကြသည်။

အခြားသူတော့ မဟုတ်ပေ။

နီမောင်နှင့် မြနှင်းဖြူတို့ ဇနီးမောင်နှံတို့ပင် ဖြစ်ကြလေသည်။

အဘာဘိုးမင်းခေါင်သည် သူတို့နှစ်ယောက် ဘဝအတွက် ကျေးဇူးရှင်လည်း ဟုတ်သလို ကယ်တင်ရှင်လည်း ဖြစ်ပေသည်။

လောကီကိစ္စများနှင့် မပတ်သက်ချင်သောကြောင့် ဝေးဝေးနေခဲ့သော အဘာဘိုးမင်းခေါင်သည် သူတို့နှစ်ယောက်ကို ဝင်ရောက် အကူအညီ ပေးသွားခဲ့သည်။

အကယ်၍သာ အဘာသာ ဝင်ရောက်မကူညီခဲ့လျှင် သူတို့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦး ယခုကဲ့သို့ ပျော်ပျော်ရွှင်ရွှင် နေခွင့်ရမည် မဟုတ်ကြပေ။

နီမောင်နှင့် မြနှင်းဖြူတို့မှာ လက်ထပ်ပြီးနောက် မြနှင်းဖြူကို ကြောင်လှျာတောရွာသို့ ခေါ်သွားလေသည်။ နီမောင်မိဘများကလည်း သမီးမိန်းကလေး မရှိသောကြောင့် သမီးအရင်းလို ချစ်ကြလေသည်။

မြနှင်းဖြူ မရှိတော့သည့် နောက်ပိုင်းတွင် စေတနာထမင်းဆိုင်ကို မြနှင်းဖြူ၏ မောင်အငယ် မောင်လှကပင် ဆက်လက်လုပ်ကိုင်လေသည်။

ထွန်းခတို့ လင်မယားကတော့ ထန်းတောများ အမွေရသဖြင့် ထန်းတောထဲမှာပင် ပျော်ရွှင်စွာ သွားရောက်နေထိုင်ကြတော့သည်။

နီမောင်နှင့် မြနှင်းဖြူတို့ကတော့ ကြောင်လှျာတောမှာနေသော်လည်း တစ်လတစ်ခေါက်တော့ ပုပ္ပါးတောင်ကလပ်သို့လာပြီး အဘ၏ ရုပ်ကလပ်ထားသော ကျောက်ဂူကို ကန်တော့ကြသည်။

"ကိုယ့်ဘဝအတွက်တော့ အဘဟာ တကယ်ကို ကျေးဇူးရှင် တစ်ဦးပါပဲ၊ အဘ အကူအညီပေးခဲ့လို့သာ မြလေးနဲ့အခုလို အတူတူ နေခွင့်ရခဲ့ကြတာပဲ"

"ကျွန်မလည်း စိတ်ထဲက ကျေးဇူးတင်မိပါတယ်၊ ဘာပဲဖြစ်ဖြစ် ကိုမောင်နဲ့ နီးစပ်အောင် အကူအညီပေးခဲ့တာ တစ်ခုနဲ့တင် မိဘတစ်ဦးလို ကျေးဇူးဆပ်ကြရမှာပါ"

"အဘကို ကျေးဇူးဆပ်ချင်ရင်တော့ အဘမှာထားခဲ့တဲ့





စကားအတိုင်း သီလကို လုံခြုံအောင်လုပ်ပြီး ကိုယ်ကျင့်တရားကောင်းအောင် ကြိုးစားရမှာပေါ့ကွယ်၊ ကျေးဇူးရှင် အဘတစ်ယောက် မဂ်ဖိုနိဗ္ဗာန်လမ်းကို အရောက်လှမ်းနိုင်ပါစေ"

ဟု ဆုတောင်းမေတ္တာ ပို့လိုက်ကြလေတော့သည်။

ပုပ္ပါးတောင်ကလပ်မှာတော့ အဘမှာခဲ့သော စကားအတိုင်း. . .

"ရွှေညောင်ပင်မြားပစ်၊ ဓားထစ်စောင့်"နေကြသူများအတွက်ကတော့ မျှော်လင့်ချက်များစွာဖြင့် စောင့်မျှော်နေကြဆဲပင် ရှိနေကြလေသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (သုံးခါသေ သုံးခါထွက်မည့်သူ)အမည်ရှိ ဂန္ထဝင်ရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိယာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု,

စာပြီးချိန်။ ။(၂၀၁၂)ခုနှစ်၊ဇူလိုင်လ(၉)ရက်၊တနင်္လာနေ့၊နံနက်(၁၀)နာရီ။



www.burmeseclassic.com